www.burmeseclassic.com

# မင်းမြတ်သူရ

နှစ်လင်ပြိုင်



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

မင်းမြတ်သူရ

နှစ်လင်ပြိုင်

၂၀၁၃ ခုနှစ်၊ ဇူလိုင် ပထမအကြိမ်

တန်ဖိုး

၁၀၀၀ ကျပ်

အုပ်ရေ

၅၀၀

ထုတ်ဝေသူ

ဦးကျော်လှိုင် (၀၃၈၈၇)စေတနာစာပေ

အမှတ်(၅၉)၊၁၉-လမ်း၊လသာမြို့နယ်။

ပုံနှိပ်သူ

ဦးကျော်လှိုင်(၅၅၇၃)စေတနာ Offset

အမှတ်(၉၆)၊ ပဒုမ္မာလမ်း၊ ရဲရိပ်သာဝင်း၊ ဒဂုံမြို့နယ်။

၈၉၅. ၈၃
မင်းမြတ်သူရ
နှစ်လင်ပြိုင်၊ မင်းမြတ်သူရ (ရန်ကုန်)
စေတနာစာပေ၊ ၂၀၁၃
၂၄၀-စာ၊ ၅ x ၇
(၁) နှစ်လင်ပြိုင်

BURMESE CLASSIC .com

# မင်းမြတ်သူရ

# နှစ်လင်ပြိုင်

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

မြစ်ဝကျွန်းပေါ်မြို့တစ်မြို့၌ မောင်သာဒွန်းဆိုသော လူငယ်လေးတစ်ယောက်သည် လွှစင်၌ လွှဆွဲပြီး မိခင်မုဆိုးမကြီးကို လုပ်ကိုင်ကျွေးမွေးလေ၏။

မောင်သာဒွန်း၏မိခင် မုဆိုးမကြီး ဒေါ်ညွာသည် ညနေစောင်းအချိန်၌ မြို့ထဲတွင်လှည့်လည်ပြီး ကောက်ညှင်းပေါင်းရောင်းလေ၏။

စောတနာတာပေ

www.burmeseclassic.com

www.burmeseclassic.com



မောင်သာဒွန်းသည် ဘဝတူလူငယ်လေးများကဲ့သို့ အပျော်အပါး ဝါသနာထုံသူမဟုတ်ဘဲ မိမိဘဝတိုးတက်ရေးကို ရှာကြံနေသူဖြစ်၏။

သူသည် လွှစင်၌ လွှဆွဲရင်း မြို့ပြင်ဆန်စက်ရှိ စက်ဆရာ ကိုတိုးကို ဝတ်ကြီးဝတ်ငယ်ပြုစုကာ တည့်အောင် ပေါင်းပြီး စက်ပညာကို သင်ယူလေ၏။

စက်ဆရာကိုတိုးသည် စိတ်ကောင်းရှိသူဖြစ်သဖြင့် စက်ပညာကိုသာမက ပညာဗဟုသုတတိုးစေရန် စာဖတ်သောခလေ့ကို ပျိုးထောင်ပေးခဲ့၏။

ထို့ကြောင့် မောင်သာဒွန်းသည် အားလပ်ချိန်များ၌ စာအုပ်များ ဖတ်ရှုပြီး အချိန်ကုန်လွန်ခဲ့၏။ သူသည် စာအုပ်ဖတ်ရင်း ပညာဗဟုသုတ တိုးပွားခြင်းကို အလွန်သဘောကျလေ၏။

မောင်သာဒွန်းသည် စာဖတ်ခြင်းနှင့်သာ အချိန်ကုန်လွန်





သဖြင့် လွှစင်ရှိ ဘဝတူလူငယ်လေးများကဲ့သို့ ဖဲဝိုင်း၊ ကြက်ဝိုင်းများ၌ ပျော်မွေ့ခြင်းမရှိချေ။

တစ်နေ့တွင် စက်ဆရာကိုတိုးက သူ၏ဆန်စက်၌ လက်ထောက်စက်ဆရာအလုပ်ကို လုပ်ကိုင်ရန် ခေါ်ယူသဖြင့် လွှစင်မှထွက်ပြီး စက်ဆရာအလုပ်ကို ပြောင်းလဲလုပ်ကိုင်လေ၏။

မောင်သာဒွန်းသည် စက်ဆရာအလုပ်ရသဖြင့် လခတိုးသည့်အပြင် ဆန်စက်ရှိ ကိုတိုးပိုင်စာအုပ်များကို ဖတ်ရှုခွင့်ရသဖြင့် လွန်စွာ သဘောကျလေ၏။

မောင်သာဒွန်းသည် စာအုပ်ကောင်းများကို ရှာဖွေဖတ်ရှုပြီး တစ်နှစ်ခန့်အကြာတွင် သူ၏အတွေးအခေါ်များ အတော်အတန်ရင့်သန်လာလေ၏။

ထိုအခါ ဆင်းရဲနွမ်းပါးသောဘဝမှ ကြွယ်ဝချမ်းသာသောဘဝကို တက်လှမ်းလိုစိတ်များ ဖြစ်ပေါ်လာ၏။ သို့သော် မိမိယခုလုပ်ကိုင်နေသော စက်ဆရာဘဝမှ ကြွယ်ဝချမ်းသာ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



မောင်သာဒွန်းသည် ဘဝတူလူငယ်လေးများကဲ့သို့ အပျော်အပါး ဝါသနာထုံသူမဟုတ်ဘဲ မိမိဘဝတိုးတက်ရေးကို ရှာကြံနေသူဖြစ်၏။

သူသည် လွှစင်၌ လွှဆွဲရင်း မြို့ပြင်ဆန်စက်ရှိ စက်ဆရာ ကိုတိုးကို ဝတ်ကြီးဝတ်ငယ်ပြုစုကာ တည့်အောင် ပေါင်းပြီး စက်ပညာကို သင်ယူလေ၏။

စက်ဆရာကိုတိုးသည် စိတ်ကောင်းရှိသူဖြစ်သဖြင့် စက်ပညာကိုသာမက ပညာဗဟုသုတတိုးစေရန် စာဖတ်သောမလေ့ကို ပျိုးထောင်ပေးခဲ့၏။

ထို့ကြောင့် မောင်သာဒွန်းသည် အားလပ်ချိန်များ၌ စာအုပ်များ ဖတ်ရှုပြီး အချိန်ကုန်လွန်ခဲ့၏။ သူသည် စာအုပ်ဖတ်ရင်း ပညာဗဟုသုတ တိုးပွားခြင်းကို အလွန်သဘောကျလေ၏။

မောင်သာဒွန်းသည် စာဖတ်ခြင်းနှင့်သာ အချိန်ကုန်လွန်





သဖြင့် လွှစင်ရှိ ဘဝတူလူငယ်လေးများကဲ့သို့ ဖဲဝိုင်း၊ ကြက်ဝိုင်းများ၌ ပျော်မွေ့ခြင်းမရှိချေ။

တစ်နေ့တွင် စက်ဆရာကိုတိုးက သူ၏ဆန်စက်၌ လက်ထောက်စက်ဆရာအလုပ်ကို လုပ်ကိုင်ရန် ခေါ်ယူသဖြင့် လွှစင်မှထွက်ပြီး စက်ဆရာအလုပ်ကို ပြောင်းလဲလုပ်ကိုင်လေ၏။

မောင်သာဒွန်းသည် စက်ဆရာအလုပ်ရသဖြင့် လခတိုးသည့်အပြင် ဆန်စက်ရှိ ကိုတိုးပိုင်စာအုပ်များကို ဖတ်ရှုခွင့်ရသဖြင့် လွန်စွာ သဘောကျလေ၏။

မောင်သာဒွန်းသည် စာအုပ်ကောင်းများကို ရှာဖွေဖတ်ရှုပြီး တစ်နှစ်ခန့်အကြာတွင် သူ၏အတွေးအခေါ်များ အတော်အတန်ရင့်သန်လာလေ၏။

ထိုအခါ ဆင်းရဲနွမ်းပါးသောဘဝမှ ကြွယ်ဝချမ်းသာသောဘဝကို တက်လှမ်းလိုစိတ်များ ဖြစ်ပေါ်လာ၏။ သို့သော် မိမိယခုလုပ်ကိုင်နေသော စက်ဆရာဘဝမှ ကြွယ်ဝချမ်းသာ



www.burmeseclassic.com

www.burmeseclassic.com



သောဘာဝသို့ မရောက်နိုင်ကြောင်း ရိပ်စားမိလာ၏။

တစ်နေ့တွင် သူ၏ဆရာကိုတိုးအား စက်ဆရာဘဝ၌ ကြီးပွားချမ်းသာရန် လမ်းမရှိကြောင်း ပြောဆိုလေရာ ကိုတိုးက

" မှန်တာပေါ့ သာဒွန်းရယ်၊ စက်ဆရာဘဝဆိုတာ ရရစားစားပါပဲ၊ ကြီးပွားချမ်းသာချင်ရင် ကုန်သည်အလုပ်ကို လုပ်မှဖြစ်မယ်၊ ဒါနဲ့နေပါဦး၊ မင်းက ဘယ်လောက်တောင် ကြွယ်ဝချမ်းသာချင်လို့လဲ "

ဟု မေးမြန်းလေရာ မောင်သာဒွန်းက ရှက်ပြုံးပြုံး၍

" ဟောဒီဆန်စက်ကြီးကို ပိုင်ဆိုင်တဲ့အထိ ကြွယ်ဝချမ်းသာချင်တယ်၊ ကျွန်တော့်စကားက စိတ်ကူးယဉ်သလိုများ ဖြစ်နေပြီလားဗျာ "

ဟု မေးမြန်းလေ၏။ စက်ဆရာကိုတိုးက ခေါင်းခါယမ်း၍

" ကြိုးစားရင် ဘာမဆိုဖြစ်နိုင်တာပဲကွာ၊ မင်းဘက်က





အစဉ်မပြတ် ကြိုးစားနေဖို့ပဲ လိုတယ်၊ ရပ်လိုက်လို့မဖြစ်ဘူး၊ နောက်ဆုံးတော့ မင်းရည်မှန်းချက်တွေ ပြည့်စုံမှာပါ "

ဟု အားပေးစကား ပြောလေ၏။

မောင်သာဒွန်းသည် စက်ဆရာကိုတိုး၏အားပေးမှုကြောင့် စိတ်ဓာတ်များတက်ကြွလာပြီးကြွယ်ဝချမ်းသာမည့်နည်းလမ်းကို အစဉ်မပြတ် ရှာဖွေနေလေ၏။

တစ်နေ့တွင် မောင်သာဒွန်းသည် ဆန်စက်မှပြန်လာပြီး အိပ်ရာထဲ၌လဲလျောင်းနေသော မိခင်ကြီးကိုကြည့်၍ အံ့သြသွားပြီး

" ဟင်… အမေ အိပ်ရာထဲလှဲနေတယ်၊ ဒီနေ့ကောက်ညှင်းပေါင်း မရောင်းဘူးလား "

ဟု မေးမြန်းလေ၏။ ထိုအခါ ဒေါ်ညာက လေသံတိုးတိုးဖြင့်

" အမေ ဒီနေ့ နေမကောင်းချင်သလိုဖြစ်နေလို့ ဈေး



www.burmeseclassic.com

www.burmeseclassic.com



ရောင်းမထွက်တာပါ လှူလေးရယ်၊ အမေ့ရဲ့ကောက်ညှင်းပေါင်းတွေတော့ ဒီနေ့ ပျက်စီးပါပြီ ”

ဟု ညည်းညူလေ၏။

မောင်သာဒွန်းသည် မိခင်၏ကောက်ညှင်းပေါင်းတောင်းကို ကြည့်လိုက်ရာ ဈေးရောင်းရန် အဆင်သင့်ဖြစ်နေကြောင်း တွေ့ရ၏။

မောင်သာဒွန်းသည် မိခင်ကြီးကို တတ်သလောက် မှတ်သလောက်ပြုစုပြီးနောက် အိပ်ရာထဲ၌ အနားယူစေ၏။

ခဏကြာလျှင် မိခင်ကြီးအိပ်မောကျသွားသောအခါ ကောက်ညှင်းပေါင်းတောင်းကိုထမ်း၍ တဲအိမ်ကလေးမှ ထွက်ခဲ့လေ၏။

မိခင်ကြီး၏ကောက်ညှင်းပေါင်းများ မပျက်ဆီးစေရန် မြို့ထဲတွင် လှည့်၍ရောင်းချရန် ကြံစည်ခဲ့ခြင်း ဖြစ်၏။

မောင်သာဒွန်းသည် လူငယ်တစ်ဦးဖြစ်သော်လည်း





ကောက်ညှင်းပေါင်းကိုထမ်း၍ မြို့ထဲတွင် မရှက်မကြောက်ဘဲ လှည့်လည် ရောင်းချလေ၏။

မကြာမီ ကောက်ညှင်းပေါင်းတောင်းတစ်ခုလုံး ကုန်သွားလေ၏။ မောင်သာဒွန်းသည် ကောက်ညှင်းပေါင်းရောင်းရသော ငွေအကြွေစလေးများကိုကြည့်၍

“ ငါ့ရဲ့ကြိုးပမ်းမှုကြောင့် ကောက်ညှင်းပေါင်းတွေ မဆုံးရှုံးတော့ဘူး၊ ကောက်ညှင်းပေါင်းရောင်းရငွေတွေဟာ ဆုံးရှုံးမယ်လို့ ယူဆထားပြီးမှရတဲ့ငွေတွေပဲ၊ ဒီငွေထဲက တစ်ဝက်ကို ဘုရားလှူပြီးတော့ ကျန်တဲ့ပိုက်ဆံကို ငါ့အတွက် အကျိုးရှိတဲ့နေရာမှ အသုံးချမယ် ”

ဟု ဆိုကာ ကောက်ညှင်းပေါင်းရောင်းရငွေ၏တစ်ဝက်ကို ဘုရား၌သွားပြီးလှူဒါန်းလေ၏။ ကျန်ငွေများကို အသုံးချရန် စိတ်ကူးမပေါက်သဖြင့် တစ်ကိုယ်တည်း မြို့ထဲတွင် လှည့်လည်နေလေ၏။

www.burmeseclassic.com



ထိုသို့လှည့်လည်ရင်း မြို့လယ်ဈေးရှေ့သို့ရောက်သော အခါ စိန်လယ်ဂျာထီရောင်းသောတရုတ်၏အိမ်ကို တွေ့ရ၏။

မောင်သာဒွန်းသည် မိမိ၏ ကောက်ညှင်းပေါင်းရောင်း ရငွေများကို စိန်လယ်ဂျာထီလက်မှတ်ဝယ်ရန် ဆုံးဖြတ်လိုက်ပြီး တရုတ်များထံသို့သွားကာ စိန်လယ်ဂျာလက်မှတ်တစ်စောင်ကို ဝယ်လေ၏။

*မှတ်ချက်။ ထိုခေတ်က စိန်လယ်ဂျာထီသည် ယနေ့ခေတ် သိန်းထီဖွင့်ပုံနှင့် ကွာခြားပါသည်။ စိန်လယ်ဂျာ ထီ၏ ပေါက်ဂဏန်းများကို မဲချ၍ ရွေးချယ်လိုက် ပြီး ထိုပေါက်ဂဏန်းများကို ပထမ၊ ဒုတိယ၊ တတိယမှစ၍ စိန်လယ်ဂျာမြင်းပြိုင်ပွဲဝင်မည့် မြင်း များကို ထပ်မံမဲချ၍ ရွေးချယ်လိုက်ပါသည်။ မြင်း ပြိုင်ပွဲ၌ ပထမ၊ ဒုတိယ၊ တတိယ ရမည့် မြင်း သည် စိန်လယ်ဂျာထီ ပထမ၊ ဒုတိယ၊ တတိယ*





*ရရှိပါသည်။*

မောင်သာဒွန်း၏ကံသည် ထူးခြားလှသည်ဟု ဆိုနိုင် ပါသည်။

မောင်သာဒွန်း တစ်စောင်တည်းသာ ဝယ်ယူခဲ့သော စိန် လယ်ဂျာထီလက်မှတ်သည် ပထမဆုကို ဆွတ်ခူးပြီး ဆုငွေ တစ်သိန်းကို ရရှိခဲ့လေ၏။

မောင်သာဒွန်း၏ထီလက်မှတ်မှ စိန်လယ်ဂျာထီတစ်သိန်း ဆုဆွတ်ခူးကြောင်းကို ရန်ကုန်မြို့မှ ကြေးနန်းရသည်နှင့် စိန်လယ်ဂျာ ရောင်းသော တရုတ်များသည် ကျောက်သင်ပုန်း၌ မောင်သာဒွန်း၏ အမည်ကို ရေးသားလိုက်လေ၏။

ထိုအခါ ကံထူးရှင် မောင်သာဒွန်း၏သတင်းသည် တစ်မြို့လုံးအနှံ့ ပျံ့နှံ့သွားလေ၏။

မောင်သာဒွန်း စိန်လယ်ဂျာထီပေါက်ခြင်းမှာ အလွန်ထူး ခြားသော ကံကြမ္မာကြောင့် ဖြစ်၏။ ထိုအချိန်က စိန်လယ်ဂျာ



www.burmeseclassic.com

www.burmeseclassic.com



ထီဆုကြီးဆယ်ဆုကိုရွေးပြီးနောက် စိန်လယ်ဂျာပြိုင်ပွဲ၌ပြေးမည့် မြင်းများကို မဲချ၍ ထီဂဏာန်းများ သတ်မှတ်ပေးလိုက်၏။

ထိုအခါ စိန်လယ်ဂျာမြင်းပြိုင်ပွဲ၌ ပထမဆုရရန်သေချာသော မြင်းကိုစီးရမည့် ဂျော်ကီသည် ထိုထီလက်မှတ်ပိုင်ရှင်ကို ဆက်သွယ်ပြီး စိန်လယ်ဂျာထီဆု၏တစ်ဝက်ကို ၄င်းအားပေးမည်ဆိုလျှင် ပထမရအောင် ပြေးပေးမည်ဟု ကမ်းလှမ်းခဲ့၏။

ထိုအခါ ထီလက်မှတ်ပိုင်ရှင်က ဂျော်ကီ၏တောင်းဆိုခြင်းကို သဘောမတူနိုင်သဖြင့် ငြင်းဆိုလိုက်၏။

မြင်းပြိုင်ပွဲနေ့သို့ရောက်သောအခါ ဂျော်ကီသည် ပထမရနိုင်လျက်နှင့် မြင်းကို ကောင်းစွာမစီးဘဲ ပညာပြနေလေ၏။ ထိုမြင်းသည် လမ်းတစ်ဝက်၌ မပြေးဘဲ မတ်တပ်ရပ်လိုက်သဖြင့် စိန်လယ်ဂျာ ပြိုင်ပွဲဝင်မြင်းများအားလုံး ကိုယိုးကားယားဖြစ်ခဲ့၏။

ထိုအချိန်၌ နောက်ဆုံးမှလိုက်လာသော မောင်သာဒွန်း၏





ပေါက်ဂဏာန်းပိုင်ရှင်မြင်းသည် မြင်းအားလုံးကို ကျော်ဖြတ်၍ ပထမဆုံးနေရာသို့ ပန်းဝင်သွားလေ၏။

ထို့ကြောင့်ပင် မောင်သာဒွန်းသည် စိန်လယ်ဂျာ ပထမဆုကြီးကို ပိုင်ဆိုင်ခွင့်ရရှိခြင်းဖြစ်၏။ မောင်သာဒွန်းသည် ထိုအချိန်မှစ၍ သူဌေးကိုသာဒွန်းဘဝသို့ ရောက်ရှိခဲ့လေ၏။

စိန်လယ်ဂျာထီပေါက်သောငွေများကို အသုံးပြု၍ ဆီစက်၊ ဆန်စက်များကို ဝယ်ယူခဲ့လေ၏။ မြို့လယ်ခေါင်၌ ခမ်းနားကြီးကျယ်သော အိမ်ကြီးတစ်ဆောင်ကို ဆောက်လုပ်ခဲ့လေ၏။

မောင်သာဒွန်းဆောက်လုပ်သော အိမ်ကြီးမပြီးဆုံးမီမှာပင် မိခင်ကြီးဒေါ်ညွှာ သေဆုံးသွားခဲ့၏။

မောင်သာဒွန်းသည် သူဌေးဖြစ်ရန် ကံဇာတာမပါသော မိခင်ကြီးကို ဝမ်းပန်းတနည်း ပွေ့ဖက်၍

" အမေရယ်... ဒီအိမ်ကြီးမှာ အမေမရှိဘဲ တစ်

www.burmeseclassic.com



ယောက်တည်း ဘယ်လိုလုပ်နေရတော့မှာလဲ၊ အမေ့ကို အိမ်ကြီးရဲ့ခေါင်းရင်း ခန်းမှာတင်ပြီး ခြေဆုပ်လက်နယ်ပြုစုချင်တာဗျ ”

ဟု ပြောဆိုနေလေ၏။

မောင်သာဒွန်းသည် မိခင်ကြီးဆုံးသွားသောအခါ ခမ်းနားကြီးကျယ်သောအိမ်ကြီး၌ တစ်ကိုယ်တည်း အထီးကျန်စွာနေထိုင်ခဲ့လေ၏။

ထိုသို့နေထိုင်ရင်း တစ်နှစ်ခန့်ကြာသောအခါ မြန်မာပြည်အနှံ့ ဘုရားဖူးထွက်ရင်း ပုပ္ပားတောင်သို့ ရောက်ရှိခဲ့လေ၏။

ပုပ္ပားတောင်သို့ရောက်သောအခါ ပန်းသည်မိန်းကလေး မတင်နွယ်နှင့် မမျှော်လင့်ဘဲဆုံဆည်းခွင့် ရရှိခဲ့၏။ မတင်နွယ်သည် မောင်သာဒွန်းကဲ့သို့ မိဘမဲ့နေထိုင်သူတစ်ဦးဖြစ်ပြီး အဒေါ်တစ်ယောက်၏ စောင့်ရှောက်မှုအောက်၌ နေထိုင်ရလေ၏။





မောင်သာဒွန်းသည် မတင်နွယ်ကို မြင်မြင်ချင်းချစ်မြတ်နိုးလှသဖြင့် အဒေါ်ဖြစ်သူထံ၌ တောင်းရမ်းလက်ထပ်ပြီး မြို့သို့ခေါ်ယူလာခဲ့လေ၏။ ထိုအချိန်မှစ၍ မောင်သာဒွန်း၏ အထီးကျန်ဘဝလေး စိုပြည်ငြိမ်းချမ်းခဲ့လေ၏။

မတင်နွယ်သည် ချောမောလှပသော မိန်းမတစ်ယောက်ဖြစ်လေရာ မောင်သာဒွန်းနှင့်လက်ထပ်ပြီးနောက် ပိုးဖဲကတ္တီပါ အဝတ်အစားများကို ဝတ်ဆင်နိုင်သဖြင့် ပိုမို၍ တင့်တယ်လှပလာလေ၏။

ဤသို့ဖြင့် မောင်သာဒွန်းနှင့် မတင်နွယ်တို့နှစ်ဦး ပျော်ရွှင်စွာ ပေါင်းဖက်ခဲ့ပြီးနောက် သားကလေးတစ်ယောက်ပင် ထွန်းကားခဲ့ လေ၏။

မောင်သာဒွန်းသည် သားကလေးကို လွန်စွာချစ်မြတ်နိုးလှသဖြင့် မောင်မြတ်နိုးဟု အမည်ပေးခဲ့လေ၏။

မတင်နွယ်သည် ငယ်စဉ်ဘဝတစ်လျှောက်လုံး ဆင်းရဲ



www.burmeseclassic.com

www.burmeseclassic.com



နှမ်းပါးစွာ နေထိုင်ခဲ့ရပြီး အဒေါ်ဖြစ်သူ၏ နှိမ်ချဆက်ဆံခြင်းကိုခံခဲ့ရသဖြင့် ယခုအချိန်သည် သူမဘဝ၏ စိတ်အချမ်းသာဆုံးအချိန် ဖြစ်၏။

ထိုကြောင့်မိမိဘဝကို ကယ်တင်လာသော မောင်သာဒွန်းအား ကျေးဇူးတင်စကား အကြိမ်ကြိမ်ပြောဆိုခဲ့သဖြင့် မောင်သာဒွန်းသည် မယားဖြစ်သူအား အကျေနပ်ကြီး ကျေနပ်နေလေ၏။





တစ်နေ့သ၌ မောင်သာဒွန်းသည် မိမိတို့မြို့၏ မနီးမဝေး၌ရှိသော ဆန်စက်သို့ အော်စတင်ကားလေးကို ကိုယ်တိုင်မောင်း၍ သွားလာခဲ့လေ၏။

ထိုသို့သွားလာရင်း ဆန်စက်အနီးသို့ရောက်သောအခါ ပုလိပ်တစ်ယောက်သည် ဆင်းရဲနွမ်းပါးသူလူတစ်ဦးကို အတင်းဖွန်းထိုးခေါ်ဆောင်နေကြောင်း တွေ့ရပြီး ထိုပတ်ဝန်းကျင်၌ တစ်မြို့လုံး အုံးအုံးကြွက်ကြွက် ဖြစ်နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်သာဒွန်းသည် ဆင်းရဲနွမ်းပါးသူကို သေချာစွာ ကြည့်လိုက်သောအခါ မိမိ၏ကျောင်းနေဖက်သူငယ်ချင်း လှတိုးဖြစ်ကြောင်း သိရလေ၏။

မောင်သာဒွန်းသည် ကားကိုရပ်၍ ပုလိပ်ဖြစ်သူကို အကျိုးအကြောင်း မေးမြန်းလေရာ ပုလိပ်က

“ ဒီလူ မူးရူးပြီး မြို့လယ်ခေါင်က ရွှေဆိုင်ရှေ့မှာ သောင်းကျန်းနေလို့ ရွှေဆိုင်ပိုင်ရှင်က ဖမ်းခိုင်းတာပါ ”

ဟု ပြောလေ၏။

ထိုအခါ မောင်သာဒွန်းက ပုလိပ်ကို ကျေနပ်လောက်အောင် ပြောဆိုပြီး ထိုသူမှာ မိမိ၏သူငယ်ချင်းဖြစ်ကြောင်း ပြောဆိုကာ လှတိုးကို မိမိတာဝန်ယူကြောင်း ပြောလိုက်လေ၏။

ပုလိပ်သည် မောင်သာဒွန်းအား ဂုဏ်သရေရှိ လူကြီးလူကောင်းတစ်ဦးဖြစ်ကြောင်း သိရှိသဖြင့် လှတိုးဆိုသူကို မောင်သာဒွန်း၏လက်သို့ အပ်လိုက်လေ၏။





ထိုအခါ မောင်သာဒွန်းသည် လှတိုးကို သူ၏ကားပေါ်သို့ခေါ်၍ စားသောက်ဆိုင်တစ်ဆိုင်သို့ ခေါ်ဆောင်သွားလေ၏။ စားသောက် ဆိုင်သို့ရောက်သောအခါ ခေါင်းငိုက်စိုက်ကျနေသော လှတိုးကိုကြည့်၍

“ ဘယ်လိုဖြစ်တာလဲ သူငယ်ချင်းရယ်၊ မြို့လယ်ခေါင်မှာ လူမြင်မကောင်း သူမြင်မကောင်း ဘာဖြစ်လို့သောင်းကျန်းနေတာလဲ ”

ဟု မေးမြန်းလိုက်လေ၏။ လှတိုးသည် ခေါင်းငိုက်စိုက်ကျနေရာမှ

“ ငါ့ဘဝငါ စိတ်နာလွန်းလို့ အရက်သောက်ပြီး မေ့ထားချင်လို့ပါကွာ၊ လူတွေမကောင်းဘူးကွ၊ သစ္စာမရှိကြဘူး၊ သစ္စာမရှိတဲ့ လူတွေကို စိတ်နာလွန်းလို့ အရက်သောက်ပြီး မေ့ထားချင်လို့ကွ ”

ဟု ပြောလိုက်ရာ မောင်သာဒွန်းက သူငယ်ချင်းလှတိုးကို



www.burmeseclassic.com

www.burmeseclassic.com



ကရုဏာသက်ဟန်ဖြင့်ကြည့်၍

" မင်းကို ဘယ်လိုလူတွေ သစ္စာဖောက်ကြလို့လဲ၊ ငါ့ကို ရှင်းရှင်းပြောပါဦးကွာ "

ဟု ပြောလိုက်လေ၏။ လှတိုးက အံကိုကြိတ်၍

" ဒီအကြောင်းတွေကို ပြန်ပြောရင် အဟောင်းတွေ အသစ်ဖြစ်ပြီး ငါ့ရင်တွေနာရဦးမယ်၊ ဒါပေမဲ့ သူငယ်ချင်း သိချင်ရင်တော့ ပြောပြရတာပေါ့ကွာ၊ ငါ့မိဘတွေဆုံးတော့ ချစ်တီးတိုက်တစ်တိုက် မှာ စာရေးအလုပ်ကို ဝင်လုပ်ခဲ့တယ်ကွ၊ ငါဟာ ချစ်တီးတွေနဲ့ ပေါင်းပြီး အလုပ်လုပ်နေရပေမဲ့ မြန်မာ ဆင်းရဲသားတွေကို အတိုးကြီးချေးပြီး လယ်တွေ ယာတွေ သိမ်းနေတာ ငါ မကြည့်ရက်ဘူး၊ တစ်နေ့တော့ မြန်မာလယ် သမားကြီးတစ်ယောက်ရဲ့သမီးကို ချစ်တီးက ကြွေးနဲ့သိမ်းဖို့ကြံ စည်တယ်၊ ဒီမိန်းကလေး မိန်းမလှလေးကွ၊ နာမည်က လှလှလို့ခေါ်တယ်၊ လှလှကို ချစ်တီးသိမ်းမှာမကြည့်ရက်လို့ ချစ်တီးမန်နေဂျာမသိအောင် ငါစုထားတဲ့ငွေတွေနဲ့ စိုက်ဆပ်ခဲ့ တယ်၊ ဒါကြောင့် လှလှဆိုတဲ့မိန်းကလေးဟာ ချစ်တီးလက်က လွတ်ခဲ့ရတယ် "

ဟု ပြောလေရာ မောင်သာဒွန်းက သဘောကျဟန်ဖြင့် ခေါင်းညိတ်၍

" မင်းလုပ်တာ သိပ်မှန်တယ်၊ ဆက်ပြောပါဦး သူငယ်ချင်းရယ် "

ဟု ပြောလေ၏။ ထိုအခါ လှတိုးက သက်ပြင်းချ၍

" လှလှတို့မိသားစုက ငါ့ကို သိပ်ပြီးတော့ကျေးဇူး တင်တာပေါ့ကွာ၊ နောက်ဆုံးတော့ ငါနဲ့လှလှဟာ လူငယ်ချင်း မေတ္တာမျှပြီး လက်ထပ်ပေါင်းသင်းခဲ့တယ်၊ ဒီအချိန်ထိ ချစ်တီး တိုက်က မန်နေဂျာဟာ လှလှကို ငါကူညီခဲ့တာ မရိပ်မိဘူး၊ လှလှနဲ့ ငါနဲ့ မင်္ဂလာပွဲကိုတောင် ချစ်တီးတိုက်က မန်နေဂျာက ကြွရောက်ချီးမြှင့်ခဲ့သေးတယ်၊ မင်္ဂလာလက်ဖွဲ့တဲ့လူတွေထဲမှာ







www.burmeseclassic.com

www.burmeseclassic.com



မန်နေဂျာဖွဲ့တဲ့ လက်ဖွဲ့ဟာ အများဆုံးပဲကွ၊ နီလာလက်ကောက် နှစ်ကွင်းတောင်လက်ဖွဲ့ခဲ့တယ်၊ ငါကတော့ ချစ်တီးတိုက်က စာရေးလေးဖြစ်တဲ့အပြင် ငါစုထားတဲ့ ငွေတွေကို လှလှတို့ မိသားစုအတွက် စိုက်ဆပ်ခဲ့တဲ့အတွက် မင်္ဂလာပွဲကိုတောင် ချို့ချို့တဲ့တဲ့ပဲ လုပ်ခဲ့ရတယ်၊ ဒါကြောင့် လှလှကိုတောင် တင့် တောင့်တင့်တယ် လုပ်မပေးနိုင်ခဲ့ဘူး၊ လှလှဟာ မိန်းကလေး ပီပီ ရွှေတော်တော်မက်တယ်၊ သူတို့မိသားစု ဆင်းရဲလွန်းလို့ တစ်သက်လုံး နားကပ်လေးတစ်ရံတောင် မပန်ခဲ့ဖူးဘူး၊ ချစ်တီး မန်နေဂျာလက်ဖွဲ့တဲ့ နီလာလက်ကောက်နှစ်ကွင်းကို ကိုယ်ပေါ် မှာ ဆင်ပြီး အမြဲတကြည့်ကြည့်လုပ်နေတယ်၊ နီလာလက် ကောက်နှစ်ကွင်းကနေ နီလာလက်စွပ်တွေ၊ ဆွဲကြိုးတွေ လိုချင်လာတယ်၊ ဒါကြောင့် ငါ့ကိုအလိုက်မသိဘဲ ပူဆာနေခဲ့ တယ်၊ ငါဟာ ချစ်တီးတိုက်က စာရေးလေးတစ် ယောက်ဆို တော့ ဘယ်လိုလုပ်ပြီး နီလာလက်စွပ်တွေ၊ ဆွဲကြိုးတွေ





ဆင်နိုင်မှာလဲကွာ၊ လှလှရဲ့ လိုချင်တပ်မက်စိတ် ကြောင့် ငါတို့လင်မယားရဲ့ ပျော်ရွှင်စရာဘဝလေးဟာ မလှပခဲ့ ဘူး၊ တစ်နေ့တော့ ဒီသတင်းဟာ ချစ်တီးမန်နေဂျာဆီကို ရောက်သွားတယ်၊ ချစ်တီးမန်နေဂျာဟာ လှလှကို ကံ အကြောင်းမလှလို့ လက်လွှတ်ခံရပေမဲ့ တဏှာရမ္မက်က မကုန်သေးဘူး၊ ဒါကြောင့် ငါတို့လင်မယားရဲ့ အခြေအနေကို အမြဲနားစွင့်ထားတယ်၊ တစ်နေ့တော့ မမျှော်လင့်ဘဲ မန်နေဂျာ က ငါ့ကို စပါးအဝယ်တော်တွေနဲ့ ရွာတွေကိုဆင်းပြီး စပါး ဝယ်ခိုင်းတယ်၊ အရင်တုန်းကဆိုရင် ငါဟာ ချစ်တီးတိုက်မှာပဲ စာရေးအလုပ်လုပ်ရတယ်၊ ရွာတွေကိုဆင်းပြီး စပါးကောက် စရာမလိုဘူး၊ တကယ်တော့ ချစ်တီးမန်နေဂျာဟာ တစ်ဖက် လှည့်နဲ့ ငါ့ကို ပထုတ်လိုက်တာပဲ၊ ငါဟာ ရွာတွေမှာလှည့်ပြီး အဝယ်တော်တွေနဲ့ စပါးကောက်နေရတာ မပျော်ခဲ့ဘူး၊ ငါ့မိန်းမလှလှကိုပဲ သတိရနေခဲ့တယ်၊ ချစ်တီး မန်နေဂျာဟာ



www.burmeseclassic.com

www.burmeseclassic.com



ငါမရှိတုန်း ငါ့မယားလှလှကို ကြာခိုဖို့ ကြိုးစားခဲ့တယ်၊ တစ်နေ့ လှလှကို ချစ်တီးမန်နေဂျာက သူ့အိမ်ကို အခေါ်လွှတ်တယ်၊ လှလှရောက်လာတော့ အိမ်ကြီးရဲ့အပေါ်ထပ်ဧည့်ခန်းကို ခေါ်သွားပြီး ယွန်းသေတ္တာလေးတစ်လုံးကို ဖွင့်ပြတယ်၊ ယွန်းသေတ္တာထဲမှာ လက်ဝတ်ရတနာတွေအပြည့်ပဲ၊ ငါ့မယားကလက်ဝတ်ရတနာတွေကို အရောင်တဖိတ်ဖိတ်တောက်တဲ့ မျက်လုံးတွေနဲ့ ကြည့်နေတုန်း ချစ်တီးမန်နေဂျာရဲ့သိမ်းပိုက်ခြင်းကို ခံလိုက်ရတယ်၊ ပထမတော့ ချစ်တီးမန်နေဂျာက ငါ့မယားကို အပျော်ကြံဖို့ရည်ရွယ်တာပါ၊ ဒါပေမဲ့ ငါ့မယားကိုယ်တိုင် ငါ့နောက်ကျောကို ဓားနဲ့စိုက်တာ ခံလိုက်ရတယ်၊ ဟိုးအရင်တုန်းက ချစ်တီးမန်နေဂျာရဲ့ကြွေးတွေကို ငါစိုက်ဆပ်ပြီး သူ့ကိုကယ်ထုတ်ခဲ့တာကို ဖော်ကောင်လုပ်လိုက်တယ်၊ ချစ်တီးမန်နေဂျာက ငါ့မယားရဲ့စကားကြောင့် မခံချင်စိတ်နဲ့ ဒေါသူပုန်ထပြီး လှလှကို သိမ်းပိုက်ခဲ့တယ် ”



ဟုဝမ်းနည်းကြေကွဲဟန်ဖြင့် ပြောဆိုလေရာ မောင်သာဒွန်းက အံကိုကြိတ်၍

“ ချစ်တီးက မြန်မာပြည်လာပြီး စော်ကားလို့ရမလားကွ၊ သူ့ကို မယားခိုးမှုနဲ့ ဥပဒေကြောင်းအရ အရေးယူရမယ်၊ သူငယ်ချင်း မင်းဘက်မှာ ငါရှိတယ်၊ ချစ်တီးမန်နေဂျာကို တို့တွေတိုက်ကြမယ် ”

ဟု ပြောလေ၏။ ထိုအခါ လှတိုးက ခေါင်းခါယမ်း၍

“ ငါလည်း ဒီလိုစဉ်းစားပြီးပါပြီ သူငယ်ချင်းရယ်၊ ဒါပေမဲ့ချစ်တီးတွေက ချစ်တီးတိုက်ကငွေတွေကို ငါအလွဲသုံးစားလုပ်တယ်ဆိုပြီး အမှုဆင်ထားတယ်၊ ငါဘက်က ရှေ့တိုးမယ်ဆိုရင် ချစ်တီးတွေဘက်ကလည်း ငါ့ကို အလွဲသုံးစားမှုနဲ့ အရေးယူမယ်လို့ပြောတယ်၊ တကယ်တော့ ငါ လုံးဝမလုပ်ပါဘူးကွာ၊ ငါ့လက်ထဲမှာ ငွေတစ်ပြားတစ်ချပ်မှမရှိတာ မင်းအမြင်ပါ ”

www.burmeseclassic.com

ဟု ပြောလေ၏။ မောင်သာဒွန်းသည် လှတိုးကို အလွန် ကရုဏာသက်သွားပြီး

" မင်းရဲ့မိန်းမ လှလှကလေး မင်းဘက်က မလိုက်ဘူး လား"

ဟု မေးမြန်းလေ၏။ လှတိုးက ခေါင်းခါယမ်း၍

" ငါ့မိန်းမနဲ့ မိသားတစ်စုလုံးက ပိုက်ဆံသိပ်မက်ကြ တယ်ကွ၊ သူတို့အားလုံး ချစ်တီးဘက်ကို ရောက်သွားပြီ၊ သူတို့မိသားစုကို ငါကယ်တင်ခဲ့တာ သိပ်မှားသွားတယ်ကွာ၊ ကျေးဇူးတရားကို မသိတဲ့ မိန်းမ၊ သူ့ကြောင့် ငါ့ဘဝပျက်ခဲ့ရပြီ၊ အခုတော့ ငါ့မှာ နေစရာလည်းမရှိ၊ သွားစရာလည်းမရှိ၊ စား စရာလဲမရှိ၊ ဒီနေ့ ငါ ရွှေဆိုင်ရှေ့မှာ အရက်မူးပြီးသောင်းကျန်း တာ အကြောင်းရှိတယ်ကွ၊ ငါ ထောင်ထဲမှာသွားနေချင်လို့ အခုလိုလုပ်တာ "

ဟုပြောလေ၏။ မောင်သာဒွန်းသည် လှတိုး၏စကား





ကြောင့် ခေါင်းခါယမ်း၍

" ဘာဖြစ်လို့ အဓိပ္ပါယ်မရှိတာကို လုပ်ရတာလဲ သူငယ်ချင်း၊ မင်း ယောကျ်ားမဟုတ်ဘူးလား၊ ယောကျ်ားတံခွန် လူရည်ချွန်ဆိုတဲ့စကားကို မင်း နားမလည်ဘူးလား၊ ယောကျ်ားပဲ၊ ဘာလို့ အားလျှော့ရတာလဲ၊ မင်းဘဝတိုးတက် အောင် မှင်းဘာသာ ကြိုးစားလို့ရနိုင်တာပဲ "

ဟု ပြောလေရာ လှတိုးက သက်ပြင်းချ၍

" ငါလိုလူကို ဘယ်သူက အလုပ်ပေးမှာလဲကွ "

ဟု ပြောလေ၏။ မောင်သာဒွန်းက သူ၏ရင်ဘတ်ကို လက် ဖြင့် ပုတ်၍

" ငါ အလုပ်ပေးမယ်ကွာ၊ ငါ့မှာ ဆန်စက်တွေ၊ ဆီစက် တွေရှိတယ်၊ မင်းကို သင့်တော်တဲ့နေရာမှာ အလုပ်ပေးထား လို့ရတယ်၊ နေစရာလည်း မပူနဲ့ကွာ၊ ငါနဲ့လိုက်နေ "

ဟု ပြောလိုက်ရာ လှတိုးသည် မောင်သာဒွန်း၏ခြေကိုနှာ

www.burmeseclassic.com



ကို ဝမ်းသာအားရကြည့်၍

" တကယ်ပြောတာလား သူငယ်ချင်းရယ်၊ ဝမ်းသာလိုက်တာကွာ၊ မင်းနဲ့တွေ့ရတာ ငါ့ရဲ့စိတ်ဓာတ်တွေ အများကြီးတက်ရတယ်၊ ငါ့ဘဝကို ငါ ပြန်ကြိုးစားမယ်ကွာ "

ဟု ပြောလိုက်လေတော့၏။

ဤသို့ဖြင့် မောင်သာဒွန်းသည် သူငယ်ချင်းလှတိုးကို သူ၏ အိမ်သို့ ခေါ်ဆောင်လာလေ၏။

ထိုသို့ ခေါ်ဆောင်လာပြီးနောက် မယားဖြစ်သူအား အကျိုးအကြောင်းပြောပြလေရာ မတင်နွယ်က နှာခေါင်းရှုံ့၍

" အစ်ကိုရယ်... သူက အစ်ကိုနဲ့ကျောင်းနေဘက် သူငယ်ချင်းဆိုပေမဲ့ သူနဲ့အစ်ကို ကွဲကွာနေတာ နှစ်ပေါင်းကြာနေပြီ မဟုတ်လား၊ အစ်ကိုကသူ့အကြောင်းကို ဘယ်လောက်သိလို့လဲ၊ နွယ်တော့ သူ့ကို အိမ်ခေါ်လာတာ မကြိုက်ပါဘူး၊ ကိုယ့်သူငယ်ချင်းဖြစ်ခဲ့ဖူးလို့ သဒ္ဓါပေါက်ရင်လည်း ပိုက်ဆံ





နည်းနည်းပါးပါး ပေးလိုက်ရင် ပြီးတာပဲ "

ဟု ပြောလိုက်ရာ စိတ်ကောင်းရှိသော မောင်သာဒွန်းက ခေါင်းခါယမ်း၍

" ဘယ်လိုပြောလိုက်တာလဲ နွယ်ရယ်၊ မိတ်ဆွေစစ်ဆိုတာ ရှိသေးတယ်လေ၊ ကိုယ့်မိတ်ဆွေတစ်ယောက် ဒုက္ခရောက်နေချိန်မှာ ကိုယ်အတတ်နိုင်ဆုံး ကူညီစောင့်ရှောက်ရမှာပေါ့၊ နောက်ပြီးတော့ လှတိုးရဲ့ဘဝက သနားစရာကွာ၊ ချစ်တီးတွေ မတရားလုပ်တာ ကိုယ်မခံနိုင်ဘူး၊ သူ့ဘဝကို မြင့်တင်ပေးရမယ် "

ဟု ပြောလေရာ မတင်နွယ်က စိတ်ပျက်ဟန်ဖြင့် ခေါင်းခါယမ်း၍

" ပြောလို့မရရင်လည်း အစ်ကို့သဘောပါပဲ၊ နောက်တော့မှ အဆိုးမဆိုနဲ့နော် "

ဟု ပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်သာဒွန်းသည် သူငယ်ချင်းလှတိုးက လောလော ဆယ် သူ၏ကြီးကျယ်ခမ်းနားသော အိမ်ကြီး၏အောက်ထပ်ရှိ အခန်းလွတ်တစ်ခန်း၌ နေရာပေးထားလေ၏။

ထိုအကြောင်းကို မတင်နွယ်သိသောအခါ

" အစ်ကိုကတော့ ပိုလွန်းနေပြီ ထင်တယ်၊ သူ့ကိုသနား လို့ အလုပ်ပေးထားရင်လည်း တစ်နေရာမှာ နေခိုင်းပေါ့၊ စက် ထဲက တစ်နေရာမှာ ထားလိုက်လို့ရတာပဲ "

ဟု ပြောလေ၏။ မောင်သာဒွန်းက သက်ပြင်းချ၍

" ကိုယ့်သူငယ်ချင်းဖြစ်လို့ အိမ်မှာခဏထားတာပါကွာ၊ သူ့အတွက်အဆင်ပြေတဲ့နေရာကို ပြောင်းပြီးနေခိုင်းမှာပါ "

ဟု ပြောလေ၏။

မောင်သာဒွန်းသည် သူငယ်ချင်းဖြစ်သူကို လူတန်းစား မခွဲခြားဘဲ စားသောက်သောအခါ၌လည်း တစ်စားပွဲတည်းစား သလေ၏။





မတင်နွယ်သည် ထိုအပြုအမူကို မကျေနပ်သဖြင့် ခေါင်းမူးသည်ဆိုကာ ထမင်းဝိုင်းသို့ ဆင်းမလာခဲ့ချေ။

မောင်သာဒွန်းသည် မတင်နွယ်၏အပြုအမူကို ရိပ်စား မိသဖြင့် အိပ်ခန်းရှိရာသို့ တက်သွားပြီး

" နွယ်... မင်း ဘယ်လိုဖြစ်နေတာလဲ၊ ဘာဖြစ်လို့ လူတန်းစားခွဲခြားပြီး စိတ်ကြီးဝင်နေရတာလဲ၊ အစ်ကိုကိုယ်တိုင် ငယ်ငယ်တုန်းကဒီမြို့မှာ ကောက်ညှင်းပေါင်းလည်ရောင်းခဲ့ဖူး တယ်၊ လှစင်မှာ လှဆွဲခဲ့ဖူးတယ်၊ အစ်ကို့အမေကြီးကလည်း တစ်မြို့လုံးလှည့်ပြီး ကောက်ညှင်းပေါင်းရောင်းရတယ်၊ နွယ် ကိုယ်တိုင်လည်း ပုပ္ပါးမှာ ပန်းရောင်းခဲ့တယ် မဟုတ်လား၊ ဘာဖြစ်လို့ ကိုယ့်ဘဝ ကိုယ်မေ့ရတာလဲကွာ၊ ကိုယ်ဆင်းရဲ တုန်းက ချမ်းသာတဲ့လူတွေက ကိုယ့်ကိုအကူအညီပေးရင် သိပ်ကောင်းမှာပဲလို့ တွေးခဲ့ဖူးတယ်၊ တစ်နေ့ ကိုယ်ချမ်းသာ ခဲ့ရင်လည်း ဆင်းရဲသားတွေကို တတ်နိုင်သမျှ ကူညီမယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်ထားတယ် ”

ဟု ပြောလေရာ မတင်နွယ်က အိပ်ရာပေါ်တွင်လှဲနေရာမှ တစ်ဖက်သို့လှည့်၍

“ အစ်ကို ရူးနေသလား၊ စိတ်မှကောင်းသေးရဲ့လား၊ လောကကြီးမှာ ဆင်းရဲတဲ့သူတွေ တစ်ပုံကြီး၊ ကူညီရမဲ့လူတွေလည်း အများကြီးပဲ၊ အစ်ကို တွေ့ရာလူကို လိုက်ပြီးကူညီရင် နွယ်တို့ဘဝ ဘာဖြစ်သွားမှာလဲ၊ ဘာပဲဖြစ်ဖြစ် နွယ်တို့ဘဝ အေးအေးချမ်းချမ်းပဲ နေချင်တယ်၊ ဘာမဟုတ်တဲ့ လူတစ်ယောက်ကြောင့် စိတ်ဝမ်းမကွဲချင်ဘူး၊ အစ်ကို သူ့ကို နေစရာတစ်ခု အမြန်ဆုံးစီစဉ်ပါ၊ သူ့မျက်လုံးတွေကို နွယ်မကြိုက်ဘူး၊ သူဟာ ရိုးသားတယ်လို့ ဘယ်တော့မှ မယုံဘူး၊ ဘာပဲဖြစ်ဖြစ် အစ်ကိုစိတ်ချမ်းသာအောင် ကျွန်မ ထမင်းလိုက်စားပါ့မယ် ”

ဟုဆိုကာ မောင်သာဒွန်းနှင့်အတူ အိမ်ကြီး၏အောက်





ထပ်ရှိ ထမင်းစားခန်းသို့ ဆင်းလာလေ၏။

ထိုစဉ် ထမင်းစားခန်းထဲ၌ လှတိုးသည် မောင်သာဒွန်း၏ သားလေး မောင်မြတ်နိုးအား တယုတယဖြင့် ထမင်းခွံ့ကျွေးနေလေ၏။

လှတိုးသည် မတင်နွယ်ကိုမြင်သောအခါ ရိုးကျိုးသောအမူအရာဖြင့် ထိုင်ရာမှထ၍

“ သူဌေးကတော်ကြွပါ ”

ဟု ပြောလေရာ မတင်နွယ်သည် အနည်းငယ် သဘောကျသွားလေ၏။

ထိုအချိန်မှစ၍ မောင်သာဒွန်းသည် လှတိုးအား သူ၏ဆန်စက်သို့ နေ့စဉ်ခေါ်သွားပြီး လုပ်ငန်းသဘောကို နားလည်အောင် သင်ပြပေးလေ၏။

တစ်လခန့်သင်ပြပေးပြီးနောက် မောင်သာဒွန်းက

“ ငါ့ရဲ့လုပ်ငန်းတွေမှာ လူယုံမရှိဘူးကွ၊ စိတ်ချတဲ့



www.burmeseclassic.com

www.burmeseclassic.com



လူယုံတစ်ယောက်လိုနေတာနဲ့ အတော်ပဲ၊ မင်းကို ငါ့ရဲ့လူယုံ အနေနဲ့ မန်နေဂျာ ခန့်လိုက်မယ်၊ လစာကိုလည်း တစ်လ (၅၀)ပေးမယ်၊ နေတာ စားတာကတော့ ငါတို့နဲ့အတူတူပဲစား ပေါ့ကွာ ”

ဟု ပြောလိုက်ရာ လှမိုးသည် လွန်စွာဝမ်းမြောက်ဝမ်းသာ ဖြစ်သွားပြီး

“ သူငယ်ချင်းကျေးဇူးကို ငါ တစ်သက်လုံး ဆပ်ကုန်မှာ မဟုတ်တော့ပါဘူးကွာ၊ ငါ့ကို လူယုံတစ်ယောက်လို သဘော ထားတဲ့အတွက် မင်းရဲ့သစ္စာကို တစ်သက်လုံးစောင့်သိပါ့ မယ်ကွာ ”

ဟု ပြောလိုက်လေ၏။

မောင်သာဒွန်းသည် သူငယ်ချင်းလှတိုးအား မန်နေဂျာခန့် အပ်ပြီးနောက် သူ၏အိမ်ကြီး၏ အောက်ထပ်အခန်း၌ပင် ဆက်၍နေထိုင်စေ၏။

စေတနာစာပေ



ထို့ပြင် မိမိပိုင် အော်စတင်ကားနှင့် ရထားလုံးကိုလည်း လှတိုးလိုအပ်လျှင် အသုံးပြုနိုင်ကြောင်း ခွင့်ပေးထားလေ၏။

လှတိုးသည် မိမိဘဝတိုးတက်ရေးအတွက် အမှိကောင်း တစ်ခုရပြီဟုသဘောပိုက်ကာ အလုပ်တာဝန်များကို မောင် သာဒွန်း မျက်နှာလွှဲရအောင် ကြိုးကြိုးစားစား လုပ်ပြလေ၏။

ထို့ကြောင့် တစ်နှစ်ခန့်ကြာသောအခါ မောင်သာဒွန်း သည် သူငယ်ချင်းလှတိုးကို အယုံကြီးယုံကြည်ကာ နေရာတိုင်း ၌ မျက်နှာလွှဲခဲ့လေ၏။

ထို့ပြင် လှတိုးသည် လိမ္မာပါးနပ်သူတစ်ဦးဖြစ်လေရာ မောင်သာဒွန်း၏မယား မတင်နွယ်ကိုလည်း ရိုသေလေးစားဟန် ဖြင့်ဆက်ဆံလေ၏။

မောင်သာဒွန်း၏သားကလေး မောင်မြတ်နိုးကိုပင် အလွန်ချစ်ခင်ကြင်နာဟန်ပြလေ၏။ ထို့ကြောင့် မောင်သာဒွန်း သည် မန်နေဂျာလှတိုးကို လူယုံအဖြစ် ပြုစုပျိုးထောင်ရ

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျိုးနပ်ပေပြီဟု ယူဆမိလေ၏။

လှတိုး၏လူမှုဆက်ဆံရေးကောင်းမွန်မှုကြောင့် ဇနီးဖြစ်သူ မတင်နွယ်ကပင် မန်နေဂျာလှတိုးအပေါ် မကောင်းမြင်အယူအဆများ နည်းပါးလာ၏။

မတင်နွယ်သည် တစ်ခါတစ်ရံ၌ လှတိုး၏လူမှုဆက်ဆံရေးကောင်းမွန်ပုံကို ချီးကျူးစကားပြောလေ၏။ မတင်နွယ်သည် ငယ်စဉ်ဘဝ တစ်လျှောက်လုံး ဆင်းရဲနွမ်းပါးခဲ့ပြီး သူတစ်ပါးအနှိမ်ခံဘဝနှင့် နေထိုင်ခဲ့ရ၏။

ထို့ကြောင့် သူတစ်ပါး၏ရိုကျိုးခယခြင်းကို လွန်စွာနှစ်သက်လိုလား၏။ လူလည် လူနပ် လှတိုးသည် မတင်နွယ်၏လိုလားချက်ကို ရိပ်စားမိသဖြင့် သူဌေးကတော်ဆိုသောအသုံးအနှုန်းကို လှိုင်လှိုင်သုံး၍ မတင်နွယ်ကို အလိုလိုက်အကြိုက်ဆောင်ခဲ့၏။

လှတိုးသည် မောင်သာဒွန်း၏သားကလေး မောင်မြတ်နိုး





ကို အလွန်ချစ်မြတ်နိုးဟန်ဖြင့် ကလေးကစားစရာ အမျိုးမျိုးကို ဝယ်ယူလာတတ်၏။

တစ်ခါတစ်ရံ ရန်ကုန်မြို့သို့သွားမည့် လူကြုံရှိလျှင် ရှိုးကုမ္ပဏီမှ ကစားစရာအကောင်းစားများကိုပင် ဝယ်ယူပေးလေ၏။

ထို့ကြောင့် မောင်မြတ်နိုးကလေးသည် လှတိုးကို ဆွေမျိုးအရင်းအခြာတစ်ဦးကဲ့သို့ ရင်းနှီးချစ်ခင်နေ၏။

မောင်သာဒွန်းသည် မန်နေဂျာလှတိုးအား အလွန်အားကိုးအားထားပြုနေပြီဖြစ်သဖြင့် မိမိဘဝရည်မှန်းချက်များကို မကြာခဏ ဖွင့်ဟတိုင်ပင်လေ့ရှိ၏။

မန်နေဂျာလှတိုးသည် မောင်သာဒွန်း၏ဘဝရည်မှန်းချက်များကို ကြားရသဖြင့် ရင်ထဲတွင် မနာလိုဝန်တိုစိတ်များပေါ်ပေါက်လာ၏။

သို့သော် အလုပ်ရှင်ပေါ် သစ္စာရှိသောလူယုံတစ်ဦးကဲ့သို့



www.burmeseclassic.com

www.burmeseclassic.com



ဟန်ဆောင်ကာဘဝရည်မှန်းချက်ကြီးမားပါပေတယ်ဟု အားရပါးရချီးမွမ်းင်လေ၏။

ထိုအခါ မောင်သာဒွန်းသည် သစ္စာရှိသော သူငယ်ချင်းတစ်ဦးဟု ယူဆကာ ပိုမို၍ နှစ်သက်သဘောကျခြင်း ဖြစ်ရလေ၏။





ဤသို့ဖြင့် မောင်သာဒွန်း၏အလုပ်၌ မန်နေဂျာလှတိုးလုပ်ကိုင်ပြီး (၃)နှစ်ခန့်ကြာသောအခါ မောင်သာဒွန်းသည် မြန်မာပြည်အနှံ့ ဘုရားဖူးထွက်ရန် ကြံစည်လေ၏။

၎င်းတို့၏ဘုရားဖူးခရီး၌ လှတိုးကိုလည်း အဖော်အဖြစ်လိုက်ပါရန် ခေါ်လေ၏။ ထိုအခါ မောင်သာဒွန်းက မိမိကိုမဖြစ်မနေခေါ်မည်ကိုသိနေသော လှတိုးက မိမိ၌ အလုပ်



www.burmeseclassic.com

www.burmeseclassic.com



တာဝန်များ များပြားလှသဖြင့် ဘုရားဖူးခရီးကို မလိုက်လို ကြောင်း ငြင်းဆိုလေ၏။

ထိုအခါ မောင်သာဒွန်းက အလုပ်ကိစ္စများကို မေ့လျော့ပြီး မိမိတို့မိသားစုနှင့် ပျော်ပျော်ပါးပါး လိုက်ပါစေလိုကြောင်း ပြောလေ၏။

နောက်ဆုံး လှတိုးသည် မတတ်သာ၍ လိုက်ပါရမည့်ဟန်ဖြင့် ဘုရားဖူးခရီးသို့ လိုက်ပါလာလေ၏။ မောင်သာဒွန်းသည် သူ၏အော်စတင်ကားလေးနှင့်ပင် ဘုရားဖူးခရီးထွက်ခဲ့ကြလေ၏။

၄င်းတို့သည် မြန်မာပြည်အနှံ့ရှိ ဘုရားများကို တစ်မြို့ပြီးတစ်မြို့ လှည့်လည်ဖူးမြော်လေ၏။

တစ်နေ့တွင် ၄င်းတို့၏ဘုရားဖူးကားလေးသည် ရှမ်းပြည်နယ်၏တစ်နေရာရှိ လမ်းသူပုန်များ သောင်းကျန်းသောနေရာသို့ ရောက်ရှိသွားလေ၏။





မောင်သာဒွန်းသည် အော်စတင်ကားလေးကိုမောင်းရင်း လမ်းမပေါ်၌ သစ်တုံးကြီးတစ်တုံးကို တွေ့သဖြင့် ကားကိုရပ်လိုက်၏။

ထိုအခိုက်မှာပင် သစ်ပင်များအနောက်မှ ဓားပြများ ထွက်လာပြီး သူတို့ကို ဝိုင်းရံထားလိုက်ကြလေ၏။ ဓားပြခေါင်းဆောင်အိုက်ပန် ဆိုသူက သူတို့ကားအနီးသို့ လျှောက်လှမ်းလာပြီး

" မင်းတို့ထဲမှာ ခေါင်းဆောင်က ဘယ်သူလဲ "

ဟု မေးမြန်းလိုက်ရာ မောင်သာဒွန်းက ခေါင်းညိတ်၍

" ခေါင်းဆောင်က ကျုပ်ပဲ "

ဟု ဆိုလိုက်ရာ ဓားပြခေါင်းဆောင်အိုက်ပန်က ကားထဲရှိ လူများကို လက်ငေ့ယမ်း၍

" ဒီလူတွေက ဘယ်သူတွေလဲ "

ဟု မေးမြန်းလိုက်ရာ မောင်သာဒွန်းက



www.burmeseclassic.com

www.burmeseclassic.com



" ကျုပ်မိန်းမ၊ ကျုပ်ကလေးနဲ့ ကျုပ်ရဲ့တပည့်ပါ "

ဟု ပြောလိုက်ရာ ဓားပြခေါင်းဆောင် အိုက်ပန်က

" ကောင်းပြီ၊ ဒါဆိုရင် ကျုပ်တို့အဖွဲ့နဲ့ ဆွေးနွေးရအောင် ခင်ဗျား ကားပေါ်က ဆင်းလိုက်ပါ "

ဟု ဆိုကာ မောင်သာဒွန်းအား ကားပေါ်မှ ဆင်းခိုင်းလိုက်၏။

မောင်သာဒွန်းက ထိတ်လန့်နေသော ဇနီးဖြစ်သူကို ကြည့်၍

" ဘာမှမကြောက်နဲ့၊ သူတို့လိုချင်တာရရင် ကျုပ်တို့ သွားမှာပါ "

ဟု ဆိုကာ ကားပေါ်မှဆင်းသွားလေ၏။

ဓားပြခေါင်းဆောင်က မောင်သာဒွန်းကို ကားလမ်းနံဘေးရှိ ကျောက်တုံးကြီးရှိရာသို့ ခေါ်ဆောင်သွားလေ၏။

ခေါင်းဆောင်အိုက်ပန်က မောင်သာဒွန်း၏မျက်နှာကို





ကြည့်၍

" ခင်ဗျားတို့ အခု ကျုပ်လက်ခုပ်ထဲကရေပဲ၊ ကျုပ်ဘာသာ သွန်လိုသွန်၊ မှောက်လိုမှောက် လုပ်လို့ရတယ်၊ ဒါပေမဲ့ ခပ်ညံ့ညံ့ ဓားပြတွေလို ကျုပ်တို့က ရှိတာအကုန်ထုတ်ဆိုပြီး လုယက်ယူမဲ့ လူမျိုး မဟုတ်ဘူး၊ တောထဲမှာ ကျုပ်တို့အဖွဲ့ဝင်လူအင်အား ၁၀ ယောက်ကျော် ရှိတယ်၊ ကျုပ်တို့အဖွဲ့ရဲ့ ရိက္ခာလိုအပ်ချက်အတွက် ခင်ဗျားဆီ မှာ အလှူခံရမယ် "

ဟု ပြောဆိုလေရာ မောင်သာဒွန်းသည် ဓားပြများကို ဆန့်ကျင်လျှင် အကျိုးမဲ့စေနိုင်ကြောင်း သိရှိသဖြင့်

" ကောင်းပြီ၊ ခင်ဗျားတို့အဖွဲ့ရဲ့ လိုအပ်ချက်ကို ကျုပ် လှူဒါန်းပါ့မယ်၊ ဒါပေမဲ့ ကျုပ်တို့က ဘုရားဖူးခရီးထွက်လာတဲ့ အတွက် ပိုက်ဆံများများစားစား မပါဘူးနော် "

ဟု ဆိုလိုက်၏။ ထိုအခါ ဓားပြခေါင်းဆောင် အိုက်ပန်က မျက်မှောင်ကြုတ်၍



www.burmeseclassic.com

www.burmeseclassic.com



" ပိုက်ဆံများများမပါဘူးဆိုရင် လက်ဝတ်လက်စားတွေ မပါဘူးလား "

ဟု မေးမြန်းလေ၏။ မောင်သာဒွန်းက ခေါင်းခါယမ်း၍

" ကျုပ်တို့က ဘုရားဖူးခရီးဖြစ်တဲ့အတွက် လက်ဝတ်လက်စားမပါဘူး၊ ပိုက်ဆံနည်းနည်းပဲပါတယ်၊ မယုံရင် ခင်ဗျား ရှာဖွေကြည့်ပါ "

ဟု ဆိုလိုက်ရာ ဓားပြခေါင်းဆောင်အိုက်ပန်က ခေါင်းညိတ်၍

" ကောင်းပြီ၊ ခင်ဗျားစကားကို ကျုပ် ယုံကြည်လိုက်မယ်၊ ခင်ဗျားလှူဒါန်းချင်တဲ့ပိုက်ဆံကို ကားထဲမှာ သွားယူပေတော့ "

ဟု ဆိုလိုက်၏။

ထိုအခိုက်မှာပင် မောင်သာဒွန်း၏အော်စတင်ကားလေးသည် ဝူးခနဲ စက်နှိုးပြီး အနောက်သို့ လျှင်မြန်စွာဆုတ်လိုက်ပြီး





ထိုနေရာမှ လျှင်မြန်စွာ မောင်းထွက်သွားလေ၏။

ဓားပြများသည် အော်စတင်ကား၏နောက်ဘက်ကိုကြည့်၍

" ထွက်ပြေးသွားပြီ၊ ထွက်ပြေးသွားပြီ "

ဟု အော်ဟစ်ကာ မောင်သာဒွန်း၏ကားအနောက်သို့ သေနတ်နှင့် လှမ်းပစ်ရန် ပြင်ဆင်ကြလေ၏။

မောင်သာဒွန်းက ကားထဲတွင် ပါသွားသူများကို စိုးရိမ်သဖြင့်

"မပစ်ပါနဲ့ "

ဟု အော်ဟစ်တားဆီးလေ၏။

ဓားပြခေါင်းဆောင်အိုက်ပန်က တပည့်များကို တားဆီးပြီးမောင်သာဒွန်းကို မျက်မှောင်ကြုတ်ကြည့်၍

" ခင်ဗျားလူတွေ ထွက်ပြေးသွားကြပြီ၊ ခင်ဗျားက သူတို့ရဲ့ ဆရာဆိုတာ ဟုတ်ရဲ့လား၊ ဟောလူ… ခင်ဗျား ကျုပ်ကို



www.burmeseclassic.com

www.burmeseclassic.com



လိမ်နေတာလား ”

ဟု မေးမြန်းလေရာ မောင်သာဒွန်းက ထွက်ပြေးသွားသော ကားကိုကြည့်၍ ခေါင်းခါယမ်းလိုက်ပြီး

“ သူတို့ဘာလို့ ထွက်ပြေးသွားသလဲဆိုတာ ကျုပ် နားမလည်ဘူး ”

ဟု ပြောလိုက်လေ၏။

ထိုအခါ ဓားပြခေါင်းဆောင်အိုက်ပန်က

“ ဘာပဲဖြစ်ဖြစ် ခင်ဗျားကို ဓားစာခံအနေနဲ့ ဖမ်းထားမယ်၊ ခင်ဗျားလူတွေဆီက ကျုပ်တို့တောင်းသလောက် မရရင် ခင်ဗျားကို ရှင်းပစ်ရမယ် ”

ဟု ပြောလေရာ မောင်သာဒွန်းသည် အခက်တွေ့သွားလေ၏။

ထို့နောက် ဓားပြများသည် မောင်သာဒွန်းအား တောတွင်းသို့ ခေါ်ဆောင်သွားလေ၏။ တောတွင်းတစ်နေရာရှိ





ရေတံခွန်ကြီးတစ်ခုသို့ရောက်သောအခါ ဓားပြများ၏စခန်းသည် ရေတံခွန်အနောက်ရှိ လိုဏ်ဂူများအတွင်း၌ရှိကြောင်း တွေ့ရ၏။

ဓားပြများသည် မောင်သာဒွန်းအား ကြိုးတုတ်၍ ရေတံခွန် အနောက်ရှိ လိုဏ်ဂူထဲ၌ ထားလေ၏။

မောင်သာဒွန်းသည် သူငယ်ချင်းလှတိုးကို လွန်စွာယုံကြည်အားကိုး၏။ လှတိုးသည် ဓားပြများလက်မှ မိမိဇနီးနှင့် သားကို အရအမိ ကယ်တင်ပြီးနောက် ပုလိပ်များကို အကူအညီတောင်းကာ မိမိကို လာကယ်မည်ဟု ယုံကြည်လေ၏။

ထို့ကြောင့် ပုလိပ်များရောက်လာမည့်နေ့ကို စောင့်မျှော်နေလေ၏။ သို့သော် တစ်ရက်ပြီးတစ်ရက်ကြာသည့်အထိ ပုလိပ်များ လာရောက်ကယ်တင်ခြင်းမရှိချေ။

ဓားပြများသည် ကားလမ်းကို မှန်ပြောင်းဖြင့် နေ့စဉ်စောင့်ကြည့်၏။ နောက်ဆုံး၌ ဓားပြခေါင်းဆောင်သည် မော



www.burmeseclassic.com

www.burmeseclassic.com



သာဒွန်းကို စောင့်မျှော်ရန် စိတ်မရှည်တော့ဘဲ

" ဒီမှာ ကိုယ့်လူ၊ ထမင်းဝအောင် စားထားပေတော့ မနက်ဖြန် မင်းကို ကယ်တင်မဲ့လူတွေ ရောက်မလာရင် ရှင်းပစ်ရတော့မှာပဲ "

ဟု ပြောလိုက်ရာ မောင်သာဒွန်းသည် ထိတ်လန့်တုန်လှုပ်သွားလေ၏။

ပုလိပ်များ အဘယ်ကြောင့် မိမိကို လာရောက် ကယ်တင်ခြင်းမရှိသနည်း။ မိမိကို လာရောက်ကယ်တင်သော ပုလိပ်များ တောတွင်း၌ လမ်းလွဲ၍နေလေသလော။

ဓားပြများက ကယ်တင်မည့်သူ မနက်ဖြန်အထိ ရောက်မလာလျှင် မိမိကိုသတ်ပစ်မည်ဟု အတိအလင်း ရာသေးပေးထား၏။

ဓားပြများ၏လက်၌ မိမိအသက်ကို ဝကွက်အပ်ရမည်လော။ မိမိကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှ ကြိုးပမ်း၍ ဤနေရာမှ





လွတ်မြောက်အောင်ထွက်ပြေးရပေမည်။ နောက်ဆုံး၌ မောင်သာဒွန်းသည် ယနေ့ည ကိုယ်လွတ်ရုန်း၍ မရမက ထွက်ပြေးရန် ဆုံးဖြတ်လိုက်၏။

မောင်သာဒွန်းသည် ညသို့ရောက်သောအခါ ဘောင်းဘီအိတ်ထဲရှိမီးခြစ်ကို မသိမသာထုတ်၍ မိမိလက်၌ချည်ထားသောကြိုးစကို ရှို့လေ၏။ ထိုအခါ ကြိုးစကို မီးလောင်ကျွမ်းပြီး ချည်နှောင်ထားသော ကြိုးများ ပြတ်လေ၏။

မောင်သာဒွန်းသည် ကြိုးပြတ်သွားသော်လည်း ကြိုးချည်ထားသကဲ့သို့ ဟန်ဆောင်ပြီး လဲလျောင်းနေလေ၏။

ညဥ့်အတော်နက်သောအခါ ဓားပြများ တစ်ဦးပြီးတစ်ဦး အိပ်စက်သွားလေ၏။ မောင်သာဒွန်းသည် ဓားပြများအိပ်ပျော်သွားကြောင်း သေချာသောအခါ လဲလျောင်းနေရာမှ ထရပ်၍ လိုဏ်ဂူ အပေါက်ဝသို့ တရွေ့ရွေ့ တိုးကပ်သွားလေ၏။

လိုဏ်ဂူထဲ၌ မိမိကို စောင့်ကြပ်၍အိပ်စက်သော ဓားပြ



www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်ရှိ၏။ လိုဏ်ဂူအပြင်ဘက်၌ ကျန်ဓားပြများရှိနေမှာ သေချာ၏။

မောင်သာဒွန်းသည် လိုဏ်ဂူအပြင်သို့ရောက်သောအခါ မီးပုံရှေ့၌ထိုင်၍ ဖဲရိုက်နေသော ဓားပြများကိုကြည့်၍ အလွန်စိတ်ပျက် သွားလေ၏။

ရေတံခွန်ရှေ့မှထွက်ခွာရန် ကျဉ်းမြောင်းသော လမ်းကလေး တစ်လမ်းသာရှိ၏။ ထိုလမ်းကို ဓားပြများက ပိတ်၍ထိုင်နေကြ၏။ မိမိအတွက် ထွက်ပြေးရန်လမ်းမရှိနိုင်တော့သဖြင့် လိုဏ်ဂူထဲသို့ ပြန်ဝင်ရန်သာ ရှိတော့၏။

မောင်သာဒွန်းသည် ဓားပြများလက်မှထွက်ပြေးရန် ခက်နေသဖြင့် ကြံရာမရ ဖြစ်သွားလေ၏။ လိုဏ်ဂူထဲသို့ပြန်ဝင်ပြီး ဓားပြများ၏သတ်ဖြတ်ခြင်းကို အသာတကြည်ခံယူရန် မဖြစ်နိုင်ချေ။

မောင်သာဒွန်းသည် လိုဏ်ဂူထဲသို့ တစ်ခေါက်ပြန်ဝင်ပြီး





အိပ်မောကျနေသော ဓားပြသုံးယောက်၏လက်နက်များကို ရှာဖွေလေရာ ဓားမြှောင်နှစ်ချောင်းကိုသာ တွေ့ရလေ၏။

မောင်သာဒွန်းသည် ဓားမြှောင်နှစ်ချောင်းကို ဆုပ်ကိုင်၍ လက်နက်ကိုင်ဓားပြများကို တိုက်ခိုက်ရန်မဖြစ်နိုင်သောကြောင့် အခက်ကြုံနေလေ၏။

မောင်သာဒွန်းသည် လိုဏ်ဂူအပြင်ဘက်သို့ ခြေသံလုံလုံထိန်း၍ ထွက်ခဲ့ပြီး ဓားပြများလက်မှလွတ်ရန်လမ်းကို ရှာကြံလေ၏။

ထိုသို့ရှာဖွေရင်း ဓားပြများနှင့် လိုဏ်ဂူအပေါက်ဝ၏ကြားမြင့်မားသော လိုဏ်ဂူကြီးပေါ်သို့ ကုတ်ကပ်၍ တက်သွားလျှင် တဖြည်းဖြည်း လိုဏ်ဂူအပေါ်သို့ ရောက်ရှိသွားကြောင်းတွေ့ရ၏။

ထို့ကြောင့် လိုဏ်ဂူ၏ကျောက်တုံးနံရံများကို တွယ်ကပ်တက်ပြီး လိုဏ်ဂူပေါ်သို့ တဖြည်းဖြည်း ရောက်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့တက်ရင်း လိုဏ်ဂူကြီး၏အမြင့်မှာ ပိုမိုမတ်စောက်လာပြီး တက်ရန်တဖြည်းဖြည်းခက်ခဲလာကြောင်း တွေ့ရ၏။

ထိုအခိုက်မှာပင် လိုဏ်ဂူအတွင်းရှိ အိပ်ပျော်နေသော ဓားပြတစ်ဦးသည် အိပ်ရာမှ လန့်နိုးပြီး မောင်သာဒွန်းမရှိတော့ကြောင်းတွေ့လေ၏။ ထို့ကြောင့် သူခွေးသား ထွက်ပြေးသွားပြီဟု အော်ဟစ်လိုက်၏။

မောင်သာဒွန်းသည် ဓားပြ၏အသံကြောင့် ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားပြီး လိုဏ်ဂူအပေါ်သို့ ကြိုးစားပမ်းစား တက်လေ၏။

လိုဏ်ဂူအပြင်ဘက်၌ ဖဲရိုက်နေသော ဓားပြများသည် ဖဲဝိုင်းကိုရပ်၍ လိုဏ်ဂူရှိရာသို့ ပြေးလာကြပြီး မောင်သာဒွန်း ထွက်ပြေးရန် မဖြစ်နိုင်ကြောင်း ငြင်းဆိုကြလေ၏။

ဖဲရိုက်နေသူများထဲ၌ ဓားပြခေါင်းဆောင်အိုက်ပန်လည်း ပါဝင်လေရာ အိုက်ပန်က





" မင်းတို့ ကယောင်ကတန်းနဲ့ ဘာတွေပြောနေတာလဲ၊ ဒီကောင်ထွက်ပြေးဖို့ မဖြစ်နိုင်ဘူး၊ လိုဏ်ဂူထဲကထွက်တဲ့လမ်းမှာ ငါတို့ ဖဲကစားနေတာ၊ ဒီကောင် ဘယ်လမ်းက ထွက်ပြေးမှာလဲ "

ဟု ပြောလေရာ ကျန်ဓားပြများကလည်း ဟုတ်မှန်ကြောင်းပြောပြီး လိုဏ်ဂူထဲသို့ လက်နှိပ်ဓာတ်မီးတဝင်းဝင်းဖြင့် ဝင်ရောက်ရှာဖွေကြလေ၏။

သို့သော် အတန်ကြာအောင် ရှာဖွေပြီးနောက် မောင်သာဒွန်းကို မတွေ့ရသဖြင့် မျက်လုံးပြူးသွားပြီး ဓားပြခေါင်းဆောင်က

" ဒီကောင် ဘယ်ရောက်သွားပြီလဲ၊ ကိုယ်ယောင်များ ပျောက်သွားတာလား "

ဟု ပြောလေရာ ဓားပြတစ်ဦးက မျက်မှောင်ကြုတ်၍

" ဒီလူဟာ ကျုပ်တို့ လိုဏ်ဂူထဲကို ပြေးဝင်တုန်းမှာင်

www.burmeseclassic.com



ရိပ်မှာ ပုန်းနေပြီး ထွက်ပြေးသွားတာ ဖြစ်နိုင်တယ် ”

ဟု မှတ်ချက်ချလေရာ ဓားပြခေါင်းဆောင်က ခေါင်းညိတ်၍

“ ဒီကောင်ပြောတာ ဖြစ်နိုင်တယ်ဟေ့၊ အချိန်ရှိတုန်းတောနင်းပြီးရှာကြ၊ တွေ့ရင်တော့ တပြိုင်တည်း ရှင်းပစ်လိုက်ပေတော့၊ သူ့ကိုအရှင်ထားရင် ငါတို့အတွက် အန္တရာယ်များတယ် ”

ဟု ပြောလေ၏။

မောင်သာဒွန်းသည် ဓားပြများ၏အပေါ်တည့်တည့်၌ရှိနေသဖြင့် ၎င်းတို့၏ပြောစကားကို အတိုင်းသား ကြားနေရ၏။ ထို့ကြောင့် ရင်တထိတ်ထိတ်ခုန်ပြီး ငြိမ်သက်နေရ၏။

ထိုအခိုက်မှာပင် မောင်သာဒွန်းနင်းထားသော ကျောက်တုံးသည် ဓားပြခေါင်းဆောင်၏ ခေါင်းရှိရာသို့ ပြုတ်ကျသွားလေ၏။





သို့သော် ကံကောင်းထောက်မစွာဖြင့်ဓါးပြခေါင်းဆောင်က ခေါင်းကိုငုံ့၍ မီးစွဲနေသော ထင်းချောင်းကို ကောက်ကိုင်လိုက်သဖြင့် ကျောက်တုံးကလေးသည် အမှောင်ထဲသို့ ကျသွားလေ၏။

ဓားပြခေါင်းဆောင်သည် ခဲလုံးကျသွားသောအသံကို ကြားရသဖြင့် အမှောင်ထဲသို့ မီးတုတ်ကိုမြှောက်၍ ကြည့်လိုက်လေ၏။

ခါးကြားမှ သေနတ်ကိုလည်း ထုတ်လိုက်လေ၏။ သို့သော်အမှောင်ထဲတွင် မသင်္ကာဖွယ်ရာ မည်သည့်အရာမျှမတွေ့ရသဖြင့် သေနတ်ကို ခါးကြားသို့ ပြန်ထည့်လိုက်၏။

မောင်သာဒွန်းသည် အသက်ကိုပင် ရဲရဲမရှူဝံ့ဘဲ ငြိမ်သက်စွာနေပြီး ကျောက်တုံးများကို တွယ်ကပ်ထားရ၏။

မောင်သာဒွန်းသည် အတန်ကြာအောင် ငြိမ်သက်နေပြီးနောက် အနီးအနားခဲ့၌ ဓားပြများမရှိသောအခါမှပင် လိုက်ရှ



www.burmeseclassic.com

www.burmeseclassic.com



အဲထက်သို့ တွယ်ကပ်၍ တက်နေမိ၏။

ဤသို့ဖြင့် တရွေ့ရွေ့တက်လှမ်းသွားရာ လိုဏ်ဂူကြီး၏ ထိပ်ဘက် ပေတစ်ရာခန့်အမြင့်သို့ ရောက်ရှိသွားလေ၏။

မောင်သာဒွန်းသည် အမြင့်မှအောက်ဘက်သို့ငုံ့ကြည့်၍ တုန်လှုပ်ချောက်ချားသွားပြန်၏။

သူသည်လူဆိုးများ၏လက်မှလွတ်မြောက်လိုဇောဖြင့် လိုဏ်ဂူထိပ်သို့တက်ခဲ့သော်လည်း တောင်အောက်သို့ပြန်ဆင်းရန် မဖြစ်နိုင်တော့ချေ။

မောင်သာဒွန်းသည် လိုဏ်ဂူကြီးကို တွယ်ကပ်ထားလျက်အပေါ်သို့ မော့ကြည့်လိုက်ရာ လိုဏ်ဂူမည်းမည်းကြီးကိုသာ မြင်တွေ့ရလေ၏။ သူသည် တဖြည်းဖြည်း ရှေ့ဆက်၍ တက်ရန် ခက်ခဲလာပြီး တောင်အောက်သို့ ပြန်ဆင်းရန်လည်း မဖြစ်နိုင်တော့ချေ။

မောင်သာဒွန်းသည် တက်ရခက် ဆင်းရခက်ဖြစ်နေစဉ်





လိုဏ်ဂူဝတစ်ခုကို မမျှော်လင့်ဘဲ မြင်လိုက်ရ၏။

မောင်သာဒွန်းသည် လိုဏ်ဂူဝကျဉ်းကျဉ်းလေးကို ဦးခေါင်းလျှို၍ ကြည့်လိုက်စဉ် လိုဏ်ဂူထဲမှ တစ်စုံတစ်ဦးက မိမိ၏မျက်နှာကို လက်ပြန်ဖြတ်ရိုက်သကဲ့သို့ ခံစားရပြီး မောင်သာဒွန်းသည် အသံနက်ကြီးဖြင့်အော်၍ အောက်သို့ လျောကျသွားလေ၏။

အမှန်စင်စစ် လိုဏ်ဂူသည် ငှက်ကြီးတစ်ကောင်၏ အသိုက်ဖြစ်ပြီး ငှက်ကြီးသည် မောင်သာဒွန်းကို ရုတ်တရက် မြင်တွေ့ပြီး လန့်ကာ ပျံထွက်သွားခြင်း ဖြစ်၏။

မောင်သာဒွန်းသည် ကျောက်တုံးကျောက်ခဲများကို တရွတ်တိုက် ပွတ်တိုက်ပြီး တောင်အောက်သို့ ပြုတ်ကျသွားလေ၏။

မြေပေါ်သို့ရောက်သောအခါ ပြင်းထန်သောအရှိန်ကြောင့် မေ့မြောသွားလေ၏။ ဓားပြများသည် လိုဏ်ဂူပေါ်မှ



www.burmeseclassic.com

www.burmeseclassic.com



ပြုတ်ကျလာသော မောင်သာဒွန်းကိုတအံ့တသြကြည့်၍ ၄င်းတို့လက်မှတ် လွှတ်ခြောက်သွားပုံကို ရိပ်စားမိသွားလေ၏။

ဓားပြခေါင်းဆောင်အိုက်ပန်က မောင်သာဒွန်းကိုကြည့်၍

" ဒီကောင့်ကို အရှင်ထားလို့မဖြစ်ဘူး၊ တစ်ခါတည်း အပြတ်ရှင်းပြီး ငါတို့ကိုယ်တိုင်လည်း ခြေရာလက်ရာဖျောက်ပြီး စခန်းပြောင်းကြမယ် "

ဟု အမိန့်ပေးလိုက်လေတော့၏။





မောင်သာဒွန်းသည် သတိမေ့မြောနေရာမှ ပြန်သတိရလာသောအခါ ပတ်ဝန်းကျင်တစ်ခုလုံး မှောင်အတိ ဖုံးလွှမ်းနေကြောင်း တွေ့ရ၏။

သူ၏တစ်ကိုယ်လုံး အလွန်တရာ နာကျင်ကိုက်ခဲနေပြီး ခွန်အားရှိသမျှ ရုန်းကန်ပြီး ထကြည့်လိုက်ရာ မိမိ၏ကိုယ်ခန္ဓာသည် အလွန်ကျဉ်းမြောင်းသော သေတ္တာတစ်လုံးထဲသို့ ရောက်ရှိနေကြောင်း သိလိုက်ရ၏။

မောင်သာဒွန်းသည် ထိုသေတ္တာကို ခေါင်းတင်ရုံဟု



www.burmeseclassic.com

www.burmeseclassic.com



ရိပ်စားမိလိုက်ပြီး အလွန်တုန်လှုပ်ချောက်ချားသွား၏။ ဓားပြများသည် မိမိကို မသေမရှင် ခေါင်းသွင်း၍ မြေကြီးထဲ၌ မြှုပ်နှံခဲ့ပုံရ၏။

မောင်သာဒွန်းသည် ထိုအတွေးကြောင့် အလွန်တုန်လှုပ်ချောက်ချားသွားပြီး ခေါင်းအဖုံးကို ခြေလက်တို့ဖြင့် အတင်းတွန်းကန်လေ၏။

မောင်သာဒွန်းရောက်ရှိနေသောခေါင်းသည် ကံကောင်းထောက်မစွာဖြင့်ပင် ခိုင်ခံ့သောခေါင်းတစ်ခုမဟုတ်သဖြင့် ခေါင်းဖုံးသည် အနည်းငယ် ပွင့်ဟသွားလေ၏။

မောင်သာဒွန်းသည် အထိတ်တလန့်အော်ဟစ်၍ ခေါင်းဖုံးကို ခြေဖြင့်တစ်ချက်ပြီးတစ်ချက် ဆောင့်ကန်ဖွင့်လေရာ ခေါင်းဖုံးသည် ဝုန်းခနဲ ပွင့်ဟသွားလေ၏။

မောင်သာဒွန်းသည် ခေါင်းဖုံးပွင့်သည်နှင့် ခေါင်းထဲမှ ကုန်းရုန်းထလိုက်၏။ ပြီးနောက် ကျယ်လောင်သောအသံဖြင့်





" ကယ်ကြပါဦးဗျို့၊ ကယ်ကြပါ "

ဟု အော်ဟစ်လေရာ မည်သည့်တုံ့ပြန်သံကိုမျှ မကြားရဘဲ ငြိမ်သက်နေလေ၏။

မောင်သာဒွန်းသည် အခန်းနံရံများကို လက်ဖြင့်စမ်းသပ်ကြည့်လေရာ ကျောက်တုံးများဖြစ်နေသဖြင့် လိုဏ်ဂူတစ်လုံးထဲတွင် ရောက်ရှိနေကြောင်း ရိပ်စားမိသွားလေ၏။

မောင်သာဒွန်းသည် လိုဏ်ဂူ၏ထွက်ပေါက်ကို လိုက်လံရှာဖွေလေရာ ထွက်ပေါက်မရှိဘဲ ဂူပိတ်ကြီးဖြစ်သဖြင့် ပိုမို၍ ထိတ်လန့်တုန်လှုပ်သွားလေ၏။

ဓားပြများသည် မိမိကို ခေါင်းတွင်းသို့သွင်းပြီး လိုဏ်ဂူကြီးကို အပြင်မှ အသေပိတ်ဆို့လိုက်ပြီဆိုလျှင်ဟု တွေးကာ ထိတ်လန့်စိတ်ဖြင့် ချွေးသီးချွေးပေါက်များ စီးကျလာ၏။

ဤဂူကြီးထဲမှမထွက်နိုင်လျှင် အစာငတ်၊ ရေငတ်ဖြစ်ပြီး သေဆုံးရပေတော့မည်။ မိမိ၏ချစ်ဇနီးနှင့် သားလေးကို



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သောအခါမျှ မြင်တွေ့ခွင့်ရတော့မည် မဟုတ်ချေ။

မောင်သာဒွန်းသည် ဂူကြီးထဲတွင် တစ်ကိုယ်တည်း ပိတ်လှောင်ခံစားရသဖြင့် အလွန်ထိတ်လန့်တုန်လှုပ်ပြီး ချွေးသီးချွေးပေါက်များ စီးကျလာ၏။

သူသည် အတန်ကြာသောအခါမှပင် မိမိစိတ်ကို မိမိ ထိန်း၍ ဘောင်းဘီအိတ်ထဲ၌ရှိသော မီးခြစ်ကိုသတိရကာ မီးခြစ်ကိုခြစ်၍ ဂူပတ်ဝန်းကျင်ကို ကြည့်လိုက်၏။

ထိုအခါ ဂူ၏အပေါက်ဝကို လွန်စွာလေးလံသော ကျောက်တုံးကြီးဖြင့်ပိတ်၍ မိမိကို ပိတ်လှောင်ထားကြောင်း တွေ့ရ ၏။

မောင်သာဒွန်းသည် ဂူ၏တစ်နေရာ၌ သစ်ရွက်ခြောက်များကို တွေ့သဖြင့် မီးဖိုထားလိုက်၏။ သစ်ရွက်ခြောက်များကို မီးလောင်နေသဖြင့် ဂူပတ်ဝန်းကျင်၌ အလင်းရောင်ရရှိနေ၏။

မောင်သာဒွန်းသည် ဂူနံရံ၌ ထွက်ပေါက်များရှိလေ





မလားဟု တွေးကာ ဂူတစ်ခုလုံးကို လှည့်ပတ်ရှာဖွေလေ၏။ သို့သော် ဂူ၏ မည်သည့်နေရာတွင်မှ ထွက်ပေါက်မတွေ့ရချေ။

ခဏကြာလျှင် သစ်ရွက်ခြောက်များ ကုန်စင်သွားသဖြင့် ဂူတစ်ခုလုံး အမှောင်ဖုံးသွားလေ၏။

မောင်သာဒွန်းသည် အမှောင်ထဲတွင် ဂူနံရံများကို လက်ဖြင့် စမ်းသပ်၍ ထွက်ပေါက်ကို ရှာဖွေနေလေ၏။ အတန်ကြာအောင် ရှာဖွေပြီးနောက် ဂူနံရံတစ်ခုမှ လေတိုးသံကိုကြားရသဖြင့် လက်ဖြင့် စမ်းကြည့်ရာ လက်တစ်ဝါးခန့်ရှိသော လေတိုးပေါက်ကို တွေ့လိုက် ရလေ၏။

မောင်သာဒွန်းသည် လေတိုးပေါက်ကိုမြင်ရသော်လည်း လက်တစ်ဝါးခန့်သာရှိသဖြင့် ဂူနံရံရှိအပေါက်ကို စိတ်ပျက် လက်ပျက်ဖြင့် ကြည့်နေရာမှ မည်သို့ပင်ဖြစ်စေ ဂူပေါက်ဝကို ချဲ့၍ ကြိုးစားကြည့်မည်ဟု ဆုံးဖြတ်ပြီး မိမိကို ပိတ်လှောင်ထားသော ခေါင်းရှိရာသို့ သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုခေါင်းကြီးမှ သစ်သားချောင်းများကိုယူ၍ လက်တစ်ဝါးခန့်ရှိသော အပေါက်ကို ချဲ့ကြည့်လေ၏။ ထိုအခါ အံ့သြဖွယ်ကောင်းလောက်အောင် အပေါက်သည် တဖြည်းဖြည်း ကျယ်လာကြောင်း တွေ့ရ၏။

မောင်သာဒွန်းသည် ဝှန်ရုံရှိအပေါက်ကို သေချာစွာကြည့်လေရာသဘာဝကျောက်ဂူမဟုတ်ဘဲ ဘိလပ်မြေဖြင့်ပြုလုပ်ထားသောအပေါက်တစ်ခုဖြစ်ကြောင်း အံ့သြဖွယ်မြင်ရ၏။

တောခေါင်ခေါင်ရှိ လိုဏ်ဂူကြီးထဲတွင် မည်သူက ဘိလပ်မြေဖြင့် အခန်းတစ်ခန်း ပြုလုပ်ထားလေသနည်း။ မောင်သာဒွန်းသည် ဂူပေါက်ဝကို ကြိုးစားပြီးချဲ့လေရာတဖြည်းဖြည်း လူတစ်ကိုယ်ဝင် လောက်အောင် ကျယ်ဝန်းလာသဖြင့် ထိုအပေါက်မှ အပြင်သို့ တိုးထွက်လိုက်၏။

ထိုအခါ လေတဟူးဟူးတိုက်နေသော နေရာတစ်ခုသို့ ရောက်ရှိသွားပြီး မိမိလိုဏ်ဂူထဲမှ လွတ်မြောက်တော့မည်ဖြစ်





ကြောင်း ရိပ်စားမိလိုက်၏။

ထိုနေရာ၌ လိုဏ်ဂူထိပ်မှ အလင်းရောင်များဝင်နေသောကြောင့် လင်းထိန်နေ၏။ ထိုအခိုက်မှာပင် ကြမ်းပြင်၌ သေတ္တာတစ်လုံးကို မမျှော်လင့်ဘဲတွေ့လိုက်ရ၏။

မောင်သာဒွန်းသည် သေတ္တာသော့ကို ရိုက်ချိုးပြီး စိတ်လှုပ်ရှားစွာဖြင့် သံသေတ္တာကို ဖွင့်လိုက်၏။ ထိုအခါ သေတ္တာထဲတွင် အရောင်ပြိုးပြိုးပြက်ပြက်လက်နေသော ရွှေငွေလက်ဝတ်ရတနာများကို အံ့သြဖွယ် မြင်တွေ့ရ၏။

တောခေါင်ခေါင်ကြီး၌ မည်သူက ရွှေငွေလက်ဝတ်ရတနာများကို လာရောက်မြှုပ်နှံထားသည် မသိ။

မောင်သာဒွန်းသည် မြောက်မြားလှသော ရွှေငွေလက်ဝတ်ရတနာများကိုကြည့်၍ မိမိဥစ္စာစောင့်သိုက်ကို တူးမိပြီလောဟုထင်မြင်မိ၏။

သို့သော် လိုဏ်ဂူကြီးမှာ နံရံကို အင်္ဂတေဖြင့် ပိတ်ထား



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ဥစ္စာစောင့်သိုက်မဖြစ်နိုင်ဟု တွေးလိုက်မိပြန်၏။

မောင်သာဒွန်းသည် လက်ဝတ်ရတနာများကို အတန်ကြာအောင် ကြည့်ရှုပြီး လောဘစိတ်များဖြစ်ပေါ်လာကာ

" ဒီပစ္စည်းတွေဟာ ငါ့အသက်နဲ့ရင်းပြီးရလိုက်တဲ့ ပစ္စည်းတွေပဲ၊ ဒီပစ္စည်းတွေကို ထုခွဲလိုက်ရင် ငါဒီထက်အများကြီး ပိုချမ်းသာလာတော့မယ်"

ဟု ဆိုကာ မိမိရောက်ရှိနေသောနေရာမှ အလင်းရောင်ရှိရာ လိုဏ်ဂူထိပ်ပိုင်းသို့ တွယ်ကပ်တက်ကြည့်ရာ လိုဏ်ဂူထိပ်ပိုင်း၌ တောင်နံရံကိုတွယ်ကပ်၍ နွယ်ပင်များပေါက်ရောက်နေကြောင်း တွေ့ရ၏။

မောင်သာဒွန်းသည် ထိုနွယ်ပင်များကိုနိဆွဲ၍ တဖြည်းဖြည်းတက်ကြည့်လိုက်ရာ နွယ်ပင်များ၏ထိပ်သို့ရောက်လျှင် မိုးကောင်းကင် အလင်းရောင်ကို မြင်ရသဖြင့်

" လွတ်ပြီ… လွတ်ပြီ "





ဟု ဝမ်းသာအားရ အော်ဟစ်လိုက်၏။

မောင်သာဒွန်းသည် လိုဏ်ဂူထဲသို့ တစ်ခေါက်ပြန်ဝင်ပြီး ရတနာပစ္စည်းများကို အနွေးထည်ဖြင့်ထုပ်၍ ယူဆောင်လာခဲ့၏။ ပြီးနောက် လိုဏ်ဂူအပြင်သို့ အထွက်လမ်းအတိုင်း ထွက်လာခဲ့ရာ မကြာမီ ဂူအပြင်သို့ရောက်ရှိသွားလေ၏။

ဂူအပြင်၌ နံနက်အရုဏ်တက်ချိန်သို့ ရောက်နေလေ၏။ မောင်သာဒွန်းသည် ဂူအပြင်သို့ရောက်သောအခါ မိမိတောင်ပေါ်သို့ ရောက်ရှိနေကြောင်း တွေ့ရပြီး တောင်အောက်၌ ရေတံခွန်ရှိကြောင်း သိရ၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်သာဒွန်းသည် တောလမ်းအတိုင်း တဖြည်းဖြည်း လျှောက်လှမ်းခဲ့ရာ မကြာမီ လူနေရပ်ရွာများနှင့် တဖြည်းဖြည်း နီးကပ်လာကြောင်း တွေ့ရ၏။

မောင်သာဒွန်းသည် မိမိ၏အနွေးထည်ဖြင့် ဆောင်ယူလာသော လက်ဝတ်ရတနာများကို တပြိုင်နက်တည်းယူဆောင်သွားရန် မသင့်တော်သဖြင့် တောစပ်ရှိ ကျွန်းပင်ကြီးသုံးပင်ဆိုင်ထားသော နေရာ၌ မြှုပ်နှံ၏။

ပြီးနောက် ဖနီးဖြစ်သူအတွက် စိန်နားကပ်လုပ်ရန်





အရည်အသွေးကောင်းသော စိန်ကြီးနှစ်လုံးကို ယူဆောင်လာလေ၏။

မောင်သာဒွန်းသည် ရွာတစ်ရွာသို့ဝင်ရောက်သွားသောအခါ ဗိုက်ထဲတွင် ဆာလှောင်လာသဖြင့် အကြော်ဆိုင်တစ်ဆိုင်သို့ဝင်၍ အကြော်တစ်ပွဲပြီးတစ်ပွဲ စားသောက်လေ၏။

အကြော်စားပြီးနောက် ဘောင်းဘီအိတ်ထဲရှိ ပိုက်ဆံကို ရှာဖွေလေရာ မူးစေ့နှစ်စေ့ကိုသာ တွေ့ရသဖြင့် မျက်လုံးပြူးသွားလေ၏။

သို့သော် အကြော်ပွဲများအတွက် ပိုက်ဆံ တစ်မူးမျှသာကျသဖြင့် တော်ပါသေး၏။ မောင်သာဒွန်းသည် အကြော်စားပြီးနောက် ဗိုက်ပြည့်သွားသောအခါ ဖနီးဖြစ်သူနှင့် သူငယ်ချင်းလှတိုး အကြောင်းကို စဉ်းစားနေလေ၏။

၎င်းတို့သည် ပုလိပ်ဌာနနှင့် ဆက်သွယ်ပြီး မိမိကို ပိုက်လံရှာဖွေနေမှာ သေချာ၏။ သို့သော် ပုလိပ်များသည်

www.burmeseclassic.com



အဘယ်ကြောင့် မိမိထံသို့ ရောက်ရှိမလာသနည်း။

ဓားပြတိုက်ခံရစဉ် သူငယ်ချင်းလှတိုးက ဉာဏ် အမြော်အမြင်ကြီးစွာဖြင့် ဇနီးနှင့်သားကို ဓားပြများလက်မှ ကယ်တင်ခဲ့ခြင်းကို ဝမ်းမြောက်ဝမ်းသာဖြစ်မိ၏။

လှတိုး၏အရည်အချင်းကို ချီးကျူးမိ၏။ သို့သော် ယခုအချိန်ထိ မိမိရှိသောအရပ်ကို တောနင်းပြီး လိုက်မရှာခဲ့ခြင်းကို နားမလည်နိုင်သလို ဖြစ်မိ၏။

မည်သို့ပင်ဖြစ်စေ ဓားပြများလက်မှ လွတ်မြောက်လာပြီဖြစ်သဖြင့် မိမိ၏အချစ်ဆုံး ဇနီးနှင့်သားကို အမြန်ဆုံးတွေ့ချင်နေမိ၏။

မောင်သာဒွန်းသည် အဝေးပြေးလမ်းမပေါ်သို့တက်သွားပြီး ကုန်တင်ကားကြီးတစ်စီးကို တားဆီးကာ ခရီးဆက်ခဲ့လေ၏။

ထိုသို့ခရီးဆက်ရင်း မိမိ၏ဇာတိမြို့သို့ ရောက်ရန်သာ





စိတ်စောနေမိ၏။ သို့သော် ဇာတိမြို့သို့ပြန်ရန် ကားအဆင့်ဆင့်စီးရဦးမည်။ မိမိ၌ လောလောဆယ် ကားခပေးစရာငွေမရှိသဖြင့် အခက်ကြုံနေလေ၏။

မောင်သာဒွန်းသည် ငွေရမည့်အရေးကိုတွေးတောနေရာမှ ဓနုလေးမြို့၌ မိမိနှင့်ရင်းနှီးသော ပွဲရုံကြီးတစ်ရုံရှိကြောင်း သတိရသွားလေ၏။

ထိုပွဲရုံပိုင်ရှင်သည် မောင်သာဒွန်းနှင့်ရင်းနှီးသော ဦးမောင်ကြီးဆိုသူဖြစ်၏။ ဦးမောင်ကြီးသည် မောင်သာဒွန်းကိုမြင်သောအခါ ဖက်လှဲတကင်း နှုတ်ဆက်၍ အကျိုးအကြောင်းကို မေးမြန်းလေ၏။

မောင်သာဒွန်းက ဓားပြများလက်၌ ဒုက္ခဆင်းရဲကြုံခဲ့ခြင်းကို ပြောပြလေရာ ဦးမောင်ကြီးသည် စုတ်တသပ်သပ်နှင့်နားထောင်လေ၏။

ပြီးနောက် မောင်သာဒွန်း၏ပခုံးကိုဖက်၍



www.burmeseclassic.com

www.burmeseclassic.com



" ကိုသာဒွန်းရဲ့အကြောင်းတွေကြားရတာ စိတ်မချမ်းသာစရာပဲဗျာ၊ ဘာပဲဖြစ်ဖြစ် ကိုသာဒွန်း သေရာကပြန်ရှင်လာတာပါပဲ၊ အခုလောက်ဆိုရင် ကိုသာဒွန်းရဲ့ဇနီးနဲ့သားလည်း ဘယ်လောက်စိတ်မချမ်းသာ ဖြစ်နေမလဲ၊ ဒါကြောင့် ကိုသာဒွန်းမြို့ကို အမြန်ဆုံးပြန်နိုင်အောင် ကျုပ်ကူညီလိုက်မယ်၊ ယောဒီက ကျုပ်ရဲ့ဂျစ်ကားကိုယူပြီးတော့ မြို့ကို အမြန်ဆုံးပြန်ပေတော့၊ ကိုသာဒွန်းကိုယ်တိုင် မမောင်းနိုင်ဘူးဆိုရင် ကျုပ်ရဲ့ ဒရိုင်ဘာကို ထည့်ပေးလိုက်မယ် "

ဟု ပြောလေ၏။

ကိုသာဒွန်းသည် ဦးမောင်ကြီး၏အကူအညီကို ဝမ်းမြောက်ဝမ်းသာ လက်ခံလိုက်ပြီး ဂျစ်ကားကို ကိုယ်တိုင်မောင်းပြီး မိမိ၏ဇာတိမြို့သို့ ပြန်ခဲ့လေ၏။

ဇနီးနှင့်သားသည် မိမိကိုမြင်လျှင် ဖော်မပြနိုင်လောက်အောင် ဝမ်းသာပေလိမ့်မည်။ မောင်သာဒွန်းသည် ထိုအတွေးကြောင့် အိမ်ကို အမြန်ဆုံးပြန်ချင်လာပြီး ကားကို မြန်သည်ထက် မြန်အောင်မောင်းခဲ့၏။

မောင်သာဒွန်းသည် ကားကိုတစ်နေကုန်မောင်းနှင်ပြီးနောက် ညနေစောင်း နေဝင်ရီသရောအချိန်၌ ၄င်းတို့မြို့ကို ရောက်ရှိခဲ့လေ၏။

မောင်သာဒွန်းသည် မိမိ၏ ကြီးကျယ်ခမ်းနားသော အိမ်ကြီး ရှေ့သို့ရောက်သောအခါ ကားကိုရပ်တန့်လိုက်၏။

သူသည် ဟွန်းကို ကျယ်လောင်စွာတီးပြီး ဇနီးနှင့်သားကို ဝမ်းမြောက်ဝမ်းသာဖြစ်အောင် ပြုလုပ်မည်ဟု စိတ်ကူးပြီးမှ မိမိကို မမျှော်လင့်ဘဲမြင်တွေ့ရလျှင် ပိုမို၍ ဝမ်းမြောက်ဝမ်းသာ ဖြစ်နိုင်မည် ဟု တွေးမိ၏။

ထိုအတွေးကြောင့် အိမ်ကြီး၏ခြံတံခါးကို ကိုယ်တိုင်တွန်းဖွင့်၍ဝင်ခဲ့၏။ အိမ်ကြီးရှေ့သို့ရောက်သောအခါ အိမ်စေမိန်းကလေးများကို မတွေ့ရသဖြင့် အံ့သြပြီး မျက်မှောင်ကြုတ်







www.burmeseclassic.com

www.burmeseclassic.com



လိုက်မိ၏။

အိမ်ကြီးတစ်အိမ်လုံး တိတ်ဆိတ်ငြိမ်သက်နေ၏။

မောင်သာဒွန်းသည် အိမ်၌မိမိ၏ဇနီးနဲ့သား ရှိမှရှိပါ လေစဟု တွေးမိ၏။ သူငယ်ချင်းလှတိုးသည် မိမိကိုအပူတပြင်း လိုက်လံရှာဖွေနေမည်လား မသိ။

မောင်သာဒွန်းသည် ကျွန်းလှေခါးကြီးအတိုင်း အိမ်ကြီး ၏ အပေါ်ထပ်သို့ တက်ခဲ့လေ၏။ ထိုအခါ ညှိခန်းကြမ်းပြင် ၌ ကစားစရာ အရုပ်ကလေးတစ်ရုပ်ကိုပိုက်၍ အိပ်ပျော်နေသော သားလေး မောင်မြတ်နိုးကို တွေ့လိုက်ရ၏။

မောင်သာဒွန်းသည် မိမိအလွန်ချစ်မြတ်နိုးသော သား လေးကို ရုတ်တရက်တွေ့လိုက်ရသဖြင့် ဝမ်းသာအားရ ပွေ့ဖက်ရန် ကြံစည်လိုက်၏။

ထိုအခိုက်မှာပင် မိမိ၏အိပ်ခန်းထဲမှ ဇနီးဖြစ်သူ၏ ခိုးခိုးခစ်ခစ်ရယ်မောသံကို ကြားလိုက်ရသဖြင့် မယုံနိုင်





လောက်အောင် ဖြစ်သွားလေ၏။

မောင်သာဒွန်းသည် မျက်မှောင်ကြုတ်၍ အိပ်ခန်း တံခါးကို လှုပ်ယမ်းလိုက်ရာ အိပ်ခန်းထဲမှ ဇနီးဖြစ်သူ၏ အော်ဟစ်ကြိမ်းမောင်းလိုက်သောအသံကို ကြားလိုက်ရ၏။ မတင်နွယ်က

" ဟဲ့… ကောင်လေး၊ အခန်းတံခါးကို မခေါက်ရဘူး လို့ နင့်ကို ဘယ်နှစ်ခါပြောရမှာလဲ၊ ကိုယ့်ဘာသာ အေးအေး ဆေးဆေးနေစမ်း၊ နင့်အဖေနောက်ကို လိုက်သွားချင်သလား"

ဟု အော်ဟစ်ကြိမ်းမောင်းလိုက်ရာ မောင်သာဒွန်းသည် မိမိနားကိုပင် မိမိ မယုံနိုင်အောင် ဖြစ်သွားလေ၏။

မောင်သာဒွန်းသည် အနီးရှိ ခွေးခြေကြီးတစ်လုံးကိုယူ၍ အိပ်ခန်းနံရံကိုကျော်၍ ကြည့်လိုက်သောအခါ ခုတင်ပေါ်ရှိ မြင်ကွင်းကြောင့် မိမိမျက်လုံးများပြာဝေသွားလေ၏။

ခုတင်ပေါ်တွင် သူငယ်ချင်းလှတိုးနှင့် မတင်နွယ်ကို



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရှိရပြီး လှတိုးက မတင်နွယ်၏တစ်ကိုယ်လုံးအနှံ့ နမ်းရှုံ့နေကြောင်းတွေ့ရ၏။ မတင်နွယ်သည် ထိုအပြုအမူကိုသဘောကျဟန်ဖြင့် ခိုးခိုးခစ်ခစ် ရယ်မောနေလေ၏။

မောင်သာဒွန်းသည် သစ္စာမရှိသော သူငယ်ချင်းနှင့် ဇနီးဖြစ်သူကိုကြည့်၍ သွေးများ ပွက်ပွက်ဆူလာသယောင် ခံစားရ၏။

လှတိုးသည် မတင်နွယ်ကို နမ်းရှုံ့နေရာမှ ချစ်တင်းနှောရန် ကြံစည်လိုက်ရာ မတင်နွယ်က

" တော်ပါတော့ရှင်… တစ်နေ့ကုန် အချစ်နှာလန်ထနေတာ အားမရသေးဘူးလား၊ ရှင့်ကိုတော့ အရူးအမဲသားကျွေးမိသလို ဖြစ်နေပြီ "

ဟု ဆိုလိုက်ရာ လှတိုးက ရယ်မော၍ မတင်နွယ်ကို ပွေ့ဖက်ကာ

" ခင်ဗျားလိုမိန်းမမျိုးက ဒီလိုချစ်နေမှ တော်ရုံကျတာ





မဟုတ်လား၊ တော်ကြာ သာဒွန်းလို အသုံးမကျတဲ့လူလို့ သဘောထားရင် ဘယ်လိုလုပ်မလဲ "

ဟု ပြောလေရာ မတင်နွယ်က မျက်နှာရှုံ့မဲ့၍

" ဒီလူ့အကြောင်းကို မပြောပါနဲ့ရှင်၊ သူ့နာမည်ကိုတောင် ကျွန်မ မကြားချင်တော့ဘူး၊ မိန်းမရဲ့အလိုက်ကိုလည်း မသိဘူး၊ တစ်ချိန်လုံး သူ့ခေါင်းထဲမှာ အလုပ်တွေပဲရှိတယ်၊ နောက်ပြီးတော့ ရှင့်လိုလဲ ကျွန်မအပေါ်မှာ ကြင်ကြင်နာနာ ချစ်မပေးဘူး "

ဟု ပြောလေ၏။ လှတိုးက သဘောကျဟန်ဖြင့် ရယ်မော၍

" ဒါကြောင့်လည်း ဒီကောင့်ကို ဓားပြတွေလက်ထဲမှာ ဝကွက်အပ်ပြီးထားခဲ့တာပေါ့ကွ၊ အခုလောက်ဆိုရင် ဒီကောင်လဲ ဓားပြသတ်လို့ မြေကြီးထဲရောက်နေပြီ၊ ငါ့အကြံ မကောင်းဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။ မတင်နွယ်က ရယ်မော၍

" ကောင်းတာပေါ့ရှင်၊ သူမရှိတော့ ကျွန်မတို့ ခိုးကြောင် ခိုးဝှက် ချစ်စရာမလိုတော့ဘူးပေါ့၊ ရှင့်စိတ်တိုင်းကျ ချစ်ချင်တိုင်းချစ်လို့ရပြီပေါ့၊ ကျွန်မတို့ကို ပတ်ဝန်းကျင်က မရိပ်မိအောင် အိမ်စေတွေကိုတောင် ထုတ်ပစ်လိုက်ပြီ မဟုတ်လား၊ ရှင့်အတွက် ဘာလိုသေးလို့လဲ၊ အားလုံး သဘောရှိ ဖြစ်နေပြီ "

ဟု ပြောလေရာ လှတိုးက မတင်နွယ်၏ကိုယ်ခန္ဓာကို ပွတ်သပ်၍

" ဒါကြောင့်လည်း ဟောဒီကမိန်းမကို ချစ်ရတာပေါ့၊ အခုဆိုရင် ဒီကောင် ဘုရားဖူးထွက်ရင်း ဝမ်းရောဂါနဲ့သေပြီလို့ တစ်မြို့လုံး ယုံကြည်နေပြီ "

ဟု ပြောလိုက်လေ၏။

မောင်သာဒွန်းသည် ၎င်းတို့၏စကားများကို နားထောင်





ပြီး ဒေါသဖြစ်လွန်းသဖြင့် တစ်ကိုယ်လုံး တဆတ်ဆတ် တုန်ယင်နေမိ၏။

နံရံ၌ ချိတ်ဆွဲထားသော ငှက်ကြီးတောင်ဓားကိုဖြုတ်၍ နှစ်ယောက်စလုံးကို အသေသတ်ပစ်ချင်စိတ်များ တဖွားဖွား ပေါ်ပေါက်လာ၏။ ထို့ကြောင့် ခွေးခြေပေါ်မှပြန်ဆင်းပြီး နံရံ၌ချိတ်ထားသော ငှက်ကြီးတောင်ဓားကို ဖြုတ်ယူလိုက်၏။

ပြီးနောက် ဓားကို တင်းတင်းဆုပ်ကိုင်၍ အိပ်ခန်းရှိရာသို့ လျှောက်လှမ်းလာ၏။ ထိုစဉ် ၎င်း၏သားလေး မောင်မြတ်နိုးသည် အိပ်ပျော်နေရာမှ ယောင်ယမ်း၍

"ဖေဖေ့ကို မထားရစ်ပါနဲ့၊ ဖေဖေ့ကို ပြန်ခေါ်ပေးပါ"

ဟု ရေရွတ်နေကြောင်း ကြားရ၏။

မောင်သာဒွန်းသည် သားလေး မောင်မြတ်နိုး၏ အယောင်ကတမ်း အော်ဟစ်သံကို ကြားလိုက်ရပြီးနောက် လူယုတ်မာ နှစ်ယောက်ကို သတ်ရန် စိတ်ပြောင်းသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဇနီးနှင့်လှယုတ်မာကို ယခု လက်ငင်း သတ်ဖြတ်လိုက်လျှင် ဥပဒေ၏အဆုံးအမကို ခံယူရရှိနိုင်၏။

ထိုအခါ မိမိ၏သားလေး မောင်မြတ်နိုးတစ်ယောက် လူ့လောကအလယ်၌ တစ်ကိုယ်တည်း မျက်နှာငယ်နှင့် ကျန်နေရနိုင်၏။

သစ္စာဖောက်နှစ်ယောက်ကို ပိပိရိရိ လုပ်ကြံသတ်ဖြတ်ပြီးလျှင် မိမိတို့သားအဖ သာယာချမ်းမြေ့စွာ နေထိုင်ရပေလိမ့်မည်။

မောင်သာဒွန်းသည် ဒေါသစိတ်ကိုထိန်း၍ ငှက်ကြီးတောင်ဓားကို နံရံ၌ ပြန်ချိတ်လိုက်ပြီး အိပ်မောကျနေသော သားလေး၏ပါးကို အားပါးတရနမ်း၍ အိမ်ပေါ်မှ ဆင်းသက်လာခဲ့၏။

အိမ်ကြီး၏အပေါက်ဝသို့ရောက်သောအခါ မောင်သာဒွန်း မွေးထားသော ချင်းခွေးကြီးသည် တဝုတ်ဝုတ်ဟောင်၍ လာရောက် နှုတ်ဆက်လေ၏။

မောင်သာဒွန်းသည် မိမိကိုသစ္စာရှိသော ခွေးကြီးကို ကြည့်၍ အံကိုတင်းတင်းကြိတ်ကာ

“ လူယုတ်မာ လှတိုး၊ မင်းဟာ ခွေးတစ်ယောက်လောက်တောင် သစ္စာရှိတဲ့ကောင်မဟုတ်ဘူး၊ မင်းနဲ့ သစ္စာဖောက်မ နှစ်ယောက်စလုံးကို အပြစ်ဒဏ်ခတ်ရမယ် ”

ဟု ကြုံးဝါးကာ ခြံကြီးထဲမှ ထွက်ခဲ့လေ၏။

မောင်သာဒွန်း၏ချင်းခွေးကြီးသည် ခြံထဲမှထွက်၍ သခင်နောက်သို့လိုက်ရန် ကြိုးစားနေသဖြင့် ခြံတံခါးကို လျှင်မြန်စွာ ပိတ်လိုက်ရ၏။

မောင်သာဒွန်းသည် ဂျစ်ကားပေါ်သို့တက်၍ စိတ်နှလုံးကြေကွဲစွာဖြင့် ကမူးရှူးထိုးမောင်းထွက်လာခဲ့၏။ မိမိ၏ချစ်ဇနီး မတင်နွယ်နှင့် စတင်တွေ့ဆုံခဲ့ပုံကို မျက်လုံးထဲတွင် မြင်ယောင်လာမိ၏။







www.burmeseclassic.com

www.burmeseclassic.com



မိမိနှင့်တွေ့ကာစက မတင်နွယ်သည် ပုပ္ပါး၌ပန်းရောင်းသော ပန်းသည်မလေးသာ ဖြစ်၏။ မတင်နွယ်၏မိဘများဆုံးပါးသွားပြီးနောက် ကိုယ်ချင်းစာစိတ်ကင်းမဲ့သော အဒေါ်ဖြစ်သူနှင့် နေထိုင်ခဲ့ရ၏။

ထိုစဉ်က မတင်နွယ်သည် အဒေါ်ဖြစ်သူနှင့် နေထိုင်ရခြင်းကြောင့် များစွာ စိတ်ဆင်းရဲခြင်း ဖြစ်ရ၏။

မိမိနှင့်တွေ့ဆုံပြီးနောက် သူမဘဝသည် အစစအရာရာပြောင်းလဲသွားပြီး ရွှေပေါ်မြတင်ဘဝသို့ ရောက်ရှိခဲ့လေ၏။

မတင်နွယ်သည် သူဌေးကတော်ဘဝဖြင့် လိုတရဖြစ်ခဲ့ရ၏။ မောင်သာဒွန်းသည် မတင်နွယ်ကို ချစ်လွန်းသဖြင့် လိုလေသေးမရှိ အောင် ကြိုးစားပေးခဲ့၏။

လင်သားတစ်ယောက်၏ဝတ္တရားမပျက်အောင်လည်း ဆောင်ရွက်ပေးခဲ့၏။ ထိုသို့တွေးတောရင်း မတင်နွယ်နှင့် လူယုတ်မာလှတိုးတို့၏ ခုတင်ပေါ်တွင်ပြောသော စကားများကို





ပြန်လည်ကြားယောင်ပြီး ဒေါသတကြီးတက်ခေါက်ကာ

" မတင်နွယ်... နင်ဟာ အတော်ရမ္မက်ကြီးတဲ့ မိန်းမပါလား၊ ယောကျ်ားတစ်ယောက်ရဲ့တာဝန်ဝတ္တရားမပျက်အောင်ငါကြိုးစားပေးခဲ့တယ်၊ နင်ကတော့ ရမ္မက်တဏှာရဲ့အလိုကိုလိုက်ပြီး လင်သားအပေါ် သစ္စာဖောက်ဖျက်ခဲ့တယ် "

ထိုသို့ရေရွတ်ရင်း သစ္စာဖောက်လှတိုး၏မျက်နှာကိုမြင်ယောင်လာပြန်၏။

လှတိုးကို ပုလိပ်လက်မှကယ်တင်ပြီး အိမ်ပေါ်သို့ခေါ်ဆောင်လာပုံ၊ သူငယ်ချင်းဝတ္တရားအတိုင်း ပြုစုစောင့်ရှောက်ပုံ၊ မိမိ၏လူယုံတစ်ယောက်ကဲ့သို့ သဘောထားကာ မန်နေဂျာရာထူးခန့်အပ်ခဲ့ပုံများကို မြင်ယောင်လာ၏။

လှတိုးသည် ကျေးဇူးတရားကိုမထောက်ညှာဘဲ မိမိ၏ မိန်းမယားကို ပစ်မှားခဲ့၏။ ၎င်းတို့သည် မိမိ စားပြွမျှားလက်ထဲသို့ မကျရောက်မီကပင် တိတ်တဆိတ် ဖောက်ပြန်နေ



www.burmeseclassic.com

www.burmeseclassic.com



ပုံရ၏။

မိမိဘဝသည် ရင်နာဖွယ်ကောင်းလွန်းလှ၏။ မိမိ၏ အရင်းအနှီးဆုံးလူနှစ်ဦးက နောက်ကျောကို ဓားနှင့်ဝိုင်းထိုးကြ၏။

သူတို့နှစ်ဦးကို တစ်ပြိုင်တည်း သတ်ပစ်ချင်သော်လည်း ဥပဒေ၏အဆုံးအမကို ခံယူရပြီး သားကလေးနှင့် ရှင်ကွဲကွဲမှာ စိုးရိမ်၏။

ယခုအချိန်၌ လူအများက မိမိကို သေလူတစ်ဦးဟု မှတ်ယူထားကြ၏။ ထိုအချက်ကို အခွင့်ကောင်းယူပြီး လူယုတ်မာနှစ်ဦးကို လုပ်ကြံသတ်ဖြတ်ကာ တစ်ချိန်ချိန်၌ လူအများရှေ့သို့ ပြန်လည်ပေါ် ထွက်လာနိုင်၏။

ထိုအခါ ဓားပြလက်၌မသေဘဲ ပြန်လွတ်လာသည်ဟု မှတ်ယူကြပေလိမ့်မည်။





မောင်သာဒွန်းသည် မန္တလေးသို့ ဦးစွာပြန်သွားပြီးနောက် ဦးမောင်ကြီး၏ပွဲရုံသို့သွားကာ သူ၏ဂျစ်ကားကို အပ်နှံလေ၏။ ဦးမောင်ကြီးသည် စိတ်နှလုံးထိခိုက်ဟန်ရှိသော မောင်သာဒွန်းကို ကြည့်၍

" ကိုသာဒွန်းရဲ့မျက်နှာကိုကြည့်ရတာ စိတ်ဆင်းရဲနေပုံရတယ်၊ ကျုပ်တို့က မိတ်ဆွေရင်းခြာတွေပဲ၊ ကိုသာဒွန်းမှာ ဘယ်လို အခက်အခဲတွေရှိလို့လဲ၊ ပြောပါဗျာ၊ ကျုပ်တို့



www.burmeseclassic.com

www.burmeseclassic.com



တတ်နိုင်ရင်ကူညီပါ့မယ် ”

ဟု ပြောလေရာ မောင်သာဒွန်းက ဦးမောင်ကြီး၏ မျက်နှာကို ကြည့်၍ ပြောသင့်မပြောသင့် ချိန်ဆနေလေ၏။

ဦးမောင်ကြီးသည် မိမိနှင့် အလွန်ရင်းနှီးသော မိတ်ဆွေ တစ်ဦးဖြစ်ပြီး စာနာထောက်ထားတတ်သော နှလုံးသားရှိသည် ဟု ယုံကြည်သဖြင့် မိမိ၏နာကြည်းကြေကွဲဖွယ်ဘဝ နောက် ကြောင်းကို ပြောပြလေ၏။

ဦးမောင်ကြီးသည် မောင်သာဒွန်း၏စကားကို အဆုံးတိုင် နားထောင်၍

“ ဖြစ်မှဖြစ်ရလေဗျာ၊ ဒီလူတွေဟာ ကျေးဇူးရှင်ကို ကျေးဇူးစွပ်တဲ့သူတွေဗျ၊ သူတို့ ဘယ်တော့မှ ချမ်းသာမှာ မဟုတ် ဘူး၊ သူတို့မိုက်ပြစ်ကို သူတို့ခံရလိမ့်မယ်၊ ကိုသာဒွန်း သူတို့ကို မေ့ပစ်လိုက်ပါဗျာ၊ ကျုပ်တို့နဲ့ အေးအေးဆေးဆေး စီးပွားတစ်ခု လုပ်ထောင်ပါ ”





ဟု ပြောလေရာ မောင်သာဒွန်းသည် သစ္စာမဲ့သောဇနီး မယားနှင့် လူယုတ်မာကို ကလဲ့စားချေရန် ဆုံးဖြတ်ထားသဖြင့် ဦးမောင်ကြီး၏ ဖိတ်ခေါ်ချက်ကို လက်မခံဘဲ

“ ကျုပ် သူတို့ကို အပြစ်ဒဏ်ခတ်ရမယ်၊ လူ့လောက ကြီးမှာ သစ္စာမဲ့တဲ့သူတွေအတွက် နေရာမရှိဘူးဆိုတာ သူတို့သိ စေရမယ် ”

ဟု ပြောလေရာ ဦးမောင်ကြီးသည် စိတ်နှလုံးပြည့်ဝ သော လူတစ်ဦးဖြစ်လေရာ မောင်သာဒွန်းအား ရန်ကိုရန်ချင်း မတုံ့နှင်းရန်သာ ပြောဆိုလေ၏။

မောင်သာဒွန်းသည် ဦးမောင်ကြီးနှင့်အတူနေလျှင် မိမိ၏ အပြစ်ဒဏ်ခတ်ရေးစီမံကိန်း ပျက်ပြားသွားမှာစိုးသဖြင့် ဦးမောင် ကြီးကို နှုတ်ဆက်ကာပွဲရုံမှ ထွက်ခဲ့လေ၏။

ဦးမောင်ကြီးသည် မိတ်ဆွေကောင်းတို့ဝတ္တရားအတိုင်း မောင်သာဒွန်းကိုအကြိမ်ကြိမ်တားဆီးသော်လည်း မောင်သာဒွန်း



www.burmeseclassic.com

www.burmeseclassic.com



က နားဝင်ခြင်းမရှိဘဲ ကျောခိုင်းထွက်ခဲ့လေ၏။

မောင်သာဒွန်းသည် မိမိဘဝကို တစ်က ပြန်စရန် ကြံရွယ်ထား၏။ ထိုသို့ဘဝသစ်ပြန်စရန် လိုအပ်သော အရင်း အနှီးအတွက် တောတွင်းမှရရှိသော လက်ဝတ်ရတနာများကို အသုံးပြုရန် ဆုံးဖြတ်လိုက်၏။

ထို့ကြောင့် တောတွင်းသို့ တစ်ခေါက်ပြန်သွားပြီး မိမိ ဖွက်ထားသော လက်ဝတ်ရတနာများကို တူးဖော်လေ၏။

လက်ဝတ်ရတနာများရရှိသောအခါ တောတွင်းမှာပင် တစ်ရက်နှစ်ရက် နေထိုင်ပြီး မိမိဘဝရှေ့ရေးအတွက် စီမံကိန်း များချရန် ကြံရွယ်၏။

မောင်သာဒွန်းသည် ရတနာများကို တူးဖော်ပြီး စိတ်အေး လက်အေးကြည့်ရှုသောအခါ လက်ဝတ်ရတနာများကို ပြုလုပ် ထားပုံမှာ အလွန်ရှေးကျသော လက်ရာများဖြစ်ကြောင်း ရိပ်စား မိ၏။





ထိုလက်ဝတ်ရတနာများသည် ရှေးခေတ်မြန်မာတို့၏ လက်ရာထက် တိုင်းတစ်ပါးသားတို့၏လက်ရာများ ဖြစ်ပုံရ၏။ မောင်သာဒွန်းသည် လက်ဝတ်ရတနာများကိုကြည့်ရှုရင်း ထိုပစ္စည်းများကို ထုခွဲ ရောင်းချချင်စိတ်များ တဖြည်းဖြည်း နည်းပါးလာ၏။

ထိုပစ္စည်းများသည် ခိုင်မာသော သမိုင်းနောက်ခံရှိ မည်ဟူ၍လည်းထင်မြင်မိ၏။ လက်ဝတ်ရတနာများကို အလွယ် တကူရောင်းချပြီး မိမိ၏စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်လို စိတ်မရှိတော့ချေ။

မောင်သာဒွန်းသည် လက်ဝတ်ရတနာများကို အချိန်အား တိုင်းကြည့်ရှုနေပြီး ထူးဆန်းစွာပင် ထိုပစ္စည်းများကို ကိုယ်ကျိုး အတွက် သုံးစွဲလိုစိတ် မရှိတော့ချေ။

ထို့ကြောင့် လက်ဝတ်ရတနာများကို ကျွန်းပင်ကြီးသုံးပင် ဖိုခနောင့်ဆိုင်ရှိသောနေရာ၌ ပြန်လည်မြှုပ်နှံထားလိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



တောတွင်းမှ တစ်ကိုယ်တည်း လက်ဗလာဖြင့် ပြန်လာခဲ့လေ၏။





မောင်သာဒွန်းသည် ရန်ကုန်မြို့ကြီးသို့သွား၍ မိမိဘဝကို တစ်ကပြန်စရန် ကြံစည်၏။ မိမိ၏လက်ထဲ၌ မိတ်ဆွေကြီး ဦးမောင်ကြီး ရက်ရက်ရောရော ကူညီခဲ့သော ငွေကြေးအနည်းငယ်ရှိ၏။

ထိုငွေကြေးများကို အသုံးချ၍ လုပ်ငန်းငယ်လေးတစ်ခု တည်ထောင်လို၏။ မောင်သာဒွန်းသည် ရန်ကုန်မြို့သို့ရောက်သောအခါ ရွှေတိဂုံဘုရားခြေရင်းရှိ ရေပ်ကြီးတစ်ဆောင်၌ အိပ်စက်၍ အလုပ်အကိုင် ရှာဖွေရန်ကြံစည်၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်သာဒွန်းသည် နောက်တစ်နေ့၌ရန်ကုန်မြို့ထဲတွင် လှည့်လည်ကြည့်ရှုလေ၏။ ထိုသို့ကြည့်ရှုရင်း ရန်ကုန်မြို့၌မိမိ အတွက် စီးပွားရေးအကွက်အကွင်းများစွာရှိကြောင်း တွေ့ရလေ၏။

မောင်သာဒွန်းသည် သိမ်ကြီးဈေးတစ်ဝိုက်သို့ရောက်သောအခါ ရန်ကုန်မြို့ကို တရုတ်၊ ကုလားများသာ ကြီးစိုးထားကြောင်း တွေ့ရ၏။

တရုတ်တန်းသို့ရောက်သောအခါ၌လည်း တရုတ်ပြည်သို့ မှားယွင်း၍ရောက်နေသွားသလားဟူ၍ပင် ထင်မြင်မိလေ၏။

မောင်သာဒွန်းသည် တရုတ်တန်းမှ ကမ်းနားလမ်းဘက်သို့ ရောက်ရှိသွားပြန်၏။ ကမ်းနားလမ်း၌ ကုလားကူလီများစွာကို တွေ့ရ လေ၏။

ကုလားကူလီများသည် ကိုယ့်အစုနှင့်ကိုယ် နပန်းသတ်





ခြင်း၊ ကုလားမုံ့တီးခြင်း စသည်တို့ကို ပြုလုပ်၍ ပျော်ရွှင်ဖွယ် ကောင်းအောင် နေထိုင်ကြလေ၏။

မောင်သာဒွန်းသည် ကုလားကူလီများကိုကြည့်ရင်း ဗိုက်ထဲတွင် ဆာလောင်လာသဖြင့် ကုလားများ ရောင်းချသော ဘယာကြော်သုပ်တစ်ပွဲကို မှာယူစားသောက်လေ၏။

မောင်သာဒွန်းသည် ဘယာကြော်သုပ်စားပြီးနောက် ကမ်းနား လမ်းအတိုင်း လျှောက်လှမ်းသွားပြီး ဆိပ်ခံတံတား၌ တစ်ကိုယ်တည်း ရပ်တန့်၍ ရန်ကုန်မြစ်ကြီးကို ငေးမောကြည့်ရှု နေလေ၏။

ထိုအခိုက်မှာပင် မောင်သာဒွန်း၏နံဘေးသို့ ဥရောပ ဝတ်စုံ ဝတ်ဆင်ထားသောကုလားအဘိုးကြီးတစ်ဦး ရောက်ရှိလာပြီး မောင်သာဒွန်းကဲ့သို့ ရန်ကုန်မြစ်ကြီးကို ငေးမောကြည့်ကာ လှေကောင်းလှေသန်များကို အားပါးတရ ရှုရှိုက်နေလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်သာဒွန်းသည် ကုလားအဘိုးကြီးကို မသိမသာ စောင်းငဲ့ကြည့်လိုက်ရာ ၎င်းဝတ်ဆင်ထားသော ဥရောပဝတ်စုံမှာ လွန်စွာ အမျိုးအစားကောင်းပြီး ဖိနပ်မှာလည်း အရောင်တဖိတ်ဖိတ်တောက်အောင် တိုက်ချွတ်ထားကြောင်း တွေ့ရလေ၏။

ကုလားအဘိုးကြီး၏ ဥပမိရုပ်မှာ လွန်စွာကောင်းမွန်ပြီး အဆင့်အတန်းမြင့်သော အဝတ်အစားများကို ဝတ်ဆင်ထားသဖြင့် ကြွယ်ဝချမ်းသာသော လူကြီးတစ်ယောက် ဖြစ်ပုံရ၏။

ထိုအခိုက်မှာပင် ဆိပ်ခံဘောတံတားအနီးသို့ လူမိုက်ဆန်ဆန် လူငယ်သုံးဦးရောက်ရှိလာပြီး ငွေကြေးကြွယ်ဝသော ကုလားအဘိုးကြီး အနီးသို့ကပ်၍

" ဘာဘူကြီး… ကျုပ်တို့ကို ပိုက်ဆံနည်းနည်းပေးပါ၊ ကျုပ်တို့အရက်သောက်ဖို့ ပိုက်ဆံလိုနေတယ် "

ဟု တောင်းဆိုလိုက်လေ၏။





မောင်သာဒွန်းသည် အသက်အရွယ်ကြီးရင့်သော ကုလားအဘိုးကြီးတစ်ယောက်အား မြန်မာလူငယ်များက နိုင်ထက်စီးနင်း ပြုကျင့်ခြင်းကို မနှစ်မြို့ဘဲ ဖြစ်သွား၏။

ကုလားအဘိုးကြီးက မြန်မာလူငယ်များကို ငဲ့စောင်းကြည့်၍ မည်သည့်စကားမျှမဆိုဘဲ ဥရောပဝတ်စုံအောက်သို့ လက်ဖြင့်နှိုက်၍ ပိုက်ဆံအိတ်ကိုထုတ်လိုက်ပြီး ငွေစက္ကူတစ်ရွက်ကို ထုတ်ပေးလိုက်၏။

ထိုအခါ လူငယ်များသည် ကုလားအဘိုးကြီး၏ ပိုက်ဆံအိတ်ကို မြင်တွေ့သွားပြီး လောဘဇောကပ်ကာ

" ဘယ်လိုလဲဗျ၊ ကပ်စေးနှဲလှချည်လား၊ ကျုပ်တို့သုံးယောက်နဲ့ငွေစက္ကူလေးတစ်ရွက်နဲ့ဘယ်လိုလုပ်ပြီး လောက်မှာလဲ၊ ခင်ဗျားရဲ့ ပိုက်ဆံအိတ်ကြီးတစ်အိတ်လုံးပေးမှဖြစ်မယ် "

ဟု ဆိုလိုက်ရာ မောင်သာဒွန်းသည် လူငယ်များ၏ အပြုအမူကို လျစ်လျူရှု၍မနေနိုင်တော့ဘဲ ၎င်းတို့အနီးသို့



www.burmeseclassic.com

www.burmeseclassic.com



လျှောက်လှမ်းသွားပြီး

" မင်းတို့လွန်ပြီကွာ၊ မြန်မာလူငယ်တွေဖြစ်ပြီး တိုင်းတစ်ပါး သားတစ်ယောက်ကို ဘာဖြစ်လို့ အနိုင်ကျင့်ချင်ရတာလဲ၊ မင်းတို့လို လူတွေကြောင့် ငါတို့မြန်မာတွေ နာမည်ပျက်ရလိမ့်မယ်ကွ "

ဟု ဆိုလိုက်ရာ လူငယ်များသည် မောင်သာဒွန်းကို မကျေမချမ်းကြည့်၍ လူငယ်တစ်ဦးက

" ဟေ့လူ… ကိုယ်နဲ့မဆိုင်ရင် ဝင်မရှုပ်နဲ့၊ နာချင်လို့လား၊ ဒီနေရာက ထွက်သွားစမ်း "

ဟု အမိန့်ပေးလိုက်လေ၏။

မောင်သာဒွန်းက ခေါင်းခါယမ်း၍

" ထွက်သွားရမှာက ငါမဟုတ်ဘူးကွ၊ မင်းတို့လို အချောင်သမားတွေပဲ "

ဟု ဆိုလိုက်ရာ လူငယ်များသည် မောင်သာဒွန်းကို





တစ်ယောက်တစ်လှည့် ဝိုင်းဝန်းထိုးကြိတ်ကြလေ၏။

မောင်သာဒွန်းသည် ငယ်စဉ်ကပင် လက်ဝှေ့ပညာကို သင်ယူခဲ့ဖူးပြီး ဆန်စက်ထဲ၌ အလုပ်သမားများနှင့် အပျင်းပြေ လက်ဝှေ့ထိုးကျင့်ရှိ၏။

ထို့ကြောင့် အသတ်အပုတ်ကျင်လည်သူတစ်ဦးဟု ဆိုနိုင်၏။ မောင်သာဒွန်းသည် မြန်မာလူမိုက်သုံးယောက်ကို အလွယ်တကူ အထိနာအောင် ထိုးကြိတ်နိုင်၏။

လူငယ်သုံးယောက်သည် အခြေအနေမဟန်မှန်းသိသဖြင့် မောင်သာဒွန်းကို ဆဲဆိုပြီး ထိုနေရာမှ ထွက်ပြေးလေတော့၏။

ထိုအခါ ကုလားအဘိုးကြီးက မောင်သာဒွန်းအနီးသို့ လျှောက်လှမ်းလာပြီး

" သတ္တိကောင်းတဲ့ မြန်မာလူငယ်တစ်ယောက်ပါပဲ၊ အခုလို ကူညီပေးတာ ကျေးဇူးတင်ပါတယ် "

ဟု ပြောလေရာ မောင်သာဒွန်းက ခေါင်းခါ၍



www.burmeseclassic.com

www.burmeseclassic.com



" ရပါတယ် ဘာဘူကြီးရယ်၊ ကျုပ်တို့မြန်မာတွေက အားနည်းတဲ့ဘက်က ဝင်ပြီးရပ်တည်တတ်ပါတယ် "

ဟု ပြော့လေ၏။

ထိုအခါ ကုလားအဘိုးကြီးက မောင်သာဒွန်းကို သဘောကျဟန်ဖြင့် ကြည့်၍

" မင်းက ကျုပ်ရှာနေတဲ့လူစားမျိုးပဲ၊ ကျန်းမာရေးလည်း ကောင်း၊ သူရသတ္တိလည်းရှိ၊ ကိုယ်ခန္ဓာကလည်း ကျန်းမာသန် စွမ်းလိုက်တာ၊ ကျုပ်တို့ အေးအေးဆေးဆေး စကားပြော အောင်၊ ဘုံဘေရက်စတောရင့်ကို သွားကြရအောင် "

ဟု ပြောလေ၏။

မောင်သာဒွန်းသည် ကုလားအဘိုးကြီးနှင့်အတူ ဘုံဘေ ရက်စတောရင့်သို့ လိုက်ခဲ့လေ၏။

ကုလားအဘိုးကြီးသည် ဘုံဘေရက်စတော့ရင့်သို့ရောက် သောအခါ သီးသန့်ခန်းတစ်ခန်းကို မှာယူ၍ တန်ဖိုးကြီးသော





ဥရောပအစားအစာများကို မှာယူစားသောက်လေ၏။

ပြီးနောက် တန်ဖိုးကြီးဝိုင်ပုလင်းကိုဖွင့်၍ မောင်သာဒွန်း ၏ ဖန်ခွက်ထဲသို့ ထည့်ပေးလေ၏။

မောင်သာဒွန်းသည် တောသူဌေးတစ်ယောက်ဖြစ်သော် လည်း အသောက်အစားကင်းသူဖြစ်သဖြင့် ကုလားအဘိုးကြီး ကမ်းပေးသော ဝိုင်ခွက်ကို လက်ကာပြ၍

" ကျွန်တော် မသောက်တတ်လို့ အချိုရည်ပဲ သောက် ပါမယ် "

ဟု ပြောလေရာ ကုလားအဘိုးကြီးက မောင်သာဒွန်းကို သို့ငင်သောမျက်လုံးများဖြင့်ကြည့်ရှုလိုက်ပြီး

" မိတ်ဖြစ်ဆွေဖြစ် နည်းနည်းတော့ သောက်ပါ၊ သော်… မောင်ရင့်နာမည် ဘယ်လိုခေါ်သလဲပြောပါဦး "

ဟု မေးမြန်းလေ၏။ ထိုအခါ မောင်သာဒွန်းက သူ၏အမည်ကို ပြောပြလိုက်လေရာ ကုလားအဘိုးကြီးက



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းညိတ်၍

" မောင်သာဒွန်း… မောင်သာဒွန်း… အတော်မြန်မာဆန်တဲ့ နာမည်ပဲ၊ ကျုပ်နာမည် ဖရာမလို့ ခေါ်တယ်၊ ဒါပေမဲ့ ကျုပ်ကို ဘာဘူကြီးလို့ပဲ လွယ်လွယ်ခေါ်ဖို့ ရပါတယ် "

ဟု ပြောလေ၏။

မောင်သာဒွန်းသည် ကုလားအဘိုးကြီးကို အကဲခတ်ကြည့်ရှုလေရာ အိန္ဒိယလူမျိုးတစ်ယောက်ဖြစ်သော်လည်း အလွန်ဘိုဆန်ပြီး အင်္ဂလိပ်စကားကို လန်ဒန်မြို့ကြီးသားတစ်ယောက်ကဲ့သို့ သွက်လက်စွာ ပြောဆိုနိုင်လေ၏။

မောင်သာဒွန်းသည် ရွှေမျက်မှန်ကိုင်းအနောက်ရှိ ကုလားအဘိုးကြီး၏မျက်လုံးများကိုကြည့်၍ လွန်စွာထူးဆန်းသော အတွေးတစ်ခုကို တွေးတောမိလေ၏။

ကုလားအဘိုးကြီးသည် အနောက်တိုင်းဆန်ဆန် ဥရောပဝတ်စုံကို ဝတ်၍ ဘိုဆန်ဆန် အစားအစာများကို စားသောက်နေ





သော်လည်း အဘိုးကြီး၏မျက်လုံးများသည် မှိုင်းညို့ပြီး လေးနက်သော ဟန်ပန်မျိုး ဖြစ်ပေါ်နေ၏။

ကျွန်ုပ်သည် ထိုသို့ကြည့်ရှုရင်း ကုလားအဘိုးကြီးအား ဆာဒူး(ကုလားဘုန်းကြီး)တစ်ပါးနှင့်တူသည်ဟု ခံစားနေမိ၏။

ထိုအချိန်၌ ကျွန်ုပ်သည် ဝိုင်အရက်တစ်ခွက်ပြီးတစ်ခွက် သောက်မိသဖြင့် အတော်အတန် မူးယစ်လာလေ၏။ ကုလားအဘိုးကြီးက ကျွန်ုပ်၏မျက်လုံးများကို စူးစိုက်ကြည့်၍

" ကျုပ်ကို ဆာဒူးတစ်ယောက်နဲ့တူတယ်လို့ ထင်နေတာလား၊ ကျုပ်က ဥရောပနိုင်ငံတွေမှာ နေခဲ့ဖူးသလို ဟိမဝန္တာတောထဲမှာလည်း အကြာကြီး နေခဲ့ဖူးတယ်၊ ကျုပ် ဟိမဝန္တာမှာ ဆာဒူးကြီးတွေဆီက ပညာအမျိုးမျိုးကို သင်ယူဖူးတယ် "

ဟု ပြောလေရာ မောင်သာဒွန်းက ကုလားအဘိုးကြီးကို ကြည့်၍

" ဘာဘူကြီးက တော်တော်စုံတာပဲ၊ ဘာဘူကြီးရဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘဝကို အားကျလိုက်တာ၊ ကျုပ်ဘဝကတော့ ရေစုန်မျော ပါပြီဗျာ ''

ဟု ဆိုကာ မူးမူးနှင့် သူ့ဘဝ၏ နာကြည်းကြေကွဲဖွယ် ကောင်းသော နောက်ကြောင်းကို ပြော ပြလေ၏။

ကုလားအဘိုးကြီးသည် မောင်သာဒွန်း၏စကားများကို စိတ်ဝင်စားဟန်ဖြင့် နားထောင်၍

" ဒါတွေဟာ ရှောင်လွှဲလို့မရတဲ့ ဝဋ်ကြွေးကြောင့် ဖြစ်လာတာပဲ၊ ကျုပ်လည်း ဝဋ်ကြွေးတွေ အများကြီးဆပ်နေ ရတယ်၊ မောင်ရင်နဲ့တွေ့မှ ကျုပ်ရဲ့ဝဋ်ကြွေးတွေ ပြေတော့မယ် ထင်တယ်၊ မောင်ရင်ဟာ ကျုပ်ရှာနေတဲ့ ကျန်းမာသန်စွမ်းတဲ့ လူတစ်ယောက်ပါပဲ၊ ဒါနဲ့ မောင်ရင့်မှာ အသက်အန္တရာယ်ကို ထိခိုက်လောက်တဲ့ ရောဂါရှိသလား ''

ဟု မေးမြန်းလေ၏။ ကျွန်ုပ်က ခေါင်းခါယမ်း၍

" ကျွန်တော့်ရဲ့ကျန်းမာရေး သိပ်ကောင်းပါတယ်၊





ဘာရောဂါမှ မရှိဘူး၊ တစ်ကြိမ်တစ်ခါမှ ဖျားနာတယ်ရယ် လို့လည်း မရှိပါဘူး ''

ဟု ပြောလေ၏။

ကုလားအဘိုးကြီးက ခေါင်းတဆတ်ဆတ်ညိတ်၍

" မောင်ရင်ဟာ တန်ဖိုးရှိတဲ့ ခန္ဓာကိုယ်တစ်ခုကို ပိုင်ဆိုင်ထားတာပဲ၊ ဒါနဲ့ မောင်ရင့်ကိုကြည့်ရတာ အတော် မူးယစ်နေပြီ ထင်တယ်၊ အမူးပြေသွားအောင် နတ်သုဓာ သောက်လိုက်ဦး ''

ဟု ဆိုကာ ကုတ်အင်္ကျီအိတ်ထဲမှ ကျောက်စိမ်းပုလင်း လေးတစ်လုံးကိုထုတ်၍ ပုလင်းထဲမှ အနီရောင်အမှုန့်လေး များကို မောင်သာဒွန်း၏ ဝိုင်ခွက်ထဲသို့ ထည့်လိုက်လေ၏။

မောင်သာဒွန်းသည် ဝိုင်ခွက်ထဲသို့ထည့်လိုက်သော အနီရောင် အမှုန့်လေးများကိုကြည့်၍

" နတ်သုဓာ ဟုတ်လား၊ ဘယ်လိုအာနိသင်မျိုးရှိလို့လဲ ''



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးမြန်းလေ၏။ ကုလားအဘိုးကြီးက မောင်သာဒွန်း၏ မျက်နှာကို လေးနက်ဟန်ဖြင့်ကြည့်၍

“ နတ်သုဓာဆိုတာ အလွန်အဘိုးတန်တဲ့ ဘဝပြောင်းဆေးပါ၊ မောင်ရင့်ဘဝဟာ အပြောင်းလဲကြီး ပြောင်းလဲသွားလိမ့်မယ်၊ ဒီဆေးကိုစားပြီးရင် သေခြင်းကိုတောင် အောင်မြင်နိုင်တယ် ”

ဟု ပြောလေရာ မောင်သာဒွန်းသည် ဝိုင်အရက်ရှိန်ကြောင့် အာသွက်လျှာသွက်ဖြစ်နေပြီး

“ သေခြင်းကိုတောင် အောင်မြင်နိုင်တယ် ဟုတ်လား၊ မဖြစ်နိုင်တာ ဘာဘူကြီးရယ်၊ သေခြင်းကို အောင်နိုင်တဲ့သူ လောကမှာ မရှိနိုင်တာ ”

ဟု ပြောလိုက်လေ၏။ ကုလားအဘိုးကြီးက သက်ပြင်းချ၍

“ မောင်ရင်တို့ကတော့ ဒီလိုပဲ ယူဆထားမှာပေါ့၊





တကယ်တော့ သေတယ်ဆိုတာ မရှိပါဘူး၊ သေခြင်းတရားဟာ ဘဝတစ်ခုကတစ်ကို ပြောင်းလဲချိန်မှာ ကန့်လန့်ကာချလိုက်တဲ့ သဘောပါပဲ၊ လူတွေဟာ နှလုံးခုန်နေချိန်မှာ အသက်ရှင်နေတယ်လို့ ယုံကြည်ကြတယ်၊ ကျုပ် ဟိမဝန္တာမှာနေတုန်းက နှလုံးခုန်တာကို သူတို့စိတ်တိုင်းကျ ထိန်းချုပ်ထားနိုင်တဲ့ ဆာဒူးကြီးတွေ တွေ့ခဲ့ဖူးတယ်၊ သူတို့နဲ့ အနေကြာလာတော့ ကျုပ်ကိုယ်တိုင်လည်း နှလုံးကို ခုန်ဆိုရင် ခုန်နိုင်တယ်၊ မခုန်ဘဲ ရပ်ဆိုရင်လည်း ရပ်ထားနိုင်တယ် ”

ဟု ပြောလေရာ မောင်သာဒွန်းက ကုလားအဘိုးကြီးကို မယုံနိုင်ဟန်ဖြင့် ကြည့်လိုက်လေ၏။ ကုလားအဘိုးကြီးက ဆက်လက်၍

“ ကျုပ်က နှလုံးခုန်တာတင်မကဘူး၊ အစာအိမ်ကိုရော ကျောက်ကပ်ကိုရော လိုချင်တဲ့နေရာမှာ ပြောင်းရွှေ့ထားနိုင်တယ်၊ ဟိမဝန္တာက ဆာဒူးကြီးတွေ အားလုံးလိုလို ကျုပ်လို



www.burmeseclassic.com

www.burmeseclassic.com



အစွမ်းတွေ ရှိကြတယ်၊ မောင်ရင် မယုံရင် ကျုပ်ရဲ့နှလုံးကို လက်နဲ့ထိထားစမ်းပါ ”

ဟု ပြောလေ၏။

မောင်သာဒွန်းသည် ကုလားအဘိုးကြီး ဗရာမ၏နှလုံး နေရာကို လက်ဖြင့်ထိကိုင်ထားလိုက်၏။ ကုလားအဘိုးကြီး သည် မျက်လုံးမှိတ်၍ တစ်ခဏ ငြိမ်သက်နေလိုက်ရာ သူ၏ နှလုံးခုန်သံတဖြည်းဖြည်း နှေးကွေးသွားပြီး သက်မဲ့အရုပ် တစ်ခုလို ဖြစ်သွား၏။

ခဏကြာလျှင် နှလုံးခုန်သံ လုံးဝရပ်တန့်သွားလေရာ မောင်သာဒွန်းသည် မယုံနိုင်အောင်ပင် အံ့သြသွားလေ၏။ ကုလားအဘိုးကြီးက မောင်သာဒွန်း၏ အံ့သြနေသော မျက်နှာကိုကြည့်၍

“ မောင်ရင် သိပ်အံ့သြနေသလား၊ ကျုပ်ရဲ့နှလုံးကိုသာ မကဘူး၊ ခန္ဓာကိုယ်ထဲမှာ လှည့်ပတ်နေတဲ့ သွေးကိုတောင်





ရပ်တန့်သွားအောင် လုပ်ပြနိုင်တယ်၊ မောင်ရင် ကျုပ်ရဲ့လက် ကောက်ဝတ်က သွေးပြန်ကြောကို လက်နဲ့ဖိထားစမ်းပါ ”

ဟု ဆိုကာ သူ၏လက်ကောက်ဝတ်ကို ထိုးပေး၏။

မောင်သာဒွန်းသည် ကုလားအဘိုးကြီး၏ လက်ကောက် ဝတ် သွေးပြန်ကြောကို ဖိကိုင်ထားရာမှ တစ်မိနစ်ခန့်ကြာ သောအခါ သွေးတိုးနှုန်းသည် တဖြည်းဖြည်း နှေးကွေးရာမှ ရပ်တန့်သွားလေ၏။

ထိုသို့ သွေးခုန်နှုန်းရပ်တန့်သွားခြင်းသည် ငါးမိနစ်မျှ ကြာညောင်းလာသောအခါ မောင်သာဒွန်းသည် မအံ့သြဘဲ မနေနိုင်တော့ချေ။

လူတစ်ယောက်၏ သွေးခုန်နှုန်းသည် တစ်မိနစ်လျှင် ပျမ်းမျှအကြိမ် ၇၀ နီးပါးရှိလေရာ ကုလားအဘိုးကြီး၏ အစွမ်း သည် အံ့မခန်းပင် ဖြစ်၏။

ကုလားအဘိုးကြီးက အတန်ကြာသောအခါ သူ၏အစွမ်း



www.burmeseclassic.com

www.burmeseclassic.com



ပြခြင်းကို ရပ်တန့်လိုက်ပြီး

" ကျုပ်ရဲ့သွေးခုန်နှုန်းကိုသာမကဘူး၊ အသက်ရှူတာကို လည်း ရပ်တန့်နိုင်တယ်၊ ကျုပ်တို့အရှေ့တိုင်းရဲ့ပညာတွေကို အနောက်တိုင်းကလူတွေ နားမလည်နိုင်ဘူး၊ သူတို့ဟာ ရုပ်ခန္ဓာ ရဲ့အပြင်ပိုင်းကိုသာ လေ့လာနိုင်တယ်၊ အတွင်းပိုင်းကိုတော့ သူတို့ လုံးဝလိုက်မမီနိုင်ဘူး၊ သူတို့ဟာ လက်တွေ့လေ့လာမှု တွေမှာပဲ အားသန်ကြတယ်၊ အဆင့်မြင့်ကျင့်စဉ်တွေကို မလေ့ ကျင့်နိုင်ရင် လက်တွေ့လေ့လာမှုတွေဟာ အလကားပါပဲ၊ ဒါတွေကို သူတို့နားလည်ဖို့ နောင်နှစ်ပေါင်း တစ်ရာလောက် စောင့်ရဦးမယ်၊ ဒါတွေကိုပြောနေရင် ရှည်ပါတယ်လေ၊ နတ်သုဓာဆေးကို သောက်လိုက်ပါဦး၊ မောင်ရင့်ရဲ့ရုပ်ခန္ဓာ တစ်ခုလုံး ပြောင်းလဲသွားလိမ့်မယ် "

ဟု ပြောလိုက်ရာ မောင်သာဒွန်းက နားမလည်ဟန်ဖြင့် မျက်မှောင်ကြုတ်ကြည့်၍





" ဘယ်လိုပြောင်းလဲသွားမှာလဲ "

ဟု မေးမြန်းလိုက်၏။

ကုလားအဘိုးကြီးက မောင်သာဒွန်း၏မျက်လုံးကို စူးစိုက် ကြည့်၍

" သောက်လိုက်ပါ၊ ထူးခြားမှုရှိမှာပါ "

ဟု စိတ်ညို့သကဲ့သို့ ပြောလိုက်၏။

မောင်သာဒွန်းသည် နတ်သုဓာထည့်ထားသောအရက်ကို သောက်လိုက်ရာ ရင်ထဲတွင် ရှိန်းခနဲ ဖိန်းခနဲ ပူဆင်းသွားပြီး ကိုယ်ခန္ဓာတစ်ခုလုံး ပြောင်းဆန်သွားသကဲ့သို့ ခံစားရလေ၏။

မောင်သာဒွန်း၏ခေါင်းထဲတွင် မူးမိုက်သလိုဖြစ်သဖြင့် စားပွဲခုံကို လက်ဖြင့်ဆုပ်ကိုင်ထားလိုက်ရ၏။ ကုလားအဘိုး ကြီးက မောင်သာဒွန်းကိုကြည့်၍

" နတ်သုဓာရဲ့အစွမ်းက မကြာမီပြတော့မယ်၊ မောင်ရင် တစ်ယောက်တည်း ပြန်လို့မဖြစ်ဘူး၊ ကျုပ်အိမ်ကို လိုက်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



ပေတော့ ''

ဟု ဆိုကာ ဆိုင်ရှိ စားပွဲထိုးကို အငှားကားခေါ်ခိုင်းပြီး မောင်သာဒွန်း၏ကိုယ်ခန္ဓာကို ဝိုင်းကူ၍တွဲစေ၏။

မောင်သာဒွန်းသည် ခေါင်းထဲတွင် မူးမိုက်သောခံစားမှုမျိုးဖြစ်နေသဖြင့် ကုလားအဘိုးကြီး၏ခေါ်ဆောင်ရာသို့ မငြင်းဆန်ဘဲ လိုက်ပါလာလေ၏။

သူသည် ခဏကြာသောအခါ မူးမိုက်မှုများပြေသွားပြီး အငှားကားနှင့်လိုက်ပါရင်း ရန်ကုန်မြို့ထဲရှိ ရှုခင်းများကို ကြည့်ရှုနေမိ၏။

သူသည် ဆူးလေစေတီတော်ကြီး၏ပတ်ဝန်းကျင်ကို ကြည့်၍ ယခင်က ရွက်ဖျင်တဲများထိုး၍ ဥရောပမျက်လှည့်ဆရာများ မျက်လှည့်ပြခဲ့ပုံ၊ ဆက်ကပ်ပွဲများ ကျင်းပခဲ့ပုံကို မြင်ယောင်နေလေ၏။

ထို့ပြင် ကွမ်းခြံဘူတာကြီးကိုကြည့်၍ ရှေ့က ဘူတာ





ခတည်ဆောက်မီ ကျောက်မီးသွေးရထားများ သွားလာနေပုံကို မြင်ယောင်နေလေ၏။

ကုလားအဘိုးကြီးက ကျွန်ုပ်၏အမူအရာကိုကြည့်၍

'' စိတ်ထဲမှာ ဘယ်လိုခံစားနေရသလဲ ''

ဟု မေးမြန်းလေရာ မောင်သာဒွန်းက ခေါင်းခါယမ်း၍

'' ကျွန်တော် နားမလည်နိုင်တော့ဘူး၊ ကျွန်တော့်ဘစ်သက်မှာ တစ်ကြိမ်တစ်ခါမှမသိတဲ့ ရှေးကအကြောင်းတွေကို သိမြင်နေသလိုပဲ၊ ဥပမာ အဆောက်အဦကြီးတွေကို ကြည့်လိုက်ရင် အရင်က ဒီအဆောက်အဦကြီးနေရာမှာ ဘာရှိဘယ်ဆိုတာ သိမြင်နေရတာယ် ''

ဟု နားမလည်မှာန်ဖြင့် ပြောဆိုလေရာ ကုလားအဘိုးကြီးက သဘောကျဟန်ဖြင့် ရယ်မော၍

'' ဒါဟာ နတ်သုဓာဆေးရဲ့ အစွမ်းပြတာပေါ့ကွ၊ မင်းဘဝဟာ တဖြည်းဖြည်း ပြောင်းလဲရတော့မယ်၊ ဒီလိုပြောင်းလဲ



www.burmeseclassic.com

www.burmeseclassic.com



သွားရင် အရာရာနဲ့ လိုက်လျောညီထွေနေဖို့ ကြိုးစားပါ ”

ဟု ပြောလေရာ မောင်သာဒွန်းက နားမလည်ဟန်ဖြင့်

“ ဘယ်လိုလိုက်လျောညီထွေနေရမှာဘဲ၊ ဘာဘူကြီး စကားကို နားမလည်တော့ဘူး ”

ဟု ဆိုလေ၏။

ထိုအခါ ငှင်းတို့စီးလာသော အငှားကားသည် ကန်တော်ကြီးစောင်းသို့ ရောက်ရှိလာပြီး ခမ်းနားကြီးကျယ်သော အိမ်ကြီးတစ်လုံးရှေ့သို့ရောက်သောအခါ ကုလားအဘိုးကြီးက အိမ်ထဲသို့ ဝင်ခိုင်းလိုက်လေ၏။

ခြံစောင့်သည် တံခါးကို လာဖွင့်ပေးသဖြင့် အငှားကားသည် ခြံထဲသို့ မောင်းဝင်သွားလေ၏။ အိမ်ကြီး၏ပေါ်တီကိုအောက်၌ ကားရပ်သောအခါ အိမ်စေများသည် ကားအနီးသို့ စုပြုံ၍ ရောက်ရှိလာ၏။

ကုလားအဘိုးကြီးက အိမ်စေတစ်ဦးကို ခေါ်၍ မောင်သာဒွန်းအား အိမ်ကြီး၏အပေါ်ထပ်အိပ်ခန်းသို့ ပို့ဆောင်ရန် စေခိုင်းလိုက်လေ၏။

အိမ်စေတစ်ဦးသည် မောင်သာဒွန်းအား အပေါ်ထပ်သို့ ခေါ်ဆောင်သွားပြီး အိပ်ခန်းတစ်ခန်းရှိ သန့်စင်သော ခုတင်၌ အိပ်စက်ခိုင်းလေ၏။

မောင်သာဒွန်းသည် ခုတင်၌လဲလျောင်းရင်း ကုလားအဘိုးကြီးနှင့် ဆိပ်ကမ်း၌ မမျှော်လင့်ဘဲ မိတ်ဆွေဖြစ်ရာမှ အရက်မူးလွန်ပြီး အဘိုးကြီး၏အိမ်သို့ ရောက်ရှိလာပုံကို တွေးတောနေလေ၏။

ထိုသို့တွေးတောရင်း သူ၏ သစ္စာဖောက်မိန်းမနှင့် သူယုတ်မာ လှတိုး၏မျက်နှာကို မြင်ယောင်ပြီး တက်တစ်ချက်ကို ကျယ်လောင်စွာ ခေါက်လိုက်လေ၏။

ထိုအခိုက်မှာပင် အခန်းထဲသို့ ကုလားအဘိုးကြီး ရုတ်တရက် ဝင်ရောက်လာပြီး





စေတနာစာပေ

BURMESE CLASSIC .com
www.burmeseclassic.com

" ဒေါသစိတ်ကို ထိန်းချုပ်မှပေါ့ မောင်ရစ်ရယ်၊ ဒေါ

ကြီးတဲ့လူဟာ ပိုမိုပြီး အိုမင်းရင့်ရော်ကြတယ်ကွ၊ ကျုပ်အသ

ကို မောင်ရင်ခန့်မှန်းကြည့်စမ်း၊ ဘယ်လောက်ရှိပြီ ထင်သလဲ

ဟု မေးမြန်းလေရာ မောင်သာဒွန်းက ကုလားအဘိုးကြ

ကို ကြည့်၍

" အသက် ၆၀ လောက်ရှိမယ် ထင်တယ် "

ဟု ပြောလေရာ ကုလားအဘိုးကြီးက

" ကျုပ်အသက် ၈၉ နှစ်ရှိပြီ၊ နောက်ရက် အနည်

ငယ်ဆိုရင် ၉၀ ပြည့်တော့မယ်၊ မောင်ရင် မယုံနိုင်ဘူး ထ

တယ်၊ အခုတော့ အရာရာဟာ အံ့သြစရာတွေ ဖြစ်နေ

ပါ၊ နောက်တော့ မောင်ရင့်ရဲ့ဘဝမှာ အရာရာကို အသားေ

သွားလိမ့်မယ်၊ ဒီအခါမှာ ကျုပ်ကို အပြစ်မတင်ပါနဲ့၊ ဝဋ်ကြေ

လို့ပဲ သဘောထားပါ "





ဟု ပြောလေ၏။

ထို့နောက် ကုလားအဘိုးကြီးက မောင်သာဒွန်း၏မျက်နှာ

ကို လေးနက်သော မှန်ဖြင့် ကြည့်၍

" မနက်ဖြန်မနက်ကစပြီး မောင်ရင့်ဘဝဟာ အပြောင်း

အလဲကြီး ပြောင်းလဲသွားမှာပါ၊ ဒီညတော့ နှစ်နှစ်ခြိုက်ခြိုက်

အိပ်မောကျအောင် အိပ်လိုက်ပါ၊ ဘဝသစ်မှာ ပျော်အောင်နေ

ကြိုးစားပါ၊ သဗ္ဗေသတ္တာ ကမ္မသကာပါပဲ "

ဟု ပြောလိုက်လေ၏။

မောင်သာဒွန်းသည် အိပ်ခန်းထဲမှ ထွက်သွားသော

ကုလား အဘိုးကြီး၏နောက်ကျောကို နားမလည်ဟန်ဖြင့်ကြည့်

ရင်း မျက်လုံးများ လေးလံလာပြီး အိပ်မောကျသွားခဲ့လေ၏။

❀❀❀

www.burmeseclassic.com



မောင်သာဒွန်း အိပ်ရာမှနိုးသောအခါ အမြင်အာရုံ၌ ဝိုးတဝါးသာမြင်ရပြီး နှလုံးခုန်သံ ပြင်းထန်ကာ မောပန်းနေလေ၏။

အတန်ကြာသောအခါမှပင် နှလုံးခုန်သံများ ပြန်လည်ငြိမ်သက်သွားပြီး အမောပြေသွားလေ၏။ သို့သော် ကိုယ်ခန္ဓာတစ်ခုလုံး ခွန်အားမဲ့သလို ခံစားရ၏။

မောင်သာဒွန်းသည် ခံတွင်းချဉ်သလိုဖြစ်လာသဖြင့်





ဆေးလိပ်သောက်ရန် ခုတင်အနီးရှိ ခုံပေါ်တွင် တင်ထားသော မီးခြစ်ကိုရှာဖွေလေ၏။ ထိုအခါမှပင် မိမိရောက်ရှိနေသောနေရာသည် ညက အိပ်စက်ခဲ့သောနေရာမဟုတ်ဘဲ အလွန်ခမ်းနားကြီးကျယ်သော အိပ်ခန်းထဲတွင် ရောက်ရှိနေကြောင်းတွေ့ရ၏။

မောင်သာဒွန်းသည် အကောင်းစားမွေ့ယာပေါ်တွင် လှဲချလိုက်ပြီး နဖူးပေါ်လက်တင်ကာ ညကကြုံတွေ့ခဲ့သော အကြောင်းအရာများကို ပြန်လည်စဉ်းစားနေလေ၏။

လွန်ခဲ့သောညက ကုလားအဘိုးကြီးနှင့် ဘုံဘောရက်တော့ရင့်၌ စားသောက်ပြီး အရက်မူးလွန်ကာ ကုလားအဘိုးကြီး၏အိမ်သို့ လိုက်လာခဲ့၏။

ထိုညက ကုလားအဘိုးကြီးပေးသော နတ်သုဓာဆိုသော အနီအမှုန့်များကိုလည်း ဝိုင်အရက်ထဲထည့်၍ သောက်ခဲ့မိ၏။

ထိုအရက်များသောက်ပြီးနောက် မိမိ၏တစ်ကိုယ်လုံး ရှိန်းတိန်းတိန်းဖြစ်ကာ ထူးခြားသော အမြင်အာရုံများ ဝင်ရောက်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့၏။ ထိုအမြင်အာရုံများသည် မိမိအသက်အရွယ်နှင့် မလျော်ညီမျှ မသိမြင်နိုင်သော အမြင်အာရုံများပင် ဖြစ်၏။

မောင်သာဒွန်းသည် ညကအကြောင်းများကို မြိန်တွေးရင်း

'တော်တော်ထူးဆန်းတာပဲ'

ဟုရေရွတ်မိ၏။ ထိုသို့ရေရွတ်ရင်း မိမိအသံကို မိမိပြန်လည်ကြားယောင်ပြီး အလွန်ထိတ်လန့်တုန်လှုပ်သွားလေ၏။ အဘယ်ကြောင့်ဆိုသော် မိမိ၏ အသံမှာ ပင်ကိုယ်သံမဟုတ်ဘဲ အသက်အရွယ်ကြီးသော အဘိုးကြီး တစ်ယောက်၏ အသံဖြစ်နေ၏။

မောင်သာဒွန်းသည် ထိုအသံကို မိမိအသံမှန်းပင် မထင်ဘဲ အခန်းထဲသို့ အဘိုးကြီးတစ်ဦးရောက်ရှိနေသလောဟု ထင်မိကာ အနောက်သို့ လှည့်ကြည့်လိုက်၏။

သို့သော် အခန်းထဲ၌ မိမိတစ်ယောက်တည်းသာရှိသဖြင့်





ထိတ်လန့်တုန်လှုပ်သွားလေ၏။ မောင်သာဒွန်းသည် မိမိ၏ လက်ချောင်းများကို ရုတ်တရက်မြင်လိုက်ပြီး

" အမလေး "

ဟု အထိတ်တလန့် ရေရွတ်လိုက်၏။

အဘယ်ကြောင့်ဆိုသော်မိမိ၏လက်ချောင်းများသည် အသားအရေတွန့်လိမ်နေပြီး အဘိုးကြီးတစ်ယောက်၏ လက်ချောင်းများ ဖြစ်နေလေ၏။

မောင်သာဒွန်းသည် ထိတ်လန့်တုန်လှုပ်စွာဖြင့် အနီး၌ရှိသော မှန်တင်ခုံရှေ့တွင်ရပ်၍ မိမိကိုယ်မိမိ ကြည့်လိုက်၏။ ထိုအခါ မိမိ၏ ပင်ကိုယ်ရုပ်ရည်မဟုတ်ဘဲ ကုလားအဘိုးကြီး၏ ရုပ်ရည်မြင်ရ၏။

မောင်သာဒွန်းသည် အံ့သြလွန်းသဖြင့် အိပ်မက် မက်နေသည် ဟူ၍ပင် ထင်မြင်မိပြီး မိမိကိုယ်မိမိ လက်ဖြင့် ဆိတ်ကြည့်၏။

www.burmeseclassic.com



တိုအခါ အိပ်မက်မဟုတ်ဘဲ လက်တွေ့ဖြစ်နေကြောင်း တွေ့ရ၏။ မောင်သာဒွန်းသည် စိတ်လှုပ်ရှားလွန်းသဖြင့် ရူးမတတ်ဖြစ် သွားပြီး

" ဘယ်လိုဖြစ်တာလဲ၊ ငါ့ရုပ်က ဘာဖြစ်လို့ ကုလားအဘိုးကြီး ဗရာမရုပ်ဖြစ်နေရတာလဲ၊ ငါရူးနေပြီလား "

ဟု ရေရွတ်လိုက်ရာ သူ၏အသံသည် လူငယ်တစ်ဦး၏အသံ မဟုတ်ဘဲ အဘိုးကြီးတစ်ဦး၏ တုန်ရီအက်ကွဲသော အသံမျိုး ဖြစ်နေ ၏။

မောင်သာဒွန်းသည် လွန်ခဲ့သောညက ကုလားအဘိုးကြီး ပြောခဲ့သောစကားကို ရုတ်တရက် သတိရလိုက်၏။

" မနက်ဖြန်မနက် မောင်ရင့်ဘဝ အပြောင်းလဲကြီး ပြောင်းလဲသွားလိမ့်မယ်၊ ဘဝသစ်မှာပျော်ဖို့ ကြိုးစားပါ "

မောင်သာဒွန်းသည် ကုလားအဘိုးကြီး မှော်ပညာဖြင့် မိမိကို လုပ်ကြံလိုက်ကြောင်း ရိပ်စားမိသွား၏။





မောင်သာဒွန်းသည် အထိတ်တလန့်ဖြင့် မှန်ထဲသို့ အကြိမ်ကြိမ် ပြန်ကြည့်လေရာ မိမိ၏နေရာ၌ အိုမင်းရင့်ရော် နေသော ကုလားအဘိုးကြီး၏ ရုပ်ရည်ကိုပင် တွေ့ရ၏။

မိမိ၏ဆံပင်များ ဖြူဖွေးနေပြီး မျက်နှာပြင်ရှိ ပါးရေနား ရေများ တွန့်၍နေလေ၏။ မောင်သာဒွန်းသည် အသက်၂၀ ကျော်မျှရှိသော မိမိ၏အသက်အရွယ်မှ အိုမင်းရင့်ရော်သော အဘိုးကြီးအဖြစ်သို့ ရောက်ရှိသွားသဖြင့် လွန်စွာစိတ်ဓာတ်ကျ ဆင်းသွားလေ၏။

ကုလားအဘိုးကြီးကိုလည်း မကျေမချမ်းစိတ်ဖြင့် ဒေါသအိုး ပေါက်ကွဲလေ၏။ ကုလားအဘိုးကြီးသည် သူ၏ ခန္ဓာကိုယ်ကို ရယူခဲ့သော်လည်း စိတ်မှာ သူ၏ ပင်ကိုယ်စိတ် ပင်ဖြစ်၏။

သူ၏ ခန္ဓာကိုယ်သည် အိုမင်းရင့်ရော်သွားသဖြင့် ခွန်အားချည့်နဲ့သလို ခံစားနေရ၏။ မောင်သာဒွန်းသည် မိမိ၏



www.burmeseclassic.com

www.burmeseclassic.com



သန့်ရှင်းသော ခန္ဓာကိုယ်ကိုရယူပြီး လှပ်ရှားသွားလာ နေသော ကုလားအဘိုးကြီးကို မကျေမချမ်းစိတ်များ ဖြစ်ပေါ်လာ၏။

မိမိကိုယ်တိုင် အသက်နှစ်ဆယ်ကျော်မျှရှိပါလျက် အသက် ၈၀ အဘိုးကြီးတစ်ယောက်၏ကိုယ်ခန္ဓာကို ရယူထားရ၏။ မိမိဘဝ ရှေ့ဆက်၍ မည်သို့ဖြတ်သန်းသွားရမည်နည်း။

ညှပ်ကြီးရင့်သော ခန္ဓာကိုယ်ကို ပိုင်ဆိုင်ထားလျှင် မကြာမီ မိမိ အသက်သေဆုံးရတော့မည်လော။

ကုလားအဘိုးကြီးမှာမူ မိမိခန္ဓာကိုယ်ကိုရယူ၍ လူ့ ဘောင်ကြီး၌ နှစ်ပေါင်းများစွာ ဆက်လက်ရှင်သန် နေဦးမည်။ ကုလားအဘိုးကြီးသည် မှော်ပညာအစွမ်းဖြင့် မိမိ၏ကိုယ်ခန္ဓာကို အမြတ်ထုတ်သွားချေပြီ။

မောင်သာဒွန်းသည် ကုလားအဘိုးကြီးနှင့် ဆုံတွေ့ခိုက် ၎င်းပြောဆိုခဲ့သော စကားများကို ပြန်လည်သတိရနေ၏။

ကုလားအဘိုးကြီးက မိမိ၏ခန္ဓာကိုယ်ကိုကြည့်၍





" မောင်ရင်ဟာ ကျုပ်ရှာနေတဲ့ လူစားမျိုးပဲ၊ သူ့ရ သတ္တိလည်း ရှိတယ်၊ ကိုယ်ခန္ဓာကလည်း ကျန်းမာသန့်ရှင်း တယ် "

ဟု ပြောဆိုခဲ့၏။ ထို့အပြင်

" နတ်သုဓာဆိုတာ ဘဝပြောင်းအောင်ကွ၊ ဒီဆေးစားပြီး ရင် သေခြင်းတရားကိုတောင် အောင်မြင်နိုင်တယ် "

ဟု ဆိုခဲ့၏။

ကုလားအဘိုးကြီးသည် ၎င်းကို လူရှမ်းကားများလက်မှ ကူညီခဲ့သောကျေးဇူးတရားကိုမထောက်ဘဲ မိမိဘဝကို ရက်ရက် စက်စက် လုယက်ယူငင်ခဲ့၏။

ကုလားအဘိုးကြီး၏ စကားများအရ အကွက်ကျကျ ကြိုတင်ကြံစည်ထားခြင်းဖြစ်ကြောင်း သိရ၏။

ထိုအခိုက်မှာပင် မောင်သာဒွန်းသည် မိမိ၏ယခင်ရှိ ဘဝကို ပြန်လည်သတိရ၏။ မိမိ၌ အလွန်ချစ်မြတ်နိုးသော



www.burmeseclassic.com

www.burmeseclassic.com



သားလေး မောင်မြတ်နိုးရှိ၏။

သစ္စာဖောက်ဖျက်သော ဇနီး မတင်နွယ်နှင့် လူယုတ်မာ လှတိုးကိုလည်းအပြစ်ဒဏ်ခတ်ရဦးမည်။

မိမိ၏အသက်အရွယ် ဤမျှအိုမင်းရင့်ရော်နေလျှင် လူယုတ်မာများကို မည်သို့ အပြစ်ဒဏ်ခတ်မည်နည်း။

မောင်သာဒွန်းသည် မိမိဘဝကို မကျေနပ်လွန်းသဖြင့် ဒေါသတကြီး အော်ဟစ်၍ပေါက်ကွဲနေမိ၏။ သို့သော် အိမ်ကြီးသည် ကျယ်ဝန်းလွန်းသဖြင့် သူ၏အသံကို အစေခံများ မကြားနိုင်ချေ။

မောင်သာဒွန်းသည် သူ၏နားထဲ၌တုန်ရီအက်ကွဲသော အဘိုးကြီးတစ်ယောက်၏ ဒေါသတကြီး အော်ဟစ်နေသော အသံကို ပြန်ကြားနေ၏။

မောင်သာဒွန်းသည် ဒေါသတကြီး အော်ဟစ်နေရာမှ အမော ဖောက်ပြီး ခုတင်ပေါ်သို့ လဲကျသွားလေ၏။





မောင်သာဒွန်းသည် အံကိုကြိတ်၍ အိပ်ရာပေါ်မှ လူးလဲထပြီး

“ ဘာပဲဖြစ်ဖြစ် လက်ရှိဘဝကို ငါရင်ဆိုင်ရမှာပဲ၊ ငါ အသက်ရှစ်ဆယ်ကျော်ပေမဲ့ ငါ့စိတ်က ငယ်ငယ်လေးပဲ ရှိသေးတယ်၊ ငါ့ရဲ့လက်ရှိပိုင်ဆိုင်နေတဲ့ ကိုယ်ခန္ဓာကို အသုံးချပြီး ငါ့မိန်းမနဲ့ လူယုတ်မာလှတိုးကို လှလှပပ လက်စားချေလို့ရပြီ၊ အရှုံးထဲက အမြတ်ထွက်အောင် အရင်လုပ်ရမယ်၊ ပြီးတော့ ကုလားအဘိုးကြီးဆီ ရောက်နေတဲ့ ငါ့ရဲ့ရုပ်ခန္ဓာကို ရအောင်ပြန်ယူရမယ် ”

ဟု တွေးတောနေလေ၏။

ထို့ကြောင့် ခွန်အားချည့်နဲ့နေသော ကိုယ်ခန္ဓာဖြင့် ရေချိုးခန်းသို့ ဝင်ကာ ကိုယ်ခန္ဓာကို သန့်စင်လေ၏။

ပြီးနောက် ကုလားအဘိုးကြီး၏ အဝတ်ဗီရိုကြီးကိုဖွင့်လိုက်ရာ တန်ဖိုးကြီးသော ဥရောပဝတ်စုံများကို အစုံလိုက်တွေ့



www.burmeseclassic.com

www.burmeseclassic.com



ရ၏။

ထိုပြင် နံရံကပ်ဗီရိုငယ်လေးတစ်လုံး၌ ဆာဒူးကြီးများ ဝတ်လေ့ရှိသော ပုတီး၊ တောင်ဝှေး၊ နံငယ်မိုးမှအစ စုံလင်စွာ တွေ့ရှိလေ၏။

ကုလားအဘိုးကြီးကိုယ်ပိုင် ဆာဒူးဘုန်းကြီးတစ်ပါးမင် ဖြစ်လေသလော။ မောင်သာဒွန်းသည် ဗီရိုထဲရှိ ပစ္စည်းများကို မွှေနှောက်ရှာဖွေလေရာ မဏ္ဍပ်ဘက်ရှိ ဘဏ်စာအုပ်ထဲ၌ ငွေအမြောက်အမြားရှိကြောင်း တွေ့ရ၏။

ထိုပြင် ဗီရိုထဲ၌ မီးခံသေတ္တာလေးကို တွေ့ရသဖြင့် ဖွင့်ကြည့်လိုက်ရာ မီးခံသေတ္တာထဲတွင် ရွှေငွေလက်ဝတ်ရတနာ များစွာနှင့် ရွှေကြုတ်လေးတစ်ခုကို တွေ့ရ၏။

ထိုရွှေကြုတ်ကလေးကို ကတ္တီပါစလေးတစ်ခု ပတ်ထား ပြီး ကတ္တီပါစ၌ ကုလားစာများ ရေးထားကြောင်း တွေ့ရ၏။

မောင်သာဒွန်းသည် ရွှေကြုတ်ကိုဖွင့်၍ နမ်းရှုကြည့်ရာ





လွန်စွာဆိုးဝါးသော အနံ့အသက်တစ်မျိုးကို ရရှိသဖြင့် နှာခေါင်း ရှုံ့ပြီး ရွှေကြုတ်ကို ကမန်းကတန်း ပိတ်လိုက်၏။

မောင်သာဒွန်းသည် အခန်းတစ်ခုလုံး မွှေနှောက်ရှာဖွေပြီး နောက် မိုက်ထဲတွင် ဆာလောင်လာသဖြင့် အိပ်ခန်းထဲရှိ ခေါင်း လောင်းကြိုးတစ်လုံးကိုဆွဲလိုက်ရာတစ်အိမ်လုံးသို့ခေါင်းလောင်း သံများ ပျံ့နှံ့သွားလေ၏

ခဏအကြာတွင် အခန်းတံခါးခေါက်သံကြား၍ ဖွင့် ကြည့်လိုက်ရာ အစေခံတစ်ယောက်သည် ငွေလင်ပန်းတစ်ချပ် ထဲတွင် ပေါင်မုန့်မီးကင်နှင့်သစ်သီးဖျော်ရည်၊ နို့ စသည်တို့ကို ယူဆောင်လာကြောင်းတွေ့ရလေ၏။

အစေခံသည် အခန်းထဲရှိ စားပွဲလေး၌ စားသောက်ဖွယ် ရာများကို ရိုသေစွာ ပြင်ဆင်ပေးလေ၏။

မောင်သာဒွန်းသည် နံနက်စာစားရင်း အနီး၌ရပ်စောင့်နေ သော အစေခံအား ပျောက်ဆုံးသွားသော မိမိ၏ကိုယ်ခန္ဓာနှင့်



www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်၍ မေးမြန်းစုံစမ်းလိုသဖြင့် မိမိကိုယ်မိမိ ကုလားအဘိုးကြီး၏ အမူအရာဖြင့်

" ညတုန်းက ငါနဲ့လိုက်လာတဲ့စည့်သည် ရှိသေးသလား"

ဟု မေးမြန်းလိုက်ရာ အစေခံက

"နံနက်အစောကြီးထပြီး ထွက်သွားပါတယ်သခင် "

ဟု ပြောလိုက်ရာ မောင်သာဒွန်းသည် ကုလားအဘိုးကြီးမိမိကိုယ်ခန္ဓာကို ပိုင်ဆိုင်ပြီး အိမ်ကြီးထဲမှ ထွက်သွားကြောင်းသိလိုက်ရ၏။

မောင်သာဒွန်းသည် အစေခံကိုကြည့်၍

" သူ့လက်ထဲမှာ ဘာတွေပါသွားသေးသလဲ "

ဟု မေးမြန်းလိုက်ရာ အစေခံလူငယ်က

" အိတ်ကြီးတစ်လုံးကို သယ်ဆောင်သွားပါတယ်သခင်"





ဟု ပြောလေ၏။ ထိုအခါ မောင်သာဒွန်းက အစေခံကိုမျက်မှောင်ကြုတ်ကြည့်၍

" စည့်သည်ကို ဘာဖြစ်လို့ ငါမသိဘဲ အိမ်ကထွက်သွားခိုင်းတာလဲ "

ဟု မေးမြန်းလေရာ အစေခံလူငယ်သည် မောင်သာဒွန်းကို နားမလည်ဟန်ဖြင့်ကြည့်၍

" သခင်ကိုယ်တိုင် ညတုန်းက စည့်သည်လူငယ်ကို အိမ်ကထွက်သွားခွင့်ပြုခဲ့တယ်လေ၊ သခင့်ရဲ့အမိန့်မရဘဲစည့်သည်ကို အိမ်က ထွက်သွားခွင့်မပေးပါဘူး "

ဟု ပြောလေ၏။

ကုလားအဘိုးကြီး ဗရာမသည် အကွက်ကျကျ စီစဉ်ပြီးမိမိခန္ဓာကိုယ်ကိုရယူကာ အိမ်မှထွက်သွားကြောင်း တွေ့ရလေ၏။

မောင်သာဒွန်းသည် မိမိလက်ရှိရောက်နေသောဘဝကို



www.burmeseclassic.com

www.burmeseclassic.com



အကောင်းဆုံးဖြစ်အောင် စီစဉ်ရမည်ဟု ဆုံးဖြတ်လိုက်၏။

ထို့ကြောင့် နံနက်စာကို ပြီးဆုံးအောင်စားသောက်ပြီး နောက် အိမ်ကြီး၏အောက်ထပ်ဧည့်ခန်းသို့ ထွက်ခဲ့လေ၏။ အိမ်ကြီးတစ်အိမ်လုံး လွန်စွာခမ်းနားကြီးကျယ်လှပြီး အဖိုးထိုက်တန်သောပစ္စည်းများဖြင့် အလှဆင်ထားကြောင်း တွေ့ရ၏။

မောင်သာဒွန်းသည် အိမ်ကြီးအနှံ့ လိုက်လံကြည့်ရှုရင်း ကုလားအဘိုးကြီး ဗရာမနှင့်ပတ်သက်သော သဲလွန်စကို ရှာဖွေရန် ဆုံးဖြတ်လိုက်၏။

မောင်သာဒွန်းသည် ဧည့်ခန်းထဲရှိ ဆိုဖာကြီး၌ အကျအနထိုင်လိုက်လေ၏။ ထိုအခါ မောင်သာဒွန်း၏အနီးသို့ အသက်ငါးဆယ်ဝန်းကျင် အိန္ဒိယလူမျိုးတစ်ယောက် ရောက်ရှိလာ၏။

ထိုသူသည် အစေခံဖြစ်ပုံမရဘဲ အိမ်ကြီး၏ ဘဏ္ဍာစိုးဖြစ်ပုံရ၏။ ဘဏ္ဍာစိုးကြီးသည် မောင်သာဒွန်း၏အနီးသို့ ရှိသေသော အမူအရာဖြင့် ချဉ်းကပ်၍





" အမိန့်ရှိပါ သခင် "

ဟု ပြောလေ၏။ ထိုအခါ မောင်သာဒွန်းက

" အိမ်မှာရှိသမျှ အလုပ်သမားအားလုံး ငါ့ရှေ့ကိုခေါ်ခဲ့ "

ဟု ပြောလိုက်ရာ ဘဏ္ဍာစိုးကြီးသည် အခန်းထဲမှ ပြန်လည် ထွက်ခွာသွားလေ၏။

ခဏကြာလျှင် ဧည့်ခန်းထဲသို့ လူ ၆ ယောက် ဝင်ရောက်လာပြီး မောင်သာဒွန်း၏ရှေ့၌ ရှိသေသောအမူအရာဖြင့်ရပ်တန့်နေကြ၏။

မောင်သာဒွန်းသည် မိမိရှေ့ရှိလူများကို ရင်းနှီးကျွမ်းဝင်ခြင်း မရှိသဖြင့် မျက်နှာတည်တည်ထားပြီး

" မင်းတို့အားလုံး ကိုယ့်နာမည်နဲ့ အလုပ်တာဝန်တွေကို တစ်ယောက်ပြီးတစ်ယောက် ပြောကြစမ်း "

ဟု အမိန့်ပေးလိုက်ရာ သူ၏ရှေ့ရှိ အစေခံများသည်



www.burmeseclassic.com

www.burmeseclassic.com



ကြောင်အမ်းအမ်းဖြစ်ပြီး တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြ၏။

မောင်သာဒွန်းက ထပ်မံ၍

"ဟော့ကောင်တွေ… ငါပြောနေတာမကြားဘူးလား"

ဟု ပြောလိုက်ရာ အစေခံနှင့် ထမင်းချက်၊ ခြံစောင့်တို့သည် ၄င်းတို့၏အမည်နှင့် အလုပ်တာဝန်များကို ပြောပြလေ၏။

မောင်သာဒွန်းသည် ၄င်းတို့၏နာမည်များကို သေချာစွာမှတ်သားထားပြီးနောက် ဘဏ္ဍာစိုးကြီးဘက်သို့ လှည့်လိုက်၏။

ဘဏ္ဍာစိုးကြီးက နားမလည်ဟန်ဖြင့်

" ကျွန်တော်လည်း ပြောပြရမှာလား သခင် "

ဟု မေးမြန်းလေ၏။

မောင်သာဒွန်းက ခေါင်းညိတ်ပြလိုက်သောအခါ ဘဏ္ဍာစိုးလူကြီးက





" ကျွန်တော့်နာမည် ရာဂျူးပါ၊ ဒီအိမ်ကြီးရဲ့ ဘဏ္ဍာစိုးတာဝန်ယူပါတယ် "

ဟု ပြောလေ၏။

မောင်သာဒွန်းသည် အိမ်ရှိအလုပ်သမားများ၏အမည်နှင့် အလုပ်တာဝန်များကို သိရှိပြီဖြစ်သဖြင့်

" မင်းတို့ရဲ့နာမည်နဲ့ အလုပ်အကိုင်ကိုမေးတာ အကြောင်းမဲ့ မဟုတ်ဘူး၊ မင်းတို့အားလုံး ငါ့ရဲ့အလုပ်တွေကို ပေါ့ပေါ့လျော့လျော့လုပ်ကိုင်နေတဲ့အတွက် ကိုယ့်အလုပ်တာဝန်တွေကို သတိရစေချင်လို့ပဲ "

ဟု ဆိုလိုက်ရာ ဘဏ္ဍာစိုးကြီးသည် မျက်စိမျက်နှာပျက်သွား ပြီး

" ကျွန်တော့်ရဲ့ညံ့ဖျင်းမှုပါ သခင်၊ သခင် ဘာတွေအလိုမကျ ဖြစ်နေသလဲဆိုတာ ပြောပါ "

ဟု ပြောလေ၏။ မောင်သာဒွန်းက လက်ကာပြ၍



www.burmeseclassic.com

www.burmeseclassic.com



" ရှိပါစေတော့၊ ဒီအကြောင်းတွေကို ပြန်မပြောချင်ဘူး၊ ဒါပေမဲ့ အစားအသောက်နဲ့ပတ်သက်လို့ ပြောချင်တယ် "

ဟု ဆိုလိုက်ရာ ထမင်းချက်ကုလားသည် ရှေ့သို့တိုး၍

" အမိန့်ရှိပါ သခင် "

ဟု ဆိုလိုက်၏။ မောင်သာဒွန်းက ထမင်းချက်ကုလားကို ကြည့်၍

" ကျုပ် ဒီနေ့ကစပြီး မြန်မာစာစစ်စစ်ကို စားချင်တယ်၊ ကြားလား၊ အစားအသောက်တွေကို မြန်မာလိုပဲ ချက်ပါ "

ဟု ဆိုလိုက်ရာ နားထောင်နေသော အိမ်စေများ မယုံနိုင်ပဲဖြင့် မျက်လုံးပြူးသွားကြလေ၏။

၄င်းတို့သည် လွန်မွှာဘိုဆန်သော ကုလားကြီး ဗရာမနှင့် နေထိုင်လာသူများဖြစ်သဖြင့် မောင်သာဒွန်း၏ တောင်းဆိုချက်များသည် အလွန်ထူးဆန်းနေလေ၏။

မောင်သာဒွန်းသည် ကုလားအဘိုးကြီး ဗရာမ၏အိမ်ကြီး





အစွင်း၌ အခန်းအောင်း၍ ဖနီး မတင်နွယ်နှင့် လူယုတ်မာလှတိုးကို လုပ်ကြံမည့်နည်းလမ်းများကို စဉ်းစားဆင်ခြင်နေလေ၏။

ထိုသို့နေထိုင်ရင်း ခွန်အားဆုတ်ယုတ်နေသည့် မိမိ၏ရုပ်ခန္ဓာကိုကြည့်၍ အလွန်စိတ်မောတ်ကျနေမိ၏။

ဤမျှခွန်အားချည့်နဲ့နေသော ကိုယ်ခန္ဓာနှင့် အိမ်တွင်းက အိမ်ပြင်သို့ပင်ထွက်လိုစိတ်မရှိတော့ချေ။

မောင်သာဒွန်းသည် ထိုရက်များအတွင်း သားကလေး မောင်မြတ်နိုးကို အလွန်သတိရတမ်းတနေမိ၏။

မိမိ၏ပြောင်းလဲသွားသောရုပ်ရည်ကို သားလေး မောင်မြတ်နိုး မှတ်မိခြင်းမရှိလျှင် သားအဖနှစ်ယောက် ရင်ကွဲကွဲပြီ ဟုတွေးကာ စိတ်မောတ်အကျကြီးကျနေမိ၏။

ထိုရက်များအတွင်း အိမ်စေများသည် မောင်သာဒွန်းအတွက် မြန်မာအစားအစာများ၊ မြန်မာမုန့်များကို



www.burmeseclassic.com

www.burmeseclassic.com



ပြုလုပ်ကျွေးမွေးလေ၏။

သို့သော် အသက်အရွယ်ကြီးရင့်သော ကိုယ်ခန္ဓာကို ပိုင်ဆိုင်ထားသဖြင့် အစားအစာများကို စိတ်ရှိတိုင်း မစား သောက်နိုင်ချေ။

မောင်သာဒွန်းသည် နှစ်ရက် သုံးရက် အိမ်တွင်းအောင်း ပြီးနောက် မနေနိုင်တော့ဘဲ ကုလားဒရိုင်ဘာကိုခေါ်ကာ ဝက်စလီကားကြီးဖြင့် ရန်ကုန်မြို့ထဲသို့ ထွက်ခဲ့လေ၏။

မြို့ထဲသို့ရောက်သောအခါ အရောင်အသွေးစုံလင်စွာဖြင့် သွားလာလည်ပတ်သူများကိုကြည့်၍မိမိ၏ပျိုရွယ်စဉ်ဘဝကိုနိုးယူခံရ ပုံကိုပိုမို၍ နှမြောတမ်းတမိ၏။

ကုလားအဘိုးကြီး ဗရာမကိုလည်း ပိုမို၍ မကျေမချမ်း စိတ်များ ဝင်ရောက်လာ၏။ ကုလားအဘိုးကြီး၏ ကိုယ်ခန္ဓာကို အစားဝင်ရသဖြင့် မိမိ၌ စည်းစိမ်ဥစ္စာများ ပြည့်စုံနေ၏။ မိမိဘဝ၌လက်ညှိုး ညွှန်ရာလိုရာဖြစ်စေပြီး ယခင်တောသူဌေး





လေးမောင်သာဒွန်းဘဝထက်ပင် အဆပေါင်းများစွာ ပိုမိုချမ်း သာကြွယ်ဝနေ၏။

သို့သော် ချမ်းသာကြွယ်ဝမှုများသည် ပျိုရွယ်နုနယ်ခြင်း လောက် တန်ဖိုးမရှိဟု ဆင်ခြင်မိလေ၏။

မောင်သာဒွန်းသည် ရွှေတိဂုံစေတီတော်ကြီးကို ဖူးမြော် လိုသောကြောင့် ကုလားဒရိုင်ဘာအား ရွှေတိဂုံစေတီတော် ခြေရင်းသို့ မောင်းနှင် နိုင်းလိုက်၏။

ပြီးနောက် စေတီတော်ကြီး၏ ရင်ပြင်တော်ပေါ်သို့ လေး လံသော ခြေလှမ်းများဖြင့် တက်လှမ်းလေ၏။

မောင်သာဒွန်းသည် ရင်ပြင်တော်ပေါ်သို့ရောက်ရန် တဖြည်းဖြည်း နား၍ တက်လှမ်းရလေ၏။ ထိုအခါ ၄င်းကို ကျော်လွန်သွားသော မိန်းမပျိုတစ်စုအနက် တစ်ဦးသည် ကရုဏာသက်ဟန်ဖြင့် လှည့်ကြည့်၍

" ကုလားအဘိုးကြီး သနားစရာဟယ်၊ ရင်ပြင်တော်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



ကို ရောက်ဖို့ ခက်ခက်ခဲခဲ တက်နေရတယ် ''

ဟု ပြောလေရာ ကျန်သော ရွှတ်နောက်နောက် မိန်းမပျို တစ်ဦးက ရယ်မော၍

" သနားရင် ကုလားကြီးကို ညည်းကိုယ်တိုင်တွဲပြီး ရင်ပြင်တော်ကို ခေါ်သွားပါလား၊ ဟီး ဟိ... ကုလားကြီးက ဘိုဆန်ဆန်ဥရောပဝတ်စုံကြီးနဲ့ဟော့၊ ကုလားသူဌေးကြီး ဖြစ်ပုံ ရတယ် ''

ဟု ပြောဆိုလိုက်လေရာ မောင်သာဒွန်းသည် မိန်းမပျို များ၏ စကားကို နားထောင်၍ ရှက်ရွံ့သွားလေ၏။

မောင်သာဒွန်း ရင်ပြင်ပေါ်သို့ရောက်ရှိပြီး ဘုရားဝတ် ပြုသောအခါ၌လည်း မိမိ၏အဖိုးတန်သော ဥရောပဝတ်စုံ ကြောင့် လူအများက အံ့ဩဟန်ဖြင့် ကြည့်ရှုသွားကြောင်း သတိပြုမိလေ၏။

မောင်သာဒွန်းသည် ရွှေတိဂုံစေတီတော်မှ ပြန်လာပြီး





နောက် ကုလားဒရိုင်ဘာအား ရန်ကုန်ဆိပ်ကမ်းဘက်သို့ ကားကို မောင်းနှင်ခိုင်းလိုက်လေ၏။

ထို့နောက် ကုလားအဘိုးကြီး ဗရာမနှင့်တွေ့ဆုံခဲ့သော ဆိပ်ခံဘောတံတားကို လျှောက်လှမ်းသွားပြီး မိမိ၏နုနယ်ပျိုမျစ် လှသော ကိုယ်ခန္ဓာပျောက်ဆုံးခဲ့ပုံကို ပြန်လည်သတိရလေ၏။

မောင်သာဒွန်းသည် ဆိပ်ကမ်း၌ အတန်ကြာအောင် အချိန်ကုန်လွန်နေပြီးနောက် ခိုင်မာသောဆုံးဖြတ်ချက်တစ်ခုကို ချမှတ်လိုက်လေ၏။

ထိုဆုံးဖြတ်ချက်မှာ မိမိ၏သစ္စာဖောက်မိန်းမ မဘင်နှယ် နှင့်လူယုတ်မာလှတိုးကို သဘာဝလောကကြီးကိုယ်စား အပြစ် ဒဏ်ခတ်ရန် ဖြစ်၏။

မိမိ၏ပြောင်းလဲသွားသော ရုပ်ခန္ဓာကို အကျိုးရှိရှိ အသုံးချပြီး လူယုတ်မာနှစ်ယောက်ကို အပြစ်ဒဏ်ခတ်ရပေ တော့မည်။



www.burmeseclassic.com

www.burmeseclassic.com



မောင်သာဒွန်းသည် ကုလားဒရိုင်ဘာကို အိမ်သို့ ပြန်လည်မောင်းနှင်ခိုင်းပြီး လူယုတ်မာနှစ်ယောက်ကို လက်စားချေရန် နည်းလမ်းများကို အကြိမ်ကြိမ် အဖန်ဖန် စဉ်းစားဆင်ခြင်နေလေ၏။



နောက်တစ်နေ့နံနက်၌ မောင်သာဒွန်းသည် ကုလားဒရိုင်ဘာကို ခေါ်၍ ခရီးဆက်ခဲ့လေ၏။ မိမိ၏ဇာတိမြို့နှင့် နီးကပ်သောအခါ သူ၏ရင်ခုန်နှုန်းများ မြန်ဆန်လာ၏။

သစ္စာဖောက်မိန်းမနှင့် လူယုတ်မာလှတိုးတို့၏မျက်နှာကို မြင်ယောင်ပြီး အမုန်းမီးများ တောက်လောင်လာ၏။

နာကြည်းစိတ်ကြောင့် သွေးများပွက်ပွက်ဆူလာသယောင် ခံစားနေရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ညနေစောင်းအချိန်ရောက်သောအခါ မောင်သာခွန်း၏ ဝက်စလီကားကြီးသည် ဓာတ်မြို့သို့ ဝင်ရောက်လာလေ၏။

မောင်သာခွန်းသည် ကုလားဒရိုင်ဘာအား မြို့တစ်နေရာရှိ သူ၏အိမ်ကြီးရှေ့၌ ကားကိုရပ်ခိုင်းလိုက်၏။

ကားရပ်သွားသောအခါ မောင်သာခွန်းသည် မိမိကိုယ်တိုင် စိတ်တိုင်းကျတည်ဆောက်ခဲ့သော အိမ်ကြီးကိုကြည့်၍ ရင်ထဲတွင် ဆို့နင့်ကြေကွဲသယောင် ခံစားရလေ၏။

ခမ်းနားကြီးကျယ်သော ကားကြီးလာရောက်ရပ်တန့်သဖြင့် အစေခံမိန်းမတစ်ဦး ထွက်လာပြီး မေးမြန်းလေရာ မောင်သာခွန်းက

" ကိုသာခွန်းဆိုတာ ဒီအိမ်မှာ နေပါသလား "

ဟု မေးမြန်းလေ၏။

အစေခံမိန်းမသည် မောင်သာခွန်း၏မျက်နှာကို နားလည်ဟန် ဖြင့်ကြည့်၍





" ဒီအိမ်မှာ ကိုသာခွန်းမရှိပါဘူး "

ဟု ပြောလေရာ မောင်သာခွန်းသည် မိမိ၏အိမ်ကြီး၌ မိမိ၏နေရာမရှိတော့ကြောင်း သိရသဖြင့် ရင်ထဲတွင် နာကျင်သွားလေ၏။

မောင်သာခွန်းက အိမ်စေမိန်းမအား

" မင်းရဲ့အိမ်ရှင်ကို သေသေချာချာ သွားမေးကြည့်ပါ၊ သူတို့ရဲ့အကျိုးအတွက် ကျုပ်လာခဲ့တာပါ "

ဟု ပြောလေ၏။

ထိုအခါ အိမ်စေမိန်းမသည် အိမ်ပေါ်သို့ ပြန်ထွက်သွားလေ၏။ ခဏကြာလျှင် အိမ်စေမိန်းမပြန်ရောက်လာပြီး

" မမလေးက အိမ်ပေါ်ကိုကြွပါတဲ့ရှင် "

ဟု ပြောလေ၏။

မောင်သာခွန်းသည် အိမ်ကြီး၏ဧည့်ခန်းထဲသို့ ဝင်ရောက်သွားလေရာ ဇနီးဖြစ်သူ မတင်နွယ်နှင့် တွေ့ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်သာဒွန်းသည် သစ္စာမဲ့သောမိန်းမ၏မျက်နှာကို ကြည့်၍ မချိတင်ကဲ့ဝေဒနာ ခံစားရ၏။ ကျေးဇူးတရားကို မထောက်ထားဘဲ တဏှာရာဂအလိုကိုလိုက်သော မိန်းမကို ကြည့်ရင်း ရွံရှာလာလေ၏။

မတင်နွယ်သည် ဥရောပဝတ်စုံအထင်းသားဝတ်ဆင်ထားသော မောင်သာဒွန်းကိုကြည့်၍

" ကိုသာဒွန်းဆိုတာ ကျွန်မရဲ့ယောကျ်ားပါရှင်၊ လွန်ခဲ့တဲ့ တစ်လကျော်လောက်က ခရီးသွားရင်း ဝမ်းရောဂါနဲ့ ကွယ်လွန်သွားပါတယ်ရှင်၊ ကျွန်မယောကျ်ားကို ဘာကြောင့်တွေ့ချင်ရတာလဲ"

ဟု မေးမြန်းလေ၏။ ထိုအခါ မောင်သာဒွန်းက

" ကျွန်တော်က မောင်သာဒွန်းရဲ့ဖခင်နဲ့ ငယ်သူငယ်ချင်းဖြစ်ခဲ့ဖူးပါတယ်၊ ငယ်ငယ်တုန်းက မောင်သာဒွန်းရဲ့ဖခင်က ကျုပ်အသက်ကို ကယ်ခဲ့ဖူးတယ်၊ ဒါကြောင့် ကျုပ်ဘိလပ်က





မြန်မာပြည်ကို ရောက်တုန်း ကျေးဇူးပြုချင်လို့ပါ၊ အခုတော့ မောင်သာဒွန်း ကိုယ်တိုင် သေဆုံးသွားပြီဆိုတော့ စိတ်မကောင်းစရာဖြစ်နေပြီ၊ ဒါနဲ့ မောင်သာဒွန်းရဲ့အုတ်ဂူ ပြုလုပ်ထားပါသလား "

ဟု မေးမြန်းလိုက်ရာ မတင်နွယ်၏မျက်နှာ ပျက်ယွင်းသွားပြီး

" ကျွန်မတို့ဘုရားဖူးခရီးထွက်ရင်း ကပ်ရောဂါနဲ့ သေဆုံးသွားတယ်ဆိုတော့ သေသေချာချာ မသင်္ဂြိုဟ်လိုက်ရပါဘူး၊ ကျွန်မနဲ့ သားလေးတောင် ကပ်ရောဂါဘေးကလွတ်အောင် မနည်းပြေးခဲ့ရပါတယ် "

ဟု ပြောလေ၏။

မောင်သာဒွန်းသည် မိမိကို ဓားပြများလက်၌ ရက်ရက်စက်စက်ပစ်ထားခဲ့သော မိန်းမယုတ်ကို မုန်းတီးရွံရှာစွာကြည့်၍

" မောင်သာဒွန်းရဲ့သားလေးဆိုတာ ဘယ်မှာလဲ၊ ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ပါရစေ ”

ဟု ဆိုလိုက်ရာ မတင်နွယ်သည် အိပ်ရာထဲတွင် ကွေးကွေးလေးအိပ်ပျော်နေသော သားဖြစ်သူကို ခေါ်ဆောင်လာလေ၏။

မောင်သာဒွန်းသည် ရက်အနည်းငယ်အတွင်း ပိန်လှီသွားသော ကလေးကိုကြည့်၍ ရင်ထဲတွင် ဆို့နင့်သွားလေ၏။

မောင်သာဒွန်းက ကလေးငယ်ကိုကြည့်၍

“ ကလေးက တော်တော်ပိန်တယ်နော်၊ ကွယ်လွန်သွားတဲ့အဖေကို လွမ်းဖျားလွမ်းနာကျနေတယ် ထင်တယ် ”

ဟု ပြောလေရာ မတင်နွယ်၏မျက်နှာ ပျက်ယွင်းသွားပြန်၏။

သို့သော် မတင်နွယ်သည် မောင်သာဒွန်း၏ ကြွယ်ဝချမ်းသာပုံကို ရိပ်စားမိသဖြင့် သူမသည် လင်ယောကျ်ားသေဆုံးသွားပြီး လောလောဆယ် ခိုကိုးရာမဲ့ဖြစ်နေကြောင်း





မောင်သာဒွန်း၌ စီးပွားရေးလုပ်ငန်းအနေဖြင့်လည်း မယ်မယ်ရရမကျန်ရှိကြောင်း ဖွဲ့နွဲ့ပြောဆိုလေ၏။

ထိုအခါ မောင်သာဒွန်းက မောင်သာဒွန်း၏ဖခင်သည် မိမိ၏ ကျေးဇူးရှင်ဖြစ်သဖြင့် မြန်မာပြည်ကိုရောက်တုန်း မောင်သာဒွန်း မိသားစုကို ကျေးဇူးဆပ်ချင်းကြောင်းပြောကာ အသင့်ဆောင်ယူလာသော စိန်တစ်ဆင်သာကို မတင်နွယ်အား ပေးအပ်လိုက်လေ၏။

မတင်နွယ်သည် မောင်သာဒွန်းကမ်းပေးသော စိန်တစ်ဆင်စာကို တုန်ယင်သောလက်များဖြင့် လက်ခံယူလိုက်ပြီး လောဘဇောကပ်နေသော မျက်လုံးများဖြင့် ကျေးဇူးတင်ကြောင်း အကြိမ်ကြိမ်အခါခါ ပြောဆိုလေ၏။

ပြီးနောက် မောင်သာဒွန်းသည် သားလေး မောင်မြတ်နိုးကို ပွေ့ဖက်နမ်းရှုံ့လိုက်ပြီး ကလေးကို ချစ်မြတ်နိုးသဖြင့် မကြာခဏလာရောက်ကြည့်ရှုမည်ဖြစ်ကြောင်းပြောဆိုခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်သာဒွန်းသည် ကလေးကို အားပါးတရ ပွေ့ဖက်နမ်းရှုံ့ကာ မတင်နွယ်ကို နှုတ်ဆက်ပြီး အိမ်မှပြန်လာခဲ့၏။

မတင်နွယ်၏အနီးတွင် လူယုတ်မာ လှတိုးကို မတွေ့ရချေ။ လှတိုးသည် မိမိ၏ ဆီစက်၊ ဆန်စက်များကို လှည့်လည်အုပ်ချုပ်နေပုံရ၏။

မောင်သာဒွန်းသည် သူ၏သားလေး မောင်မြတ်နိုး၏မျက်နှာ ကိုသာ တစ်ချိန်လုံး မြင်ယောင်နေပြီး

" အဖေတို့ မကြာမီ အတူတူနေရအောင် ကြိုးစားပါမယ်"

ဟု စိတ်တွင်းက ကျိတ်၍ကတိပေးလိုက်လေ၏။





မတင်နွယ်သည် မောင်သာဒွန်းပြန်သွားသောအခါ လက်ဆောင်အဖြစ်ရရှိသော စိန်တစ်ဆင်စာကို ဝမ်းသာအားရ ကြည့်ရှု၍

" ကြည့်စမ်းပါဦး၊ စိန်တစ်ဆင်စာကိုကြည့်ရတာ အတော်တန်ဖိုးကြီးပုံပဲ၊ ကုလားကြီးဟာ ဒီလောက်အဘိုးတန်တဲ့ စိန်တွေကို လက်ဆောင်ပေးနိုင်ပုံထောက်ရင် တော်တော်ချမ်းသာပုံရတယ်၊ ငါတို့အိမ်ကို နောက်မကြာမကြာလာဦး



www.burmeseclassic.com

www.burmeseclassic.com



မယ်တဲ့၊ ဒီလူကြီးကို မုယာမာယာသုံးပြီး ရသမျှချူယူရမယ်၊ ငါတော့ စိုင်ကော်လို့ ခြံပေါ်ရောက်တာပဲ ”

ဟု တွေးတောရင်း ပီတိဖြစ်နေလေ၏။

ထိုနေ့ည လှတိုးပြန်ရောက်ရှိလာသောအခါ မတင်နွယ်က ကုလားအဘိုးကြီးတစ်ဦးရောက်လာပြီး စိန်တစ်ဆင်စာကို လက်ဆောင်အဖြစ်ပေးသွားကြောင်း ပြောလေရာ လှတိုးသည် စိန်တစ်ဆင်စာကို တအံ့တသြ ကြည့်ရှုနေလေ၏။

မတင်နွယ်က စိန်တစ်ဆင်စာကို ကိုယ်ခန္ဓာ၌ တစ်ခုချင်း ဝတ်ဆင်ပြသလေရာ မတင်နွယ်၏တစ်ကိုယ်လုံး စိန်ရောင် တပြောင်ပြောင်ဖြစ်နေလေ၏။

လူယုတ်မာ လှတိုးက စိန်ထည်များ၏တန်ဖိုးကို ရိပ်စားမိသဖြင့်

“ ဒီမှာ နွယ်၊ ကုလားအဘိုးကြီး နောက်တစ်ခေါက် ရောက်လာရင် သူ့အကြိုက်လုပ်ပြီးတည့်အောင်သာပေါင်း ”





ဟု ပြောလိုက်လေ၏။ ထိုအခါ မတင်နွယ်က နှုတ်ခမ်းစူ၍

“ သူ့အကြိုက်လိုက်ပြီး တည့်အောင်ပေါင်းလို့ ကုလားအဘိုးကြီးက ကျွန်မကိုကြိုက်သွားရင် ရှင် ဘယ်လိုလုပ်မှာလဲ”

ဟု မေးမြန်းလိုက်လေရာ လှတိုးက ရယ်မော၍

“ ကျုပ်တောင်းဆိုတဲ့တန်ဖိုးကို ပေးလျော်နိုင်တယ်ဆိုရင် ကျုပ်မိန်းမကိုခင်ဗျားလက်ထဲထည့်လိုက်မယ်လို့ပြောလိုက်မယ်”

ဟု ဆိုလိုက်၏။ မတင်နွယ်သည် လူယုတ်မာလှတိုး၏ စကားကြောင့် မကျေမချမ်းဖြစ်သွားပြီး

“ ရှင် တော်တော်ပိုက်ဆံမက်တယ်၊ ရှင့်ဟာပိုက်ဆံရရင် ကိုယ့်အမေတောင် ရောင်းစားမဲ့လူပဲ ”

ဟု ပြောလေ၏။ လှတိုးက သဘောကျဟန်ဖြင့် ရယ်မော၍

“ ငါ့မိန်းမရဲ့အလိုဆန္ဒကို ကုလားအဘိုးကြီး မဖြည့်နိုင်



www.burmeseclassic.com

www.burmeseclassic.com



နိုင်တာ သေချာလို့ပါကွာ ”

ဟု ပြောလေ၏။ ထိုအချိန်မှစ၍ မောင်သာဒွန်းသည် မတင်နွယ်ထံသို့ မကြာခဏလာလည်ပြီး တန်ဖိုးကြီးသော လက်ဝတ်ရတနာအမျိုးမျိုးကို လက်ဆောင်ပေးလေရာ လောဘ ရမ္မက်ကြီးသော မတင်နွယ်သည် မောင်သာဒွန်းကို သဘော အကျကြီး ကျနေလေ၏။

မောင်သာဒွန်းသည် အိမ်သို့ရောက်တိုင်း သားလေး မောင်မြတ်နိုးကို ယုယကြင်နာစွာ ဆက်ဆံလေ၏။ မောင် မြတ်နိုးသည် သွေးကစကားပြောသည်ဟု ဆိုသကဲ့သို့ မောင်သာဒွန်းကို အလွန်ခင်မင်တွယ်တာကြောင်း တွေ့ရ လေ၏။

မတင်နွယ်သည် ကုလားအဘိုးကြီးက သားဖြစ်သူကို အလွန်ချစ်မြတ်နိုးသည်ဟု အထင်ရောက်နေလေ၏။

ထို့ကြောင့် မောင်မြတ်နိုးကို ဗန်းပြပြီး ကုလား





အဘိုးကြီးထံမှ ရသမျှချူယူမည်ဟု ဆုံးဖြတ်လိုက်၏။ သူမ သည် အလိုလောဘကြီးသူ ဖြစ်သဖြင့် ကုလားအဘိုးကြီးထံမှ ရတနာများကိုရမည်ဆိုလျှင် သူမကိုယ်ခန္ဓာကိုပင် ပေးအပ် နိုင်သူဖြစ်၏။

တစ်နေ့တွင် မောင်သာဒွန်း၏ဝက်စလီကားကြီးသည် မတင်နွယ်၏အိမ်ရှေ့သို့ ရုတ်တရက်ထိုးရပ်လာလေရာ မတင်နွယ်သည် အိပ်ခန်းထဲသို့ ကမန်းကတန်းဝင်၍ မိမိကိုယ် မိမိလှပအောင် ပြင်ဆင်မွမ်းမံလေ၏။

ထိုအချိန်၌ မောင်သာဒွန်းသည် ခြံဝန်းထဲသို့ဝင်ရောက် လာပြီး ခုံတန်းရှည်ပေါ်တွင် စုတ်ချာသောအဝတ်အစားများ ဝတ်ဆင်ပြီးထိုင်နေသော မောင်မြတ်နိုးကို တွေ့ရ၏။

မောင်သာဒွန်းသည် သားဖြစ်သူ၏ ညှိုးငယ်သောအမူ အရာကိုကြည့်၍ စိတ်မကောင်းဖြစ်သွားပြီး သားဖြစ်သူ၏ပခုံး ကိုဖက်၍



www.burmeseclassic.com

www.burmeseclassic.com



" သား ဘာဖြစ်လို့ မှိုင်နေတာလဲ၊ နေမကောင်းလို့လား"

ဟု မေးမြန်းလေရာ မောင်မြတ်နိုးက မျက်နှာလေးမဲ့၍

" သား ချောင်းတွေအရမ်းဆိုးလို့ လည်ချောင်းထဲမှာနာနေတယ်၊ အစာတောင် စားလို့မရဘူး "

ဟု ပြောလေ၏။

မောင်သာဒွန်းသည် အသက်တမျှချစ်ရသော သားလေး၏ ဝေဒနာကြောင့် စိတ်မကောင်းဖြစ်သွားပြီး

" သားကို မေမေက ဆရာဝန်နဲ့ မပြပေးဘူးလား၊ ဆေးလည်း မတိုက်ဘူးလား "

ဟု မေးမြန်းလေ၏။ မောင်မြတ်နိုးက ခေါင်းခါယမ်း၍

" မေမေ့ကို ချောင်းဆိုးတဲ့အကြောင်းပြောတော့ နင်သိပ်ရှုပ်တဲ့ကောင်၊ အချိန်ပြည့် ချောင်းဆိုးလိုက်၊ ရင်ကြပ်လိုက်၊ ဖျားလိုက်နာလိုက် ဖြစ်နေတာပဲတဲ့၊ နင့်အဖေနောက်လိုက်သွား





ရင် ကောင်းမယ်လို့ပြောတယ် "

ဟု ပြောပြီး ကလေးငယ်၏မျက်လုံးထဲ၌ မျက်ရည်များဝေ့ဝဲလာ၏။

မောင်သာဒွန်းသည် ဇနီးဖြစ်သူ၏ တာဝန်မဲ့စကားကြောင့် ဒေါသူပုန်ထသွားပြီး တက်ခေါက်ကာ

" တောက်… ဒီမိန်းမ အတော်ဆိုးတာပဲ၊ သားအမေက သားကိုမချစ်ဘူးလား "

ဟု မေးမြန်းလေ၏။ မောင်မြတ်နိုးက မျက်နှာညှိုးငယ်စွာဖြင့်

" ဖေဖေရှိတုန်းကတော့ ချစ်ပါတယ်၊ အခုတော့ ဦးလှတိုးဆိုတဲ့လူကြီးနဲ့ပဲအတူနေပြီး သားကိုမချစ်တော့ဘူး "

ဟု ပြောလေရာ မောင်သာဒွန်းသည် သားဖြစ်သူကို ကရုဏာ သက်လွန်းသဖြင့် မောင်မြတ်နိုး၏ပခုံးကိုဖက်၍

" ဘာပဲဖြစ်ဖြစ် စိတ်အားမငယ်နဲ့နော် သား၊ သားကို



www.burmeseclassic.com

www.burmeseclassic.com



ဘိုးဘိုးကြီး ချစ်ပါတယ်၊ သား ချောင်းဆိုးတာကို ဘိုးဘိုးကြီး ဆရာဝန်ခေါ်ပြီး ပျောက်အောင်ကုပေးမယ်နော် ”

ဟု ဆိုကာ ကလေးငယ်ကို ခြံထဲမှာထားခဲ့ပြီး ဆရာဝန်ပင့်ရန် မြို့ထဲသို့ ထွက်ခဲ့လေ၏။

ထိုအချိန်၌ မတင်နွယ်သည် မျက်နှာတစ်ခုလုံး လွှမ်းမင်းစွာ ခြယ်သ၍အခန်းပြင်သို့ ထွက်လာ၏။

ထိုအခါ ခြံရှေ့၌ မောင်သာဒွန်း၏ကားကို မတွေ့ရသဖြင့် မျက်မှောင်ကြုတ်ပြီး ကျန်ရစ်ခဲ့လေ၏။

ခဏအကြာတွင် မောင်သာဒွန်းသည် ကုလားဆရာဝန်ကြီးကို ပင့်၍ အိမ်သို့ပြန်ရောက်လာ၏။

မောင်သာဒွန်းသည် ကုလားဆရာဝန်ကြီးကိုပင့်၍ အိမ်ထဲသို့ ဝင်လာပြီး မောင်မြတ်နိုး နေမကောင်းဖြစ်နေသဖြင့် ဆရာဝန်ပင့်လာကြောင်း ပြောလေရာ မတင်နွယ်က မျက်နှာပျက်သွားပြီး





“ အားနာစရာ အစ်ကိုကြီးရယ်၊ ကျွန်မလည်း သားလေးချောင်းဆိုးနေလို့ မြန်မာဆေးတိုက်ထားတယ်၊ ဒီနေ့ မသက်သာရင် ဆရာဝန်ကြီးကိုပင့်ဖို့ စီစဉ်ထားတယ်ရှင့် ”

ဟု ပြောလေ၏။ မောင်သာဒွန်းသည် ယုတ်မာကောက်ကျစ်သော မိန်းမကို ပိုမို၍ ရွံရှာသွားလေ၏။

မောင်သာဒွန်းသည် ကုလားဆရာဝန်ကြီးအား ငွေကြေး မက်မောလောက်အောင်ပေး၍ ကလေး၏ကျန်းမာရေးကောင်းသည်အထိ နေ့စဉ်လာကြည့်စေချင်ကြောင်းပြောလေ၏။

ဆရာဝန်ကြီးသည် မောင်သာဒွန်းထံမှာ ဆေးကုသငွေနှစ်ဆရရှိသဖြင့် နေ့စဉ်လာရောက်ကြည့်ရှုရန် ကတိပြုလေ၏။

ထို့နောက် မတင်နွယ်သည် မောင်သာဒွန်းကို ခြံထဲရှိ နှစ်ယောက်ထိုင်ခုံ၌ ယှဉ်တွဲ၍ထိုင်စေပြီး အလွန်ရင်းနှီးခင်မင်ဟန်ဖြင့် ကြည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



" ကျွန်မကတော့ တစ်နေ့ထက်တစ်နေ့ အစ်ကိုကြီးကို ပိုမိုပြီးခင်မင်လာပြီ၊ ရန်ကုန်ကနေ ခဏခဏ လာလည်ရတာ အစ်ကိုကြီး အသက်အရွယ်နဲ့ ပင်ပန်းလိုက်တာလို့ တွေးမိတယ်၊ ဒါကြောင့် ဖြစ်နိုင်ရင် "

ဟု ဆိုကာ သူမ၏စကားကို ရပ်ထားလိုက်လေ၏။

မောင်သာဒွန်းက မိန်းမယုတ်၏မျက်နှာကို စူးရှာစွာ ကြည့်၍

" ဖြစ်နိုင်ရင် ဘာလုပ်ချင်လို့လဲ မတင်နွယ်ရဲ့ "

ဟု အလိုက်သင့် မေးမြန်းလိုက်လေ၏။ မတင်နွယ်သည် မောင်သာဒွန်းကို ပြုံတီတီကြည့်၍

"အစ်ကိုကြီးကို ကျွန်မတို့အိမ်မှာပဲ နေခိုင်းလိုက်ချင်တာပဲ"

ဟု ပြောလိုက်လေ၏။ မောင်သာဒွန်းက မတင်နွယ်၏ အလိုရမ္မက်ကြီးခြင်းကို ရိပ်စားမိပြီးဖြစ်သဖြင့်

" ဒီလိုတော့လည်း မဖြစ်ပါဘူး မတင်နွယ်၊ ကျုပ်ရဲ့





အလုပ်တွေက ရန်ကုန်မြို့မှာ အများကြီး ကျန်သေးတယ် "

ဟု ပြောလိုက်လေ၏။ ထိုအခါ မတင်နွယ်က

" အစ်ကိုကြီးမှာ ဇနီးမယား မရှိဘူးဆိုတော့ မပြောကောင်း မဆိုကောင်း၊ တစ်နေ့နေ့မှာ အစ်ကိုကြီးတိမ်းပါးသွားရင် အစ်ကိုကြီးရဲ့စည်းစိမ်တွေကို ဘယ်သူ့အတွက် ထားခဲ့မှာလဲ "

ဟု မေးမြန်းလိုက်၏။ မောင်သာဒွန်းက ခေါင်းခါယမ်း၍

" ဒီကိစ္စကို အစ်ကိုကြီး တစ်ခါမှမစဉ်းစားမှုးဘူးကွယ်၊ ဟုတ်တယ်နော်၊ အစ်ကိုကြီးအသက်အရွယ်ကလည်းတော်တော်ရလာပြီဆိုတော့ တစ်နေ့နေ့မှာ စည်းစိမ်တွေကို ဘယ်သူ့အတွက်များပေးခဲ့ရမလဲနော် "

ဟု ရေရွတ်နေလေရာ မတင်နွယ်သည် လောဘဇောကပ်ပြီး မျက်လုံးများ အရောင်တဖျတ်ဖျတ် တောက်ပလာ၏။

ကုလားအဘိုးကြီးကို မိမိအပိုင်သိမ်းသွင်းထား နိုင်လျှင်



www.burmeseclassic.com

www.burmeseclassic.com



စည်းစိမ်ဥစ္စာများကို သူမတစ်ယောက်တည်း အပိုင် ရရှိနိုင်မည်ဟု ယူဆလိုက်လေ၏။

ထို့ကြောင့် မောင်သာဒွန်းကို အလိုလိုက်အကြိုက်ဆောင်၍ အစွမ်းကုန်ပေါင်းသင်းမည်ဟု ဆုံးဖြတ်လိုက်လေ၏။

ထိုအခိုက်မှာပင် မောင်သာဒွန်းမွေးထားသော ခွေးကြီးသည် လှောင်အိမ်ထဲမှလွတ်လာပြီး မောင်သာဒွန်းကို ဟောင်လေ၏။

မောင်သာဒွန်းသည် ခွေးကြီး၏အထာကိုသိသဖြင့် ခွေးကြီး၏ လည်ပင်းအောက်သို့ လက်ဖြင့်ညင်သာစွာ ပွတ်သပ်ပေးလိုက်ရာ ခွေးကြီးသည် မောင်သာဒွန်းကို ရင်းနှီးခင်မင်ဟန်ပြလေ၏။

မတင်နွယ်သည် ထိုမြင်ကွင်းကိုကြည့်၍ အံ့သြသွားပြီး

" ဟင်... ဒီခွေးကြီးဟာ အရင်တုန်းက လူစိမ်းဆိုရင် ဘယ်တော့မှ အကပ်ခံတာမဟုတ်ဘူး၊ လူစိမ်းမပြောနဲ့ အိမ်မှာ





အမြဲဝင်ထွက်နေတဲ့ ကိုလှတိုးဆိုရင် အမြဲကိုက်ဖို့ကြိုးစားနေတာ"

ဟု ပြောလေရာ မောင်သာဒွန်းက မသိနားမလည်ဟန်ဖြင့်

" ဟင်... ကိုလှတိုးဆိုတာ ဘယ်သူလဲ "

ဟု မေးမြန်းလေ၏။ မတင်နွယ်က မလုံမလဲဖြစ်ဟန်ဖြင့် ကြည့်၍

" ကျွန်မယောက်ျားမသေမီက အိမ်မှာပဲအတူနေပြီး ကူညီလုပ်ကိုင်ပေးတဲ့ လူယုံတစ်ယောက်ပါ၊ အခုတော့ ယောက်ျားသေပြီးတော့ ဒီအိမ်မှာ ကျွန်မနဲ့အတူတူနေဖို့မသင့်တော်တာနဲ့ ဆန်စက်ထဲက အိမ်မှာသွားနေပါတယ်၊ ဒီနေ့ ခေတ်မှာမိန်းမတွေရဲ့ကျွေသိက္ခာကို ထိန်းနိုင်မှ တော်ကာကျတာရှင့် "

ဟု ဆိုလိုက်ရာ မောင်သာဒွန်းက မိန်းမယုတ်၏မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ကို မကြည့်ဘဲ

" မတင်နွယ်ဟာ ဣန္ဒြေသိက္ခာထိန်းတဲ့ မိန်းမကောင်းလေးပါပဲ၊ ချီးကျူးပါတယ် "

ဟု ပြောလိုက်ရာ မတင်နွယ်သည် မောင်သာဒွန်း၏အနီးသို့ ပိုမိုတိုးကပ်၍ သားဖြစ်သူအား

" ဟဲ့ကောင်လေး... လူကြီးတွေ စကားပြောနေတာနားထောင်မနေနဲ့၊ ထွက်သွားစမ်း "

ဟု မောင်းနှင်ထုတ်လိုက်ရာ မောင်မြတ်နိုးလေးသည် မျက်နှာငယ်လေးနှင့် အနီးမှ ထွက်ခွာသွားလေ၏။

မတင်နွယ်သည် မောင်သာဒွန်းနှင့် တစ်ယောက်တည်း အတူရှိသောအခါ

" အိမ်စေတွေမရှိတုန်း အစ်ကိုကြီးကို မေးရဦးမယ်၊ အစ်ကိုကြီးမှာ ဇနီးမယားမရှိဘူးလားဟင် "

ဟု မေးမြန်းလိုက်ရာ မောင်သာဒွန်းက မိန်းမယုတ်၏





စိတ်တွင်းကို ဖောက်ထွင်း၍မြင်လိုက်ပြီး

" ဇနီးဆုံးတာ ဆယ်နှစ်ကျော်လောက်ရှိပါပြီ "

ဟု ပြောလိုက်လေ၏။ မတင်နွယ်သည် မောင်သာဒွန်း၏အနီး သို့ ပိုမိုတိုးကပ်လာပြီး

" ကျွန်မတို့နှစ်ယောက်ကတော့ ဘဝတူတွေ ဖြစ်နေပြီပေါ့ရှင်၊ ဒါပေမဲ့ အစ်ကိုကြီးက ယောကျ်ားသားလည်းဖြစ်၊ ပိုက်ဆံကလည်း ကျိုကျိုတက်ချမ်းသာတယ်ဆိုတော့ အိမ်ထောင်တစ်ခုတည်ထောင်မယ်ဆိုရင် လွယ်လွယ်လေးပါ၊ ကျွန်မကတော့ မိန်းမသားလည်းဖြစ်၊ စည်းစိမ်ဥစ္စာကလည်း မယ်မယ်ရရမရှိ၊ ကလေးတစ်ယောက်အမေ မုဆိုးမဆိုတော့ အိမ်ထောင်တစ်ခု ပြန်တည်ထောင်ဖို့မလွယ်ပါဘူးရှင် "

ဟု ဆိုလိုက်ရာ မောင်သာဒွန်းသည် မတင်နွယ်ကို စိတ်ထဲက ရွံမုန်းသော်လည်း

" စိတ်သဘောထားကြီးတဲ့သူနဲ့ဆိုရင် ဖြစ်နိုင်ပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



မောင်မြတ်နိုးကလည်း ချစ်စရာအလွန်ကောင်းတဲ့ ကလေးလေးပဲ၊ သူ့ကို မချစ်တဲ့သူမရှိနိုင်ပါဘူး ”

ဟု ပြောလိုက်ရာ မတင်နွယ်က မောင်သာဒွန်းကို အဓိပ္ပါယ်ပါပါကြည့်၍

“ အစ်ကိုကြီးလို ကလေးချစ်တတ်တဲ့သူတော်ကောင်းကြီးဆိုရင်တော့ ဟုတ်တာပေါ့ရှင်၊ ဒါပေမဲ့ ဒီနေ့ခေတ်ယောကျ်ားတွေက အမေကိုသာ လိုချင်ပြီး ကလေးရဲ့အနှောင့်အယှက်ကို ခံချင်တာမဟုတ်ဘူး ”

ဟု ပြောလိုက်လေ၏။

မောင်သာဒွန်းက မိန်းမယုတ်၏ အလိုဆန္ဒကို သိရှိသဖြင့်

“ ကျုပ်ကတော့ မောင်မြတ်နိုးလို ချစ်စရာကောင်းတဲ့ကလေးမျိုးဆိုရင် တစ်ယောက်မပြောနဲ့၊ ဆယ်ယောက်ဆိုရင်တောင် ခံဝံ့ပါတယ် ”





ဟု ဆိုလိုက်လေ၏။

မတင်နွယ်သည် မိမိ၏ထောင်ချောက်အတွင်းသို့ သားကောင်ဝင်ရောက်လာပြီဖြစ်သဖြင့်

“ ဒါဆိုရင် အစ်ကိုကြီးမှာ အိမ်ထောင်ပြုဖို့ စိတ်ကူးမရှိဘူးလား ”

ဟု တီးတိုးမေးမြန်းလိုက်၏။ မောင်သာဒွန်းက မသိမသာ အံကိုကြိတ်၍

“ စိတ်ကူးတော့ရှိပါတယ်၊ ဒါပေမဲ့ ကျုပ်ရဲ့အသက်အရွယ်နဲ့ သင့်တော်တဲ့သူရှာရမယ်လေ၊ ကျုပ်အတွက် ဆေးပေးမီးယူလုပ်ဖို့ဆိုတော့ အသက်အရွယ်ငယ်လွန်းရင်လည်း မဖြစ်ဘူး၊ ကျုပ်ရဲ့အနှောင့်အယှက်ခံနိုင်မှာ မဟုတ်ဘူး ”

ဟု ဆိုလိုက်ရာ မတင်နွယ်က သဘောကျဟန်ဖြင့် ခေါင်းညိတ်၍

“ ဟုတ်တာပေါ့ရှင်၊ ဒါထက် အစ်ကိုကြီးက ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



အသက်အရွယ်မျိုးကို လိုချင်တာလဲ၊ ကျွန်မ ကြိုးစားပြီး ရှာပေးမယ်လေ ”

ဟု ပြောလိုက်လေ၏။ မောင်သာဒွန်းက မတင်နွယ်၏ ကိုယ်ခန္ဓာကိုကြည့်၍

“ မတင်နွယ်လောက်ဆိုရင် အတော်ပါပဲ၊ အသက်သိပ်ပြီး ငယ်လွန်းရင် အဆင်မပြေသလို ကြီးရင်လည်း အဆင်မပြေဘူးလေ”

ဟု ပြောလိုက်ရာ မတင်နွယ်သည် သဘောကျဟန်ဖြင့် ခိုးခိုးခစ်ခစ် ရယ်မောလိုက်လေ၏။





ထိုအခိုက်မှာပင် အိမ်ရှေ့ခြံတံခါး၀၌ လူယုတ်မာလှတိုး ရောက်ရှိလာလေရာ ခြံစောင့်သည် တံခါးကို ဖွင့်ပေးလေ၏။

မတင်နွယ်သည် အိမ်ရှေ့၌ လှတိုးရောက်နေကြောင်း သိရသောအခါ မောင်သာဒွန်းအနီးမှ မသိမသာ ခွာလိုက်ပြီး

“ စောစောတုန်းက အစ်ကိုကြီးကိုပြောပြတဲ့ ကျွန်မယောက်ျားရဲ့လူယုံ ကိုလှတိုးဆိုတာ သူပဲပေါ့ရှင် ”



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။ ထို့နောက် မတင်နွယ်သည် မောင်သာဒွန်းနှင့် လူယုတ်မာလှတိုးကို မိတ်ဆက်ပေးလေ၏။

လှတိုးသည် မောင်သာဒွန်း၏အနီးရှိ ထိုင်ခုံ၌ထိုင်လိုက်ပြီး မောင်သာဒွန်း၏မျက်နှာကို မသိမသာ အကဲခတ်နေလေ၏။

မောင်သာဒွန်းသည် လူယုတ်မာလှတိုးကိုကြည့်၍ ဒေါသဖြစ်လွန်းသဖြင့် ထိုင်ရာမှထပြီး ထိုးကြိတ်ချင်စိတ်များပင် ဖြစ်ပေါ်နေလေ၏။

လှတိုးသည် ကျေးဇူးတရားကို မထောက်ထားဘဲ မိမိကို ဓားပြများလက်၌ ရက်ရက်စက်စက် ထားရစ်ခဲ့၏။ ထို့ပြင် မိမိ၏ ဇနီးမယားကိုပင် ကြာခိုပြီး သိမ်းပိုက်ခဲ့သူဖြစ်၏။

လှတိုးသည် မောင်သာဒွန်းနှင့် မတင်နွယ်၏ ရင်းနှီးကျွမ်းဝင်မှုများကို မသိမသာ အကဲခတ်နေလေ၏။ မတင်နွယ်သည် လူယုတ်မာလှတိုးနှင့် ငြိစွန်းနေမှုကို မောင်သာဒွန်း မသိအောင် ခပ်စိမ်းစိမ်း ဆက်ဆံနေလေရာ လှတိုးသည်





မတင်နွယ်၏အပြုအမူကို မကျေမချမ်း ဖြစ်နေလေ၏။

ခဏအကြာတွင် မောင်သာဒွန်းသည် မောင်မြတ်နိုးလေး၏ကျွန်းမာရေးကို ဂရုစိုက်ရန် ပြောဆိုပြီး ၎င်းတို့အား နှုတ်ဆက်ပြီးပြန်ခဲ့လေ၏။

မောင်သာဒွန်းကားထွက်ခွာသွားသောအခါ လှတိုးက မတင်နွယ်၏အနီး၌ ဝင်ထိုင်လိုက်ပြီး

" ကုလားအဘိုးကြီးရှေ့မှာ နွယ်က ကိုယ်ကို ဘယ်လိုဆက်ဆံလိုက်တာလဲ၊ ဒီကိစ္စကို ကိုယ်လုံးဝမကျေနပ်ဘူး "

ဟု ဆိုလိုက်ရာ မတင်နွယ်က လှတိုးကိုကြည့်၍ နှုတ်ခမ်းစူကာ

" ကြည့်… ရှင်က ကျွန်မကို ကုလားအဘိုးကြီးနဲ့တောင် သဝန်တိုနေတာလား၊ ဒီလူကြီးက ရွှေတွင်းကြီးရှင့်၊ သူ့မှာရှိသမျှ ပစ္စည်းတွေကို ကျွန်မက ချူယူဖို့ကြိုးစားနေတာ၊ သူ့အလိုတော့ နည်းနည်းပါးပါး လိုက်ရမှာပေါ့ရှင်၊ ကျွန်မလို



www.burmeseclassic.com

www.burmeseclassic.com



မိန်းမက သူ့လို မသန်မစွမ်းနဲ့ အိုကြီးအိုမကြီးကို လက်ခံပါ့မလား၊ ရှင်လည်း ကျွန်မ အကြောင်း သိသားနဲ့၊ ကျွန်မက ရှင့်လိုရင်အုပ်ကားကား၊ လက်မောင်းထွားထွားနဲ့ ယောကျ်ားပီသတဲ့လူကိုမှ ချစ်တာရှင့် ”

ဟု လူယုတ်မာလှတိုးအကြိုက် ပြောဆိုလိုက်လေရာ လှတိုးသည် မကျေမနပ်ဖြစ်နေသောစိတ်များ ပြေလျော့သွားပြီး သဘောကျဟန်ဖြင့် ရယ်မောကာ

“ ကောင်းပါပြီဗျာ၊ ဒါကြောင့်လည်း ခင်ဗျားရဲ့အလိုလိုက် အကြိုက်ဆောင်ဖို့ ဆန်စက်ကနေ ဒီအိမ်ကို ထွက်လာခဲ့တာပါ၊ ဒီနေ့ည ကျုပ်ဒီမှာပဲ အိပ်မယ် ”

ဟု ဆိုလိုက်ရာ မတင်နွယ်က သဘောကျဟန်ဖြင့် ခေါင်းညိတ်၍

“ ကျွန်မလည်း ရှင့်ကိုမျှော်နေတာရှင့်၊ အေးအေးဆေးဆေး မနေရတာကြာပြီ၊ ဒီနေ့ညတော့ ကျွန်မတို့ဆန္ဒပြည့်ပြည့်





အိမ်စေတွေကို ရှင့်အတွက် ကြက်ဥသုံးလုံးနဲ့ နွားနို့ပြင်ခိုင်းထားမယ် ”

ဟု ပြောလိုက်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် မောင်သာဒွန်းသည် ဖနီးဖြစ်သူထံသို့ မကြာခဏ သွားလည်ရင်း မိမိ၏သားလေး မောင်မြတ်နိုး၏ကျန်းမာရေးကို ဂရုစိုက်ရလေ၏။

မောင်မြတ်နိုးသည် ဖခင်ဖြစ်သူ၏ဂရုတစိုက် ဆေးဝါးကုသပေးမှုကြောင့် တဖြည်းဖြည်း ပြန်လည်ကျန်းမာဝဖြိုးလာ၏။





မောင်မြတ်နိုးကလေးသည် သွေးကစကားပြောလေသလားမသိ။ မောင်သာဒွန်းကို အထူးပင်ချစ်ခင်မြတ်နိုးလာလေ၏။

မောင်သာဒွန်းသည် မတင်နွယ်၏ကွယ်ရာ၌ သားလေးကို တယုတယနမ်းရှိုက်၍

" ဘိုးဘိုးကြီးကို ချစ်သလား "

ဟု မေးမြန်းလေရာ မောင်မြတ်နိုးက ခေါင်းညိတ်၍

" ဘိုးဘိုးကြီးကိုကြည့်ရတာ ဘာဖြစ်လို့လဲ မသိဘူး၊ တဖြည်းဖြည်း သားဖေဖေနဲ့တူလာသလိုပဲ "

ဟု ပြောလေရာ မောင်သာဒွန်းသည် ရင်ထဲတွင် လှိုက်ဖို၍ မျက်ရည်များ စီးကျလာ၏။

မောင်သာဒွန်းက မောင်မြတ်နိုး၏ပခုံးကိုဖက်၍

" ဘိုးဘိုးကြီးနဲ့ တူတူနေချင်သလား "

ဟု မေးမြန်းလေရာ မောင်မြတ်နိုးက ခေါင်းညိတ်၍



www.burmeseclassic.com

www.burmeseclassic.com



" ဘိုးဘိုးကြီးနဲ့နေချင်တာပေါ့၊ မေမေနဲ့နေရတာ အမြဲ တမ်းဆူပူခံနေရတယ်၊ ဦးလှတိုးကလည်း သားကို ခဏခဏ ရိုက်တယ်၊ ဒီလူကြီး သားကို အမြဲအနိုင်ကျင့်တာပဲ "

ဟု တိုင်လေ၏။

မောင်သာဒွန်းသည် သားဖြစ်သူ၏တိုင်ကြားမှုကြောင့် ဒေါသအိုးပေါက်ကွဲသွားပြီး တက်ခေါက်ကာ

" တောက်... ဒီကောင်ကများ ငါ့သားကို ရာရာစစ ရိုက်နှက်ရသလား၊ တွေ့ကြသေးတာပေါ့ကွာ "

ဟု ကြုံးဝါးလေရာ မောင်မြတ်နိုးက နားမလည်ဟန်ဖြင့် ကြည့်ရှုလေ၏။

ထိုအချိန်မှစ၍ မောင်သာဒွန်း၏ ကလဲ့စားချေချင်စိတ် များ ပိုမိုတိုးလာ၏။





၉

တစ်နေ့တွင် ဇနီးဖြစ်သူ၏အိမ်မှ ရန်ကုန်မြို့သို့ပြန်ရောက် သောအခါ ရန်ကုန်မြို့ရှိ ခြံကြီး၌ မီးလောင်မှုဖြစ်ပွားပြီး အိမ် ဝတ်ဝန်းကျင်၌ မီးသတ်ကားများရောက်နေကြောင်း တွေ့ရ၏။

ကုလားအဘိုးကြီး၏အိမ်ကြီး မီးလောင်ခြင်းမဟုတ်ဘဲ အိမ်ကြီး၏အနောက်ရှိ အစေခံများနေထိုင်သော အဆောင်ငယ် လေး လောင်ကျွမ်းခြင်းဖြစ်၏။

www.burmeseclassic.com



မောင်သာဒွန်းသည် ထိုသို့မီးလောင်မှုကြောင့် မီးသတ်ဌာနမှအရာရှိများကို လာဘ်ထိုးပြီး အမှုကိုသေးငယ်အောင် လုပ်ရ၏။

ကိုလိုနီခေတ်ဖြစ်သဖြင့် မီးသတ်အရာရှိများသည် မီးလောင်မှုကို လျော့ပေါ့၍ မှတ်ချက်ရေးလေ၏။

ထို့ကြောင့် မောင်သာဒွန်းသည် မီးလောင်မှုကြောင့် အရေးယူမခံရသော်လည်း ရန်ကုန်မြို့၌ ရက်ပေါင်းများစွာ အချိန်ကုန်လွန်ခဲ့လေ၏။

မောင်သာဒွန်းသည်အိမ်မီးလောင်သောကိစ္စကို ဖြေရှင်းနေစဉ် သားလေးမောင်မြတ်နိုးကို အထူးသတိရနေလေ၏။ သူသည် ပြဿနာများဖြေရှင်းပြီး နောက်နေ့တွင် ဇနီးဖြစ်သူ မတင်နွယ်ထံသို့ သွားရန်ကြံစည်လေ၏။ထိုသို့ ကြံစည်နေစဉ် မှာပင် မောင်သာဒွန်း၏အိမ်သို့ သံကြိုးစာ တစ်စောင်ရောက်ရှိလာ၏။ ထိုသံကြိုးစာကိုဖတ်ပြီး မောင်သာဒွန်းသည် အလွန်





ပူပင် သောကရောက်ပြီး ဒရိုင်ဘာအား ခရီးထွက်ရန် ပြင်ဆင်နိုင်းလေ၏။

သံကြိုးစာထဲတွင် မောင်မြတ်နိုး အသည်းအသန် ဖြစ်နေ၍ အမြန်လာရန် အကြောင်းကြားထားလေ၏။ မောင်သာဒွန်းသည်တစ်နေ့ကုန်ခရီးဆက်ခဲ့ရာ ညနေစောင်းအချိန်၌ မိမိ၏ အိမ်သို့ရောက်ရှိလေ၏။

အိမ်သို့ရောက်သောအခါ အိမ်ခန်းထဲ၌ကုလားဆရာဝန်ကြီးကို တွေ့ရပြီး ဆရာဝန်ကြီးက မောင်သာဒွန်းကို မြင်သောအခါ မိမိ မတတ်နိုင်တော့ကြောင်း ခေါင်းကို အသာခါယမ်းပြလိုက်လေ၏။ မောင်သာဒွန်းသည် ခုတင်ပေါ်တွင်လဲလျောင်းနေသော ကလေးငယ်ကို ကြည့်၍ စိတ်လှုပ်ရှားစွာဖြင့်

"ဘယ်လိုဖြစ်တာလဲ၊ ဘာကြောင့်ဒီလိုဖြစ်သွားရတာလဲ"

ဟုမေးမြန်းလိုက်ရာ မတင်နွယ်က မျက်နှာမသာမယာ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့်

"အစ်ကိုကြီး မလာတာကြာပြီဆိုတော့ ခဏခဏခြံပြင်ထွက်မျှော်တယ်၊ ကျွန်မက အစ်ကိုကြီးလာတော့မှာပါ ဆိုပြီး ချော့ချော့ခေါ်ရတယ်၊ ဒါပေမဲ့ လွန်ခဲ့တဲ့ရက်က ကျွန်မ မသိတုန်း ခြံပြင်က အုတ်ခုံပေါ်မှာ သွားထိုင်စောင့်တယ် သူ့စောင့်တဲ့ အချိန်မှာ မိုးတွေက တစ်ချိန်လုံးရွာနေခဲ့တယ် ဒါကြောင့် အဆုတ်အအေးပတ်ပြီး ဖြစ်သွားရတာပါပဲ ကလေးက ကိုယ်ခံအားနည်းတဲ့အချိန်ဆိုတော့ အခုလိုဖြစ်သွားတာပါ"

ဟုပြောလေ၏။ မောင်သာဒွန်းသည် ရင်ထဲတွင် အလွန်ပူလောင်နေပြီး အိမ်ရာပေါ်တွင် အားငယ်ဖျော့တော့စွာဖြင့် လဲလျောင်းနေသော ကလေး၏ လက်ကို ဆုပ်ကိုင်၍

"ဘိုးဘိုးရောက်လာပြီလေ၊ သားရဲ့ ဘိုးဘိုးရောက်လာပြီ"





ဟုတီးတိုးပြောသောအခါ ကလေးငယ်သည် မျက်လုံးကြောင်တောင်တောင်ဖြင့် မောင်သာဒွန်းကို ကြည့်လေ၏။ မောင်သာဒွန်းက

"ဘိုးဘိုးရောက်လာပြီ၊ သားနဲ့ ရန်ကုန်မြို့ကြီးမှာ လျှောက်လည်ကြမယ်၊ နေကောင်းအောင်နေနော် သား"

ဟုတတွတ်တွတ်ပြောဆိုနေလေ၏။ သို့သော် ခွန်အားဆုတ်ယုတ်နေသော ကလေးငယ်သည် မောင်သာဒွန်း၏ လက်ကိုသူ၏ လက်ချောင်းကလေးများဖြင့် ဆုပ်ကိုင်ရင်း ငြိမ်သက်စွာ အသက်ထွက်သွားလေ၏။

မောင်သာဒွန်းသည် ကလေးငယ်ကို

"သား... သား... သား"

ဟုအကြိမ်ကြိမ်အော်ဟစ်ရင်း ဟန်မဆောင်နိုင်ဘဲ မျက်လုံးထဲမှ မျက်ရည်များစီးကျလာလေ၏။ မတင်နှယ်သည် ရင်နှင့်လွယ်၍မွေးရသော သားဖြစ်သူ သေဆုံးသွားသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



မောင်သာဒွန်းလောက်ပင် ဝမ်းနည်းကြေကွဲခြင်း ဖြစ်ပုံမရဘဲ မျက်ဝန်း၌ စိုနေသော မျက်ရည်ကိုအသာသုတ်၍ အခန်းထဲထွက်သွားလေ၏။ မောင်သာဒွန်းသည် ကလေးကို ဖက်၍

"အဖေ့အပြစ်ပါသားရယ်၊ အဖေ့အပြစ်ပါ၊ အဖေ အမြန်ဆုံး ရောက်လာခဲ့ရင် ငါ့သားလေးဒီလိုဖြစ်မှာ မဟုတ်ဘူး"

ဟုပြောရင်း ရင်ကွဲလုမတတ်ခံစားနေရလေ၏။ ထို့နောက် မောင်သာဒွန်းသည် မောင်မြတ်နိုးလေး၏ နောက်ဆုံးခရီးကို အကောင်းဆုံးဖြစ်အောင် စီစဉ်ပေးခဲ့လေ၏။

မောင်သာဒွန်းနှင့် ကလေး၏သားအဖတော်စပ်ခြင်းကို မသိသော လူယုတ်မာလုတို့သည် ဈာပနာကိစ္စ၌ အကောင်းဆုံး စီစဉ်နေသော မောင်သာဒွန်းကို အံ့သြဟန်ဖြင့် ကြည့်ရှုနေလေ၏။ မောင်သာဒွန်း၏ ကွယ်ရာ၌ မတင်နွယ်ကို ခေါ်၍

"ကုလားအဘိုးကြီးကို ကြည့်ရတာ တစ်မျိုးကြီး





ခံစားရတယ်၊ ဟိုကောင်လေး ဈာပနမှာ သူလုပ်နေပုံက သူ့သားကျနေတာပဲ"

ဟုပြောလေ၏။ မတင်နွယ်က သဘောကျဟန်ဖြင့် ရယ်မော၍

"ဟုတ်တယ်၊ အဘိုးကြီးက ကလေးကို တော်တော်ချစ်ပုံရတယ်၊ ကလေးသေသွားတာ ကျွန်မတို့အတွက် ငွေဝင်ပေါက် ပိတ်သွားတာပဲ"

ဟုပြောလိုက်ရာ လူယုတ်မာလုတို့က မတင်နွယ်၏ ပခုံးကိုဖက်၍

"ကလေးမရှိတော့ပေမဲ့၊ မတင်နွယ်ရဲ့ အလှအပနဲ့ ကုလားအဘိုးကြီးကို ပြုစားလို့ ရသေးတယ်၊ ကုလားအဘိုးကြီးဆီက အကုန်ချူယူပေတော့"

ဟုပြောလိုက်လေ၏။ မတင်နွယ်က ရယ်မော၍

"ဒီလူကြီးကို အခွံပဲကျန်အောင် ချူယူပြီးမှ ကန်ထုတ်



www.burmeseclassic.com

www.burmeseclassic.com



ပစ်လိုက်မယ်၊ သေကာနီးကုလားအဘိုးကြီးကို ရှင်လိုလူနဲ့တော့မလဲနိုင်ပါဘူး”

ဟုပြောလိုက်လေရာ လှတိုးသည် တဟားဟား ရယ်မောလိုက်လေ၏။ ၄င်းတို့သည် လတ်တလောသေဆုံးနေသော မောင်မြတ်နိုးကိုပင်မေ့လျော့ပြီး အိမ်ခန်းထဲသို့ ဝင်ရောက်သွားလေ၏။ ထိုအချိန်၌ မောင်သာဒွန်းသည် အိမ်ကြီးအပေါ်ထပ်ရှိ အိမ်ခန်းတံခါးအနီး၌ အိမ်စေနှစ်ဦးပြောသော စကားကို နားထောင်ပြီး သားလေးမောင်မြတ်နိုးအတွက် ရင်ထုမနာ ဖြစ်နေလေ၏။ အိမ်စေနှစ်ဦးအနက်တစ်ဦးက

“မောင်မြတ်နိုးလေးက မသေသင့်ဘဲသေလိုက်ရတယ်ဟယ်၊ ငါတော့ ကလေးအကြောင်းတွေးမိရင် စိတ်မကောင်းဘူး၊ အဲဒီနေ့က လှတိုးဆိုတဲ့ တဏှာရူးကြီးက ကလေးကို အကြောင်းမရှိ အကြောင်းရှာပြီး ရိုက်တော့ ကလေးကခြံပြင်ထွက်ပြီး ကုလားအဘိုးကြီးကို စောင့်နေ





သတဲ့”

ဟုပြောလေရာ ကျန်အိမ်စေတစ်ဦးက

“အဲဒီနေ့က တဏှာရူးကြီးလာလို့ ငါတို့အိမ်စေတွေကို တစ်နေကုန် အပြင်ထွက်လည်ခိုင်းတယ်၊ ဒါကြောင့် ကလေးက မဖြစ်သင့်ဘဲဖြစ်သွားတာပေါ့၊ ငါတို့ ညနေစောင်း အိမ်ပြန်လာတော့ မိုးရေထဲမှာ ခိုက်ခိုက်တုန်အောင်ချမ်းနေတဲ့ ကလေးကို တွေ့ရတာပဲ၊ ကလေးကတော့ တဏှာရူးလှတိုး ရိုက်လို့ ကုလားအဘိုးကြီးကို ထွက်မျှော်နေတာတဲ့”

ဟုပြောဆိုနေလေ၏။ မောင်သာဒွန်းသည် အိမ်စေနှစ်ယောက်၏ စကားများကို နားထောင်ပြီး မောင်မြတ်နိုးကလေးကို ကရုဏာသက်လွန်းသဖြင့် မျက်လုံးအစုံမှ မျက်ရည်များ စီးကျလာလေ၏။

ဇနီးဖြစ်သူနှင့် သစ္စာဖောက်လှတိုးအား နာကြည်းလွန်းသဖြင့် လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်ကာ



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့နှစ်ယောက်ကို ငါအမြန်ဆုံးအပြစ်ဒဏ်ခတ်မယ်ဟေ့၊ ထမင်းဝအောင်စားထားပေတော့"

ဟု ကြုံဝါးလိုက်လေ၏။





မောင်မြတ်နိုးသေဆုံးပြီးနောက် မောင်သာဒွန်းသည် သစ္စာဖောက် ဖနီးနှင့် လူယုတ်မာလုတိုးကို ယခင်ကထက်ပိုမို ရှုံမုန်းခဲ့သော်လည်း ၎င်းတို့ကို အပြစ်ဒဏ်ခတ်ရန် ရည်ရွယ်ချက်ဖြင့် ပိုမိုရင်းနှီးစွာပေါင်းသင်းဆက်ဆံလေ၏။

မတင်နွယ်နေထိုင်ရာ အိမ်သို့လည်း တစ်ပတ်လျှင် နှစ်ခေါက်မျှရောက်အောင်သွားလေ၏။ တစ်နေ့မောင်သာဒွန်း



www.burmeseclassic.com

www.burmeseclassic.com



၏ ကားကြီးခြံရှေ့သို့ရောက်သောအခါ ခြံစောင့်ကုလားသည် ခွေးသေကောင်ကို ကြိုးဖြင့်ဆွဲ၍ ယူဆောင်လာလေရာ မောင်သာဒွန်းသည် သူ၏ ခွေးကြီးကို စိတ်မကောင်းဖြစ်သွားလေ၏။ ခွေး၏ ဗိုက်၌ လှံနှင့် ထိုးထားသောဒဏ်ရာတစ်ခုကို တွေ့ရသဖြင့်ပိုမို၍စိတ်မကောင်းဖြစ်သွားလေ၏။ မောင်သာဒွန်းသည် အိမ်ကြီး၏အပေါ်သို့တက်ပြီး မတင်နွယ်အား ခွေးသေဆုံးမှုနှင့်ပတ်သက်၍ မေးမြန်းလေရာ မတင်နွယ်က အရေးမကြီးဟန်ဖြင့်

"ကိုလှတိုးရဲ့ လက်ချက်ပေါ့၊ ခွေးကလဲ ခွေးပါပဲ၊ ကိုလှတိုးကို မြင်တိုင်းဟောင်နေတယ်၊ ဒီနေ့တော့ ကိုလှတိုးက စိတ်ကိုမထိန်းနိုင်တော့ဘဲ လှောင်အိမ်ထဲမှာရှိနေတဲ့ခွေးကို အပြင်ကနေ လှံနဲ့ ထိုးသတ်တယ်လေ၊ ဒီခွေးလည်းဝဋ်ကျွတ်သွားတာပေါ့"

ဟုပြောလေရာ မောင်သာဒွန်းသည် စိတ်ထဲမှ





ကြိတ်၍

"မင်းတို့လဲ မြန်မြန်ဝဋ်ကျွတ်အောင် ငါကူညီမှဖြစ်မယ်"

ဟု ကြုံးဝါးလိုက်လေ၏။

မောင်သာဒွန်းသည် အပြန်လမ်း၌ မိမိ၏ခွေးလိမ္မာကြီးကို ရက်ရက်စက်စက်သတ်ဖြတ်ခြင်းအတွက် မကျေမချမ်းဖြစ်နေလေ၏။

"ငါ့ရဲ့ သားလေးမောင်မြတ်နိုးလည်း ဒင်းတို့ကြောင့် သေရတယ်၊ ငါ့ရဲ့ခွေးလိမ္မာကြီးကိုလဲ လှောင်အိမ်ထဲထည့်ပြီး လှံနဲ့ထိုးသတ်ခဲ့တယ်၊ ဒင်းတို့ဟာ အင်မတန်ရက်စက်တဲ့လူတွေပဲ၊ ဒင်းတို့ရဲ့ ရင်ထဲမှာ သနားကြင်နာတတ်တဲ့ အသည်းနှလုံးမှရှိပါလေစ၊ အလှည့်ကြရင်တော့ မနွဲ့မတမ်းပေါ့ကွာ"

ဟုကြုံးဝါးနေလေ၏။

နောက်တစ်ကြိမ်၌ မောင်သာဒွန်းသည် မတင်နွယ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



လှတိုးအား ရန်ကုန်မြို့ရှိ သူ၏အိမ်ကြီးသို့အလည်အပတ်လိုက်ခဲ့ရန် ခေါ်လေရာ မတင်နွယ်တို့သည် ဝမ်းသာအားရ လက်ခံလေ၏။ လူယုတ်မာလှတိုးက

"ရန်ကုန်ကို လိုက်ပြီး ကုလားကြီးဘယ်လောက်ချမ်းသာတယ်ဆိုတာ လေ့လာရမယ်"

ဟုပြောလေ၏ မတင်နွယ်က ခေါင်းညိတ်၍

"ရှင်နဲ့ကျွန်မရည်ရွယ်ချက်ချင်းတူတယ်၊ မြို့မှာနေရတာ ပျင်းနေတာနဲ့အတော်ပဲ"

ဟုပြောလေ၏။





မောင်သာဒွန်းသည် သူ၏အဖိုးတန်ဇိမ်ခံကားကြီးဖြင့် လှတိုးနှင့်မတင်နွယ်အား ရန်ကုန်သို့ခေါ်ဆောင်ခဲ့လေ၏။ ရန်ကုန်သို့ ရောက်သောအခါ သူ၏ခမ်းနားကြီးကျယ်သော အိမ်ကြီးသို့ ခေါ်ဆောင်လေ၏။ လှတိုးနှင့် မတင်နွယ်သည် မောင်သာဒွန်း၏ အိမ်ကြီးကို ရင်သပ်ရှုမောကြည့်၍ တစ်ဦးမျက်နှာ တစ်ဦးကြည့်ကာလေသံတိုးတိုးဖြင့် အပြန်အလှန်



www.burmeseclassic.com

www.burmeseclassic.com



ပြောဆိုကြ၏။

“အမလေး… အိမ်ကြီးက နတ်ဘုံနတ်နန်းလိုခမ်းနား ပါလား၊ ပန်းခြံထဲက ပန်းရောင်စုံတွေကလဲ လှလိုက်တာ၊ အိမ်ကြီးနဲ့ပန်းခြံတင် ဘယ်ကမှာလဲ၊ အိမ်ထဲက ပစ္စည်းတွေ အားလုံးလဲ ကြည့်လိုက်ဦး၊ ဘုရင်ခံရဲ့ အိမ်တော်ကို ရောက်နေ သလားအောက်မေ့ရတယ်”

မောင်သာဒွန်းသည် ၄င်းတို့ပြောစကားများကို မကြား ဟန်ပြု၍ အိမ်ကြီး၏ အခမ်းအနားဆုံး အခန်းများ၌ နေရာများ ချထားပေးလေ၏။ မောင်သာဒွန်းသည် နောက်တစ် နေ့မှစ၍ ရန်ကုန်မြို့ရှိ အကောင်းဆုံးဟိုတယ်များသို့ ၄င်းတို့ အားခေါ်ဆောင်သွားပြီး ကျွေးမွေးပြုစုနေလေ၏။

ထို့အပြင်ရိုးတိုက်၊ ဂိုက်တဝေးတိုက်များသို့လည်း ခေါ်ဆောင်သွားပြီး ၄င်းတို့ လိုအပ်သမျှ ပစ္စည်းများကို ဝယ်ယူ ပေးလေ၏။ လှတိုးနှင့်မတင်နွယ်သည် သူတစ်ပါးကို အားနာ





တတ်သူများ မဟုတ်သဖြင့် အလကားရလျှင် အမြတ်ပဲဟု သဘောထားကာ အဖိုးတန်ပစ္စည်းမျိုးစုံကို ဝယ်ယူခိုင်းလေ၏။

ရန်ကုန်မြို့၌ တစ်ပတ်ခန့်နေထိုင်ပြီး ၄င်းတို့ပြန်သော အခါ ကားတစ်စီးလုံးလက်ဆောင်ပစ္စည်းများ အပြည့်ပါသွား လေ၏။ ထိုအချိန်မှစ၍ မတင်နွယ်နှင့်လှုယုတ်မာလှတိုးသည် မောင်သာဒွန်းကို အယုံကြီးယုံကြည်သွားလေ၏။ မောင်သာဒွန်း ၏ ကြွယ်ဝချမ်းသာမှုများကို မျက်ဝါးထင်ထင်မြင်တွေ့သဖြင့် မိုပြီး လောဘရမ္မက်စိတ်များဖြစ်ပေါ်လာ၏။ မတင်နွယ်က ရန်ကုန်မြို့မှပြန်လာပြီးနောက် လှတိုး၏ခါးကို ဖက်၍

“ကျွန်မဆုံးဖြတ်လိုက်ပြီ၊ ကုလားကြီးပစ္စည်းတွေ အားလုံး ကျွန်မတို့လက်ထဲကိုရောက်စေရမယ်”

ဟုပြောလေရာ လှတိုးက

“ဒီကုလားကြီးမှာ သားထောက်သမီးခံလဲ ရှိတာ မဟုတ်ဘူး၊ ငါတို့မရရင် ဘယ်သူရမှာလဲ၊ ဒါပေမဲ့ ကုလားကြီး



www.burmeseclassic.com

www.burmeseclassic.com



လက်ထဲကို မင်းပါသွားမှာတော့ ကိုယ်ကြောက်တယ်၊ ကုလားကြီးကို ငါတို့ အသုံးချနေတယ် ဆိုတာမမေ့ပါနဲ့"

ဟုပြောလေ၏။ မတင်နွယ်က လှတိုး၏ ရင်ဘတ်ကို တွန်း၍

"ကျွန်မကသေခါနီးအဖိုးကြီးကို ဘာလုပ်လို့ရလို့ သူလက်ထဲပါရမှာလဲ၊ ကျွန်မအရှေ့က ယောကျာ်းကိုတောင် ပစ်ပြီးတော့ ရှင်နဲ့နေခဲ့တာပဲ၊ ရှင်ဘာတွေ မသင်္ကာဖြစ်နေတာလဲ"

ဟုပြောလေ၏။ ထိုအခါ လှတိုးက မတင်နွယ်ကို ပြန်လည်ဖက်လိုက်ပြီး

"ဒါပေမဲ့ ကုလားကြီးက ချမ်းသာလွန်းတော့ ဂုဏ်တွေ ငွေတွေမက်ပြီးတော့ ကုလားကြီးနောက်ပါသွားမှာ ကိုယ်စိုးရိမ်တယ်၊ မင်းအတွက် ရမ္မက်စိတ်က အရေးကြီးသလို ရွှေတွေဂုဏ်တွေကလဲ အရေးကြီးတယ်ဆိုတာ သိတယ်"





ဟုပြောလိုက်လေ၏။ မတင်နွယ်က လှတိုးကို ကြည့်၍ တခစ်ခစ်ရယ်လာကာ

"ဒီအချိန်မှာတော့ ကျွန်မအတွက်ရွှေတွေ၊ ဂုဏ်တွေက အရေးမကြီးဘူး၊ အရေးကြီးတာက ရှင်ပဲ"

ဟုပြောလိုက်လေ၏။ လှတိုးက မတင်နွယ်ကို ပွေ့ဖက်၍ အိမ်ခန်းထဲသို့ ခေါ်ဆောင်သွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်သာဒွန်းသည် သစ္စာဖောက်မိန်းမနှင့် လူယုတ်မာကို လက်စားချေရန် အချိန်တန်ပြီဟု ဆုံးဖြတ်လိုက်၏။ ထိုသို့လက်စားမချေမီ တောတွင်း၌မိမိမြှုပ်နှံထားသော ရတနာများကို ဦးစွာသွားရောက်တူးဖော်ရန် ကြံစည်၏။ ထို့ကြောင့် သူ၏ဒရိုင်ဘာကို မခေါ်တော့ဘဲ ရတနာများ မြှုပ်နှံရာ နေရာသို့ တစ်ကိုယ်တည်း သွားလာခဲ့လေ၏။ ထိုသို့သွားလာရာ၌ မိမိကိုယ်ကို မထင်ရှားသော ကုလားအဘိုးကြီးအသွင် ဝတ်စားဆင်ယင်၍ သွားရောက်ခဲ့လေ၏။





တောလမ်းခရီးကို သွားလာရင် မိမိ၏ နုပျိုလန်းဆန်းသော ကိုယ်ခန္ဓာကို ပိုမိုတမ်းတမိလေ၏။ ကုလားအဘိုးကြီးဇရာမ၏ ကိုယ်ခန္ဓာကြီးကို ပိုင်ဆိုင်နေသဖြင့် လမ်းခရီးကို ပင်ပန်းကြီးစွာ သွားလာရ၏။

မောင်သာဒွန်းသည် လှည်းတစ်စီးကို ငှားရမ်း၍ရွာများကို ဖြတ်သန်းပြီးနောက် တောစပ်ရှိ ကျွန်းပင်ကြီးသုံးပင်ဖို ခနောက်ဆိုင် တည်ရှိသောနေရာသို့ သွားလေ၏။

ထိုနေရာ၌ တူးဖော်လိုက်သောအခါ မိမိမြှုပ်နှံထားသော ရတနာပစ္စည်းများကို ပြန်တွေ့ရ၏။ ထိုရတနာများသည် မိမိပိုင်ရတနာများမဟုတ်သဖြင့် ကိုယ်ကျိုးစီးပွားအတွက် အသုံးမပြုလိုချေ၊ ထို့အပြင် မြန်မာတို့၏ရှေးဟောင်းရတနာများအား ဗြိတိသျှအစိုးရလက်သို့လည်း အပ်နှံလိုခြင်းမရှိချေ၊ ရတနာများကို ထုခွဲရောင်းချပြီး မြန်မာပြည်အရပ်ရပ်ရှိ ပရဟိတလုပ်ငန်းများ၌ လှူဒါန်းရန်ဆုံးဖြတ်လိုက်၏။ မောင်သာဒွန်းသည် ရတနာ



www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းများကို မကိုလမ်းရှိ ရတနာကုန်သည်ကြီးများအား ပြသလေရာရတနာကုန်သည်များက တန်ဖိုးကြီးမြင့်စွာ ဝယ်ယူကြလေ၏။

မောင်သာဒွန်းသည် ရတနာပစ္စည်းများကို ပြသရင်း ကုလားအဘိုးကြီးဗရာမ၏ မီးခံသေတ္တာ အတွင်းမှ တွေ့ရသော ရွှေကြုတ်လေးကို ကုန်သည်များအား ပြသလေရာ ကုန်သည်ကြီးတစ်ဦးက ရွှေကြုတ်၌ ရေးသားထားသော စာကို ဖတ်ရှု၍

"ဟိန္ဒူ ဘာသာစကားနဲ့ ရှင်သန်ထမြောက်ခြင်းလို့ အဓိပ္ပါယ်ရတယ်၊ ဒါဟာလေးနက်တဲ့ အဓိပ္ပါယ်တစ်ရပ်ကို ကိုယ်စားပြုပုံရတယ်"

ဟုပြောလေရာ မောင်သာဒွန်းသည် မျက်မှောင်ကြုတ်၍

"ရှင်သန်ထမြောက်ခြင်းဆိုတာ ဘာအဓိပ္ပါယ်လဲ"

ဟုတီးတိုးရေရွတ်နေမိ၏။ ထိုသို့ ရေရွတ်ရင်း ရှင်သန်ထမြောက်ခြင်းဆိုသည့် စကားအဓိပ္ပါယ်ကို မမျှော်လင့်ဘဲ





နားလည် သဘောပေါက်သွားပြီး ဝမ်းသာအားရဖြင့်

"ဟား...ဟား...ဟား... ရှင်သန်ထမြောက်ခြင်းဆိုတဲ့ အဓိပ္ပါယ်ကို ငါသိပြီ၊ ရှင်သန်ထမြောက်ခြင်းဆိုတာ ငါ့ရဲ့ ဆိုးဝါးလှတဲ့ဘဝကြီးက လွတ်မြောက်ခြင်းပေါ့၊ ရွှေကြုတ်ထဲမှာ ဆေးရည်တွေရှိတယ်ဆိုတာသေချာပြီ၊ ဒီဆေးရည်ကို သောက်ပြီးရင် ငါ့ရဲ့နုပျိုလန်းဆန်းတဲ့ဘဝကို ပြန်ရမယ်"

မောင်သာဒွန်းသည် ထိုသို့ရေရွတ်ရင်း ရွှေကြုတ်ကလေးကို ဖွင့်၍ အတွင်းမှ အရည်များ၏ အနံ့ကို နမ်းရှုကြည့်လိုက်ရာ အလွန်ဆိုးဝါးသောအနံ့များကို ရရှိလေ၏။

မည်သို့ပင်ဆိုစေကာမူ မိမိဘဝ၏ ရှင်သန်ထမြောက်ခြင်းအတွက် ရွှေကြုတ်အတွင်းမှ အရည်များကို သောက်ရပေမည်။မောင်သာဒွန်းသည် ရွှေကြုတ်ကလေးကို ရိုသေစွာ ဆုပ်ကိုင်၍ မီးခံသေတ္တာအတွင်းသို့ ပြန်လည်ထားလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်သာဒွန်းသည် နောက်တစ်နေ့မှစ၍ သစ္စာဖော
ဖနီးကို စတင်အပြစ်ဒဏ်ခတ်ရန် မတင်နွယ်ထံသို့ ထွက်ခဲ့ေ
၏။ သူသည် ရန်ကုန်မြို့ရှိ နာမည်ကြီး ပန်းထိမ်ဆရာထံတွင်
အပ်နှံထားသော စိန်နားကပ်၊ စိန်ကြယ်သီး၊ စိန်ဘယက်စသည်
လက်ဝတ်ရတနာများကို ယူဆောင်လာလေ၏။

မတင်နွယ်၏ အိမ်သို့ရောက်သောအခါ အိမ်စေမိ
ကလေးက ဧည့်ခန်းထဲတွင် ဧည့်ခံထားပြီး ခဏကြာလျှ





မောင်သာဒွန်းထံသို့ တစ်ဖန်ပြန်ရောက်လာပြီး

"မမကြီးနေမကောင်းလို့ အိမ်ရာထဲမှာလှဲနေပါတယ်၊ ဘာဘူကြီးကို အိမ်ခန်းထဲကို လိုက်ခဲ့ဖို့ ဖိတ်ခေါ်ပါတယ်"

ဟုပြောလေ၏။ မောင်သာဒွန်းသည် မတင်နွယ်၏ တဏှာရာဂ ကြီးမားပုံကို ရိပ်စားမိသဖြင့် ယနေ့မိမိကို ထောင်ဖမ်းရန် ကြံစည်ထားကြောင်း ရိပ်စားမိလေ၏။

မောင်သာဒွန်း အိမ်ကြီး၏အပေါ်ထပ် အိပ်ခန်းထဲသို့ ရောက်သောအခါ ခုတင်ပေါ်တွင် ထိုင်နေသော မတင်နွယ်ကို တွေ့ရ၏။ သူမသည် နေမကောင်းဖြစ်သည် ဆိုသော်လည်း မျက်နှာကို လှပစွာ ပြင်ဆင်ထား၏။ လွန်စွာပါးလွှာသော ညအိပ်ဂါဝန်တိုလေးလည်း ဝတ်ဆင်ထား၏။ မတင်နွယ်က မောင်သာဒွန်းကို မြင်မြင်ချင်း

"အစ်ကိုကြီးကို အိမ်ပေါ်ထပ်ခေါ်လိုက်တာ အားနာစရာ ဖြစ်ကုန်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောဆိုရင်း ခုတင်ပေါ်တွင်ရှိသော ခြေထောက်တစ်ချောင်းကို ကြမ်းပေါ်သို့ ချပြန်ပြင်လိုက်၏။ ထိုအခါ ပါးလွှာ၍ တိုတောင်းသော ဂါဝန်တိုလေးအောက်မှ ဝင်းဝါစိုပြေသော သူမ၏ပေါင်လုံးများကို မြင်တွေ့ရ၏။ မောင်သာဒွန်း၏ နေရာ၌ အခြားသော ပုရိသယောကျ်ားများဆိုလျှင် မတင်နွယ်၏တဏှာကွန်ယက်အတွင်းသို့ သက်ဆင်းရမည် ဖြစ်သော်လည်း မောင်သာဒွန်းသည် တဏှာရမ္မက်စိတ် မဖြစ်ပေါ်သည့် အပြင် မုန်းတီးရွံရှာမှုများ တဖွားဖွားပေါ်လာ၏။ သို့သော် မတင်နွယ်၏ တဏှာကွန်ယက်အတွင်းသို့ သက်ဆင်းဟန်ဆောင်ပြီး သူမ၏အလှတရားများကို မျက်လုံးကျွတ်မတက် စူးစိုက်ကြည့်နေမိ၏။

မတင်နွယ်သည် မောင်သာဒွန်း အမူအရာကို ကြည့်၍ မိမိ၏ကွန်ယက်အတွင်းသို့ သက်ဆင်းနေပြီဟု ယူဆကာ အိပ်ရာပေါ်မှ ထပြန်ပြ၍ ကိုယ်ခန္ဓာကို ယိမ်းယိုင်ကာ





"အမလေး"

ဟုဆိုပြီး မောင်သာဒွန်း၏ ရင်ခွင်ကို တွဲခိုလိုက်၏။ မောင်သာဒွန်းက မတင်နွယ်၏ ကိုယ်ခန္ဓာကို ထိန်းကိုင်ပေးလိုက်ရာ မတင်နွယ်ကသူမ၏ ကိုယ်ခန္ဓာကို ခုတင်ပေါ်သို့လှဲချလိုက်လေ၏။ ထိုအခါ မောင်သာဒွန်းသည် မိန်းမယုတ် မတင်နွယ်၏ အလိုကျ တဏှာပိုက်တွင်းအတွင်းသို့ တိုးဝင်လိုက်လေ၏။ ထိုသို့ တိုးဝင်ရင်း မောင်သာဒွန်းသည်ဇနီးဖြစ်သူနှင့် ဘဝဟောင်းက ပျော်ရွှင်ခဲ့ပုံများကို ပြန်လည်မြင်ယောင်လာ၏။

ထိုသို့မြင်ယောင်ပြီး သူ၏ရင်ထဲတွင် ပိုမို၍ နာကျင်နေမိ၏။ မိမိဘဝ၏ ဆိုးဝါးသော ကံကြမ္မာကိုလည်း မြင်ယောင်နေမိ၏။ အတန်ကြာသောအခါ မတင်နွယ်က မောင်သာဒွန်း၏ ရင်ခွင်ထဲ၌ တိုးဝင်ပြီး

"ကျွန်မတို့မှားပြီး အစ်ကိုကြီးရယ်၊ ရှေ့ဆက်ပြီး ဘယ်

www.burmeseclassic.com



လိုလုပ်ကြမှာလဲ”

ဟုမေးမြန်းလိုက်လေ၏။ မောင်သာဒွန်းက သူ၏ရင်ခွင်ထဲသို့ရောက်ရှိနေသော မိန်းမယုတ်ကို ရွံရှာစွာကြည့်၍

“အစ်ကိုကြီး မတင်နွယ်ကို လက်ထပ်ယူမှာပေါ့၊ ရန်ကုန်မြို့မှာ ကြီးကြီးကျယ်ကျယ် မင်္ဂလာဆောင်ကြမယ်”

ဟုပြောလိုက်ရာ မတင်နွယ်၏မျက်လုံးထဲတွင် ငွေပုံကြီးကိုသာမြင်ယောင်နေပြီး မိမိနှင့် တိတ်တခိုးဖောက်ပြန်နေသော လင်ငယ်လှတိုးကို မေ့သွားလေ၏။

လှတိုးသည် မိမိအတွက် တဏှာရမ္မက်ကိုသာ ပေးစွမ်းနိုင်ပြီး စည်းစိမ်ဥစ္စာကို ပေးစွမ်းနိုင်ခြင်း မရှိချေ၊ ထို့ကြောင့် လှတိုးကို စွန့်လွှတ်သင့်လျှင် စွန့်လွှတ်ရမည်ဟု ဆုံးဖြတ်ထား၏။

ထိုအခါ မောင်သာဒွန်းက ရန်ကုန်မြို့မှ ယူဆောင်လာသော စိန်တစ်ဆင်စာကို မတင်နွယ်အားပေးအပ်လိုက်လေရာ





မတင်နွယ်သည် စိန်ထည်များကို လောဘတကြီး ရယူလိုက်ပြီး

“ဝမ်းသာလိုက်တာ အစ်ကိုကြီးရယ်”

ဟုပြောဆိုလေ၏။ မောင်သာဒွန်းက ဆက်လက်၍ ဤစိန်ထည်ပစ္စည်းများသည် ခန်းဝင်ပစ္စည်းမဟုတ်ဘဲ မေတ္တာလက်ဆောင်ပေးခြင်းမျှသာ ဖြစ်ကြောင်း၊ ခန်းဝင်ပစ္စည်းအဖြစ် ယခုထက် တန်ဖိုးကြီးမားသော စိန်ထည်ပစ္စည်းများကို အိန္ဒိယမှ မှာယူ၍ ပေးအပ်ဦးမည်ဟု ပြောဆိုလေရာ မတင်နွယ်သည် မောင်သာဒွန်းနှင့် အမြန်ဆုံးလက်ထပ်ရန် သဘောတူညီလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



မတင်နွယ်သည် စည်းစိမ်ဥစ္စာများကို အလွန်မက်မော နေပြီဖြစ်သဖြင့် သူမ၏လင်ငယ် လှတိုးကို စာရင်းထဲမှ ထုတ်ပစ်လိုက်လေ၏။ လင်ငယ်လှမိုးသည် တဏှာရာဂအလိုကိုသာ ပေးစွမ်းနိုင်ပြီး မောင်သာဒွန်းကမူ စည်းစိမ်ဥစ္စာကို သာမက တဏှာရာဂကိုပါပေးစွမ်းနိုင်သဖြင့် များစွာသာလွန်သည်ဟု ယူဆမိလေ၏။





မတင်နွယ်သည် ထိုအချိန်မှစ၍ ရန်ကုန်ရွှေမြို့တော် ကြီး၌ ကျိုကျိုတတ်ချမ်းသာကြွယ်ဝသော သူဌေးမကြီး အဖြစ် စိတ်ကူးယဉ်နေလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်သာဒွန်းသည် မိမိ၏လက်စားချေရေး စီမံကိန်းများ တဖြည်းဖြည်းရုပ်လုံးပေါ်လာသဖြင့် များစွာပျော်ရွှင်ဝမ်းမြောက်မိ၏။ လူယုတ်မာနှစ်ဦးကို လက်စားချေပြီးလျှင် ကုလားအဘိုးကြီး၏ ရွှေကြုတ်ကလေးထဲမှ အရည်များကို သောက်၍ မိမိ၏ငယ်ရွယ်နုပျိုသောဘဝကို ပြန်လည်ရရှိမည်ဟု ယုံကြည်နေမိ၏။

သူသည် လူယုတ်မာနှစ်ဦးအနက် သစ္စာမဲ့သော သူငယ်ချင်း လှတိုးကို ဦးစွာအပြစ်ဒဏ်ခတ်ရန် ဆုံးဖြတ်လိုက်၏။





ထိုအချိန်၌ လှတိုးသည် မတင်နွယ်ထံသို့ တဈာရာဂအလိုဖြင့် သွားရောက်ခဲ့သော်လည်း မတင်နွယ်က အကြောင်းအမျိုးမျိုးပြ၍ ငြင်းဆန်နေသဖြင့် လွန်စွာမချိမဆံ့သာဖြစ်နေမိ၏။

ထိုကဲ့သို့မတင်နွယ် ငြင်းဆန်နေခြင်းမှာ ကုလားအဘိုးကြီး၏ ပယောဂကြောင့်ဟု ယူဆမိ၏။

ထို့ကြောင့် မိမိနှင့်မတင်နွယ်၏ ဖောက်ပြန်မှုများကို ကုလားအဘိုးကြီးသိအောင်သွားရောက် ပြောဆိုမည်ဟု ဆုံးဖြတ်ကာ ရန်ကုန်မြို့သို့ ထွက်ခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်သာဒွန်းသည် မိမိ၏ ခြံကြီးသို့မမျှော်လင့်ဘဲ ရောက်ရှိလာသော လှတိုးကိုကြည့်၍

"ယုန်ကမတိုးဘဲ ပိုက်ကတိုးနေပြီပေါ့၊ ရန်ကုန်ကို ရောက်လာတာ ကိုယ့်သချိုင်း ကိုယ်တူးဖို့ရောက်လာတာပဲ"

ဟု စိတ်ထဲမှ ကြုံးဝါးလိုက်လေ၏။

မောင်သာဒွန်းသည် လူယုတ်မာလှတိုးကို ခေါ်ဆောင်ကာ ကန်တော်ကြီးစောင်းသို့ ကားကို ကိုယ့်တိုင်မောင်းခဲ့လေ၏။



ကန်တော်ကြီးစောင်းသို့ရောက်သောအခါ အပျော်စီးလှေများကိုကြည့်၍

"ကျုပ်တို့အေးအေးဆေးဆေး စကားပြောလို့ရအောင် ကန်တော်ကြီးထဲမှာ လှေစီးရအောင်"

ဟုပြောဆိုလေရာ လူယုတ်မာလှတိုးသည် လှေစီးရန် သဘောတူညီလေ၏။ လှေပေါ်သို့ရောက်သောအခါ လူယုတ်မာ လှတိုးက ပခုံးတွန့်၍

"ကျုပ်ရေမကူးတတ်ဘူးဗျ၊ လှေလဲကောင်းကောင်း လှော်တတ်ဘူး"

ဟုပြောဆိုလေ၏။

မောင်သာဒွန်းသည် လှတိုးစကားကြောင့် လူယုတ်မာအား လက်စားချေနိုင်မည့် နည်းလမ်းကို မမျှော်လင့်ဘဲ တွေ့ရှိသွားလေ၏ ထို့ကြောင့်လူယုတ်မာ လှတိုးကို ကြည့်၍ ရယ်မော ကာ

www.burmeseclassic.com

www.burmeseclassic.com



"ရေမကူးတတ်ရင် မပူပါနဲ့၊ ကျုပ်ကလှေကောင်းကောင်း လှော်တတ်တယ်၊ ရေနစ်သူကိုလည်း ကောင်းကောင်း ကူညီတတ်ပါတယ်"

ဟုပြောလိုက်လေတော့၏။

ထို့နောက် မောင်သာဒွန်းက လှေကိုပဲ့ကိုင်ရင်း ကိုယ်တိုင် လှော်ခတ်လေ၏။ သူသည် လှေကို လူပြတ်သောနေရာသို့ ဦးတည်၍ လှော်ခတ်သွားပြီး ခဏကြာလျှင်

"ရန်ကုန်ကို တကူးတကလိုက်လာတဲ့အကြောင်းကို ပြောပါဦး"

ဟုမေးမြန်းလိုက်လေ၏။ ထိုအခါလှတိုးက မျက်နှာ တည်တည်ဖြင့် ကြည့်၍

"ခင်ဗျားကို ကျုပ်နဲ့မတင်နွယ်ရဲ့ ရင်းနှီးကျွမ်းဝင်မှု အတိုင်းအတာကို ပြောပြဖို့ပဲ"

ဟုပြောလေရာ မောင်သာဒွန်းသည် လှတိုး၏





ရည်ရွယ်ချက်ကို သဘောပေါက်သွားပြီး

"ဩော်...မောင်ရင်မပြောမီ ကျုပ်ရဲ့အိမ်ထောင်ရေး အကြောင်းကို အရင်ပြောရဦးမယ်၊ ကျုပ်မိန်းမယူတော့မယ်"

ဟုပြောလေ၏။ မောင်သာဒွန်း၏ စကားကြောင့်လှတိုး က မျက်မှောင် ကြုတ်၍

"ဘယ်သူနဲ့ယူမှာလဲ၊ ရန်ကုန်ကပဲလား"

ဟုမေးမြန်းလိုက်လေ၏။

ထိုအခါ မောင်သာဒွန်းက

"ကျုပ်အသက်အရွယ်လဲထောက်နေပြီ၊ လူပျိုလူလွတ် လဲ မဟုတ်တဲ့အတွက် အပျိုကိုယူလို့မဖြစ်ဘူး၊ မုဆိုးမကိုပဲ ယူတော့မယ်"

ဟုပြောလေရာ လှတိုးက မျက်မှောင်ကြုတ်၍

"ဘယ်ကမုဆိုးမလဲ"

ဟုအလောတကြီးမေးမြန်းလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်သာဒွန်းက ကုတ်အင်္ကျီအတွင်းရှိ လွှန်စွာခမ်းနား လှပသည့် မင်္ဂလာဖိတ်စာတစ်စောင်ကို ထုတ်၍

"ကိုယ်လူက အရင်းအနှီးဆုံးမိတ်ဆွေဖြစ်လို့ အရင်ဆုံး ဖိတ်ထားရဦးမယ်၊ လာဖြစ်အောင်လာနော်"

ဟုဆိုကာ မင်္ဂလာဖိတ်စာကို လှတိုးရှိရာသို့ လှမ်းပစ်ပေး လိုက်၏။ လူယုတ်မာလှတိုးသည် ဖိတ်စာကို ဖတ်ရှုပြီး မောင်သာဒွန်းနှင့် မတင်နွယ်၏ မင်္ဂလာဖိတ်စာဖြစ်ကြောင်း သိရသောအခါ ဒေါသတကြီးဖြင့်

"ဒါလုံးဝမဖြစ်နိုင်ဘူး၊ မတင်နွယ်က ကျုပ်ယူမဲ့မိန်းမ ဗျ၊ ခင်ဗျားမယူရဘူး"

ဟုအော်ဟစ်လိုက်လေ၏။ ထိုအခါ မောင်သာဒွန်းက ဟက်ဟက်ပက်ပက်ရယ်မော၍

"ဟား...ဟား...ဟား... မတင်နွယ်ကို ငါမယူ ရဘူး ဟုတ်လား၊ သူသဘောမတူဘဲ ငါယူလို့ရပါမလားကွ၊ သူ





ကိုယ်တိုင် ငါ့ကိုယူဖို့ ဝန်ခံကတိပြုတဲ့အတွက် မင်္ဂလာ ဖိတ်စာ ရိုက်တာပေါ့ကွ"

ဟုပြောလိုက်ရာ လှတိုးသည် မခံချိမခံသာဖြစ်သွားပြီး

"ဒီမိန်းမအတော်ကိုယုတ်မာတဲ့ကောင်မပဲ၊ သူကျုပ်ကို ယူဖို့ကတိပေးထားပြီးသားဗျ၊ နောက်ပြီးတော့ သူနဲ့ကျုပ်ပေါင်း သင်းပြီးသားဗျ၊ ခင်ဗျားနောက်ဆုတ်လိုက်ပါ"

ဟုပြောလိုက်လေ၏။ မောင်သာဒွန်းသည် လှတိုးကို မထီ လေးစားကြည့်၍

"ကျုပ်ကတော့ မတင်နွယ်ရဲ့ စကားကို အတည်ယူ တော့မယ်၊ မတင်နွယ်က လှတိုးဆိုတဲ့လူဟာ သူ့ယောက်ျားရဲ့ တပည့်ဟောင်း တစ်ဦးထက် မပိုဘူးတဲ့"

ဟုပြောလေရာ လှတိုးသည်ဒေါသတကြီး အော်ဟစ်၍

"ဒီမိန်းမသတ္တာဖောက်ဗျ၊ မြွေပောက်လို လျှာနှစ်ခွနဲ့ မိန်းမလင်ကြီးရှိလျှက်နဲ့ လင်ငယ်ကို နှစ်ယောက်ပြိုင်ထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



မိန်းမ”

ဟုပြောဆိုလေ၏။ မောင်သာဒွန်းက လှတိုးကို မထီလေးစားကြည့်၍

“လူယုတ်မာကောင်၊ သူများမယားကို ကြာခိုပြီး ကျေးရူးရှင်ကို ကျေးဇွတ်တတ်တဲ့ကောင်၊ ကိုယ့်အလှည့်ကျတော့ တယ်ပြီး နေမထိထိုင်မသာဖြစ်နေပါလား”

ဟုပြောလိုက်ရာ လှတိုးသည် မောင်သာဒွန်းကို ဒေါသတကြီး ကြည့်၍

“ကုလားကြီး ခင်ဗျားဘာစကားပြောတာလဲ၊ သေဖေတော့”

ဟုကြုံဝါးကာ မောင်သာဒွန်းကို ထိုးကြိတ်ရန် လှောက်လှမ်းလိုက်၏။ ထိုအခါ မောင်သာဒွန်းက လှေနံရံကို ဆုပ်ကိုင်ပြီးယမ်းခါလိုက်ရာ လှတိုးသည် လှေပေါ်မှ ပြုတ်ကျပြီး ရေထဲတွင်ယက်ကန် ယက်ကန်ဖြစ်နေ၏။





မောင်သာဒွန်းကလှေကို ကမ်းရှိရာသို့ လျှင်မြန်စွာလှော်ခတ်သွားသောအခါ လူယုတ်မာလှတိုးသည် ရေထဲတွင်မြုပ်ချည်ပေါ်ချည်ဖြင့်

“ကယ်ပါ၊ ကယ်ပါ”

ဟုအော်ဟစ်နေလေ၏။

မောင်သာဒွန်းသည် လှေကို ခပ်လှမ်းလှမ်းသို့ လှော်ခတ်သွားပြီး သဘောကျဟန်ဖြင့် တဟားဟားရယ်မောနေလေ၏။ လူယုတ်မာ လှတိုးသည် ခြေကုန်လက်ပန်းကျနေသဖြင့်

“ကယ်ပါ၊ ကယ်ပါ”

ဟုတောင်းပန်နေလေ၏။

မောင်သာဒွန်းသည် လှတိုးသေလုမျောပါးဖြစ်နေပုံကို ကြည့်၍ သဘောကျဟန်ဖြင့် တဟားဟားရယ်မောကာ

“ဟား… ဟား… ဟား… ငါ့သားအတွက်၊ ငါ့ခွေးအတွက်၊ ငါ့ကို သစ္စာဖောက်တဲ့အတွက် မင်းရတဲ့ အပြစ်ဒဏ်



www.burmeseclassic.com

www.burmeseclassic.com



ပါ၊ ကျေကျေနပ်နပ်ကြီး ခံယူလိုက်ပေတော့”

ဟုအော်ဟစ်ပြောဆိုလိုက်လေရာ လှတိုးသည် မောင်သာဒွန်း၏စကားဆုံးသည်နှင့် ရေအောက်သို့ စုံးစုံးမြုပ်သွားလေ၏။





မောင်သာဒွန်းသည် လူယုတ်မာလှတိုးကို အပြစ်ဒဏ်ခံလိုက်ပြီးနောက် ဣန္ဒြေမပျက် ကန်တော်ကြီးစောင်း အိမ်ကြီးသို့ ထွက်ခဲ့လေ၏။ နောက်တစ်နေ့ထုတ် သတင်းစာများ၌ အမည်မသိလူတစ်ဦး ကန်တော်ကြီး၌ လှေစီးရင်း ရေနစ်မြုပ်သည်ဟူသော သတင်းကို မထင်မရှားဖတ်ရှုရလေ၏။

ပုလိပ်များသည် လူယုတ်မာလှတိုး လုပ်ကြံခံရကြောင်း အထောက်အထား တွေ့ရှိပုံမရချေ။



www.burmeseclassic.com

www.burmeseclassic.com



မောင်သာဒွန်းသည် လှတိုးကို အပြစ်ဒဏ်ခတ်ပြီး နောက် သစ္စာဖောက်မိန်းမကို အပြစ်ဒဏ်ခတ်ရန် မတင်နွယ်အား ရန်ကုန်မြို့သို့အမြန်လာရန် သံကြိုးစာတစ်စောင် ရိုက်လိုက်လေ၏။

မတင်နွယ်သည် သံကြိုးစာကို ရရချင်း ရန်ကုန်မြို့သို့ ရောက်ခဲ့လေ၏။ ရန်ကုန်သို့ရောက်သောအခါ မောင်သာဒွန်းက

"အစ်ကိုအရေးကြီးတဲ့ကိစ္စနဲ့ ဘုံဘေကို ခဏသွားရမယ်၊ ဒါကြောင့် မတင်နွယ်နဲ့ အရင်လက်ထပ်ပြီးတော့မှ ဘုံဘေကိုသွားချင်တယ်"

ဟုပြောလေရာ လောဘရမ္မက်ကြီးသော မတင်နွယ်သည် မောင်သာဒွန်း၏စကားကို လက်ခံလိုက်လေ၏။ ထို့နောက်တွင်မူ မောင်သာဒွန်းသည် မတင်နွယ်ကို သူ့အိမ်ကြီး၌ နားခိုစေပြီးနောက် ယုတ်မာကောက်ကျစ်သည့် မိန်းမကို အဆုံးစီရင်မည့်နေရာကို ရွေးချယ်လေ၏။





နောက်ဆုံး၌ ရန်ကုန်မြို့ပြင်ရှိလူမနေသော အိမ်ပျက်ကြီးတစ်လုံးကိုတွေ့ရှိသွားပြီး ထိုနေရာ၌ မိန်းမယုတ်ကို အပြတ်ရှင်းရန် ကြံစည်လေ၏။ မောင်သာဒွန်းသည် အလုံးစုံကို ပြင်ဆင်ပြီးနောက် မတင်နွယ်အား ရန်ကုန်မြို့ပြင်သို့ ကားစီးရန် အကြောင်းပြပြီး ခေါ်ဆောင်ခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်သာဒွန်းသည် ကားမောင်းသွားပြီး ည(၈)နာရီဝန်းကျင်ခန့်တွင် ရန်ကုန်ဘက်သို့ပြန်လည်ရောက်ရှိလာ၏။ ရန်ကုန်မြို့ပြင်ရှိ လူမနေသော ခြံကြီးရှေ့သို့ရောက်သောအခါ ကားကို စက်ပျက်လေဟန်ဖြင့် ထိုးရပ်လိုက်၏။

ပြီးနောက် ကားစက်ဖုံးကို ဖွင့်၍ ပြင်ဆင်နေဟန်ပြုလေ၏။

မကြာမီ ယုတ်မာကောက်ကျစ်သော မိန်းမကို အပြစ်ဒဏ်ခတ်ရတော့မည်ဆိုသဖြင့် သူ၏သွေးများပွက်ပွက်ဆူလာ





၏။ ကျေးဇူးတရားကို မထောက်ညာပဲ လင်ငယ်နှင့်ဖောက်ပြန်ကာ မိမိကိုလူဆိုးများ၏ အလယ်၌ ထားရစ်ခဲ့ပုံကို ပြန်လည်မြင်ယောင်လာ၏။

ထိုပြင်မောင်မြတ်နိုးသည် မိခင်၏ ပစ်ပယ်မှုကြောင့် မသေသင့်ဘဲသေဆုံးခဲ့ရလေ၏။

ယခုလည်း လင်ငယ်ဖြစ်သူကို သစ္စာဖောက်၍ ငွေမျက်နှာကို ကြည့်ကာ မိမိအနောက်သို့လိုက်ခဲ့ပြန်၏။

ဤမျှဖောက်ပြန်တတ်သောမိန်းမကို လူ့လောကအလယ်၌ ထားရစ်ရန် မသင့်တော့ချေ။

မောင်သာဒွန်းသည် မတင်နွယ်ကို အပြစ်ဒဏ်ခတ်ရန် အချိန်ကျရောက်နေသဖြင့် အနီးရှိ အိမ်ပျက်ကြီးသို့ ခေါ်ဆောင်သွားလေ၏။

မောင်သာဒွန်းသည် မီးအိမ်ကလေးတစ်လုံးကို ကားထဲမှ ထုတ်ယူ၍ အိမ်ပျက်ကြီးသို့ဝင်ရောက်ခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်၌ မိုးဖွဲဖွဲလေးကျရောက်လာ၏။ မတင်နွယ်သည် အိမ်ပျက်ကြီးကို ကြည့်၍ထိတ်လန့်တုန်လှုပ်ဟန်ဖြင့်ရှိနေလေ၏။

မောင်သာဒွန်းသည် မတင်နွယ်ကို အိမ်ကြီး၏ အခန်းတစ်ခန်းသို့ ခေါ်ဆောင်သွားပြီး အခန်းတံခါးချက်ကို ထိုးလိုက်လေ၏။

ပြီးနောက် မီးအိမ်ကို နံရံ၌ ချိတ်ဆွဲလိုက်ပြီး

"ကြောက်နေသလား မတင်နွယ်"

ဟုဆိုလိုက်ရာ မတင်နွယ်က

"အစ်ကိုကြီးနဲ့ဆိုရင် ဘယ်နေရာမဆိုနေဝံ့ပါတယ်"

ဟုပြောလိုက်လေ၏။ ထိုအခါ မောင်သာဒွန်းသည် မိမိ၏ယုတ်မာကောက်ကျစ်သောဇနီးမယားနှင့် နောက်ဆုံးအတူတူနေချင်စိတ်များဖြစ်ပေါ်လာပြီး မတင်နွယ်၏ မျက်နှာကိုကြည့်၍





"အစ်ကိုကြီးနဲ့ ဘယ်နေရာမဆို နေဝံ့တယ် ဟုတ်လား၊ ဒါဆိုရင် အစ်ကိုကြီးအနားကိုလာပါဦး"

ဟုဖိတ်ခေါ်လိုက်ရာ မတင်နွယ်သည် ငွေမျက်နှာဖြင့်မငြင်းဆန်ဘဲ မောင်သာဒွန်း၏ ရင်ခွင်ထဲသို့တိုးဝင်လာ၏။ မောင်သာဒွန်းသည် မတင်နွယ်ကို ရွံရှာစွာကြည့်၍ သူမ၏အဝတ်အစားများကို တစ်လွှာပြီးတစ်လွှာချွတ်လိုက်လေ၏။

ပြီးနောက် အနီးရှိ ကွပ်ပစ်ပေါ်သို့ မတင်နွယ်ကို တွန်းလှဲလိုက်လေ၏။ ၄င်းတို့သည် အတန်ကြာအောင်ကာမအရသာကိုခံစားကြပြီးနောက် မောင်သာဒွန်းသည် အချိန်ကြရောက်ပြီဖြစ်သဖြင့် လှဲနေရာမှထ၍ နံရံ၌ ချိတ်ဆွဲထားသော ကုတ်အင်္ကျီကိုယူလိုက်၏။ တဏှာရာဂကြီးမားသော မတင်နွယ်သည်မောင်သာဒွန်းကိုဖက်၍

"နေပါဦးအစ်ကိုကြီးရယ်၊ ဘာလုပ်မလို့လဲ"

ဟုပြောလိုက်ရာ မောင်သာဒွန်းသည် ကုတ်အင်္ကျီထဲမှ



www.burmeseclassic.com

www.burmeseclassic.com



ရွှေကြုတ်ကလေးကို ယူ၍ အဖုံးဖွင့်ကာ

"အစ်ကိုကြီးနည်းနည်း ပင်ပန်းလို့ အားဆေးနည်းနည်း သောက်မလို့ပါ"

ဟုပြောလိုက်လေ၏။ မတင်နွယ်က ရွှေကြုတ် ကလေး ကိုကြည့်၍

"အစ်ကိုကြီးရဲ့ အားဆေးက ရွှေကြုတ်ထဲမှာတောင် ထည့်ထားတယ်ဆိုတော့ တော်တော်စွမ်းပုံရတယ်"

ဟုမှတ်ချက်ချလိုက်ရာ မောင်သာဒွန်းသည်က ရယ်မော၍

"ဟုတ်တယ်၊ စွမ်းတာကတော့ မယုံနိုင်လောက်အောင် ပါပဲ၊ ဒီဆေးသောက်ပြီးရင် ကျုပ်ဟာ အပြောင်းလဲကြီးပြောင်း လဲသွားတာ တွေ့ရမယ်"

ဟုပြောလိုက်လေ၏။ မောင်သာဒွန်းသည် ရွှေကြုတ်ကို ဖွင့်လိုက်ရာ လွန်စွာဆိုးဝါးသော အနံ့တစ်မျိုးကို ရရှိပြီး ပျို့အန်





ချင်စိတ်များဖြစ်ပေါ်လာ၏။ သို့သော်မိမိဘဝ လွတ်မြောက်ရေး အတွက် တစ်လမ်းသာရှိတော့သဖြင့် ရွှေကြုတ်ထဲရှိအရည်များ ကို မျက်လုံးမှိတ်၍သောက်လိုက်လေ၏။

ထိုအရည်များသည် အနံ့ဆိုးဝါးသော်လည်း ရင်ထဲသို့ အေးမြစွာစီးဝင်သွားလေ၏။ မောင်သာဒွန်းသည် ရွှေကြုတ်ထဲမှ အရည်များကို သောက်ပြီး တခဏချင်းမှာပင် ရှင်လန်း တက်ကြွသလိုခံစားရ၏။ မိမိ၏ အင်အားများလည်း ပိုမိုဖွံ့ဖြိုး လာသယောင် ခံစားရ၏။

ထိုအခိုက်မှာပင် မတင်နွယ်က မောင်သာဒွန်းကို ကြည့် ၍ အားမလိုအားမရဟန်ဖြင့် ကြည့်၍

"အစ်ကိုကြီး ဘာလုပ်နေတာလဲ၊ အနားကိုလာလေ"

ဟုဆိုကာ သူမ၏အနီးသို့ ဆွဲယူလိုက်လေ၏။ မောင် သာဒွန်းသည် မိန်းမယုတ်နှင့် နောက်ဆုံးအချိန်ပျော်ပါးခြင်းဟု ယူဆကာ ကာမစည်းစိမ်ကို အပြည့်အဝခံစားလေ၏။ အတင်



www.burmeseclassic.com

www.burmeseclassic.com



ကြာသောအခါ မတင်နွယ်သည် မောဟိုက်ပင်ပန်းစွာဖြင့်

"အစ်ကိုကြီးရယ်၊ ကျွန်မကတော့ အစ်ကိုကြီးကို သိပ်ချစ်သွားပြီ၊ အစ်ကိုကြီးက အသက်ကြီးပေမဲ့ ဒီအချိန်ထိ ကျန်းမာသန်စွမ်းတုန်းပဲနော်"

ဟုဆိုလိုက်ရာ မောင်သာဒွန်းသည် စိတ်လှုပ်ရှားစွာဖြင့် သူ၏ ကိုယ်ခန္ဓာကိုငုံကြည့်လိုက်ရာ မိမိ၏ အသားအရည်များ ပြောင်းလဲသွားပြီး ပါးရေနားရေများတွန့်လိမ်ခြင်းမရှိတော့ ကြောင်းတွေ့ရ၏။

မောင်သာဒွန်းသည် အလွန်စိတ်လှုပ်ရှားသွားပြီး ကမန်းကတန်းထ၍ နံရံ၌ ချိတ်ဆွဲထားသော မှန်ကိုကြည့်လိုက်ရာ မိမိ၏ပင်ကိုယ်ရုပ်ရည် ကို ပြန်လည်မြင်တွေ့လိုက်ရလေ၏။

မောင်သာဒွန်းသည် မှန်ထဲတွင် မြင်တွေ့ရသော ရုပ်ရည် ကို ကြည့်၍လွန်စွာကျေနပ်အားရသွားမိ၏။

မိမိ၏ပျောက်ဆုံးသွားသော ရုပ်ခန္ဓာကြီးကို ပြန်လည်





ရရှိခဲ့ချေပြီ။ သို့သော် မိမိဘဝ၏ ဆွတ်ပျံ့ကြည်နူးဖွယ်ကောင်းသောခံစားမှုများ ကွယ်ပျောက်သွားချေပြီ၊ မောင်သာဒွန်းသည် နံရံ၌ချိတ်ဆွဲထားသော မှန်ကို ကြည့်ရင်း မတင်နွယ်ကိုမေးမြန်းလိုက်၏။

"မတင်နွယ်ရဲ့ ပထမယောကျာ်းကို ကိုသာဒွန်းကို သတိမရဘူးလား"

မတင်နွယ်သည် မောင်သာဒွန်း၏မထင်မှတ်သော မေးခွန်းကြောင့်အံ့သြသွားပြီး

"ပြီးခဲ့တာတွေ ပြီးပါပြီ အစ်ကိုကြီးရယ်၊ ဘာဖြစ်လို့ အဟောင်းကို ပြန်တမ်းတရမှာလဲ၊ ကျွန်မရင်ထဲမှာ အစ်ကိုကြီးပဲရှိနေတယ်"

ဟုပြောလိုက်ရာ မောင်သာဒွန်းသည် အံကို ကြိတ်၍ ကျောခိုင်းထားလျှက်နှင့်ပင် မေးခွန်းထုတ်ပြန်၏။

"သူ့ကို ဘာဖြစ်လို့ကောင်းကောင်း မသင်္ဂြိုဟ်ခဲ့ရသော



www.burmeseclassic.com

www.burmeseclassic.com



လဲ၊ သူ့ကျေးဇူးတွေမင်းအပေါ်မှာ ရှိတယ်မဟုတ်လား”

ဟုမေးမြန်းပြန်၏။ မတင်နွယ်က မောင်သာဒွန်းကို မကျေနပ်ဟန်ဖြင့် ကြည့်၍

“သူ့အကြောင်းတွေ ပြန်မမေးပါနဲ့အစ်ကိုကြီး၊ ကျွန်မ မေ့ထားလိုက်ပြီ”

ဟုပြောလိုက်ရာ မောင်သာဒွန်းက မတင်နွယ်ကို မုန်းတီးရွံရှာဟန်ဖြင့်ကြည့်၍

“မင်းက ကျေးဇူးရှင်ကို ကျေးဇူးတတ်တတ်တဲ့ မိန်းမယုတ်တစ်ယောက်ပဲ၊ နင်ဟာလင်ကြီးရှိလျက်နဲ့ လင်ငယ်နဲ့ဖောက်ပြန်ခဲ့တယ်၊ ကျေးဇူးရှင်လင်ကြီးကို ခါးပြလက်ထဲမှာ သေချင်ရာသေဆိုပြီး ပစ်ထားခဲ့တယ်၊ ပြီးတော့ လင်ငယ်နဲ့ ပျော်ပျော်ကြီးဖောက်ပြန်တယ်၊ နင်ဟာ ရင်နှစ်သည်းချာ သားလေးကိုလဲ လင်ငယ်က နှိပ်စက်တာကို ဥပေက္ခာပြုပြီး မိုးရေထဲမှာ ပစ်ထားခဲ့တယ်၊ သားလေးက မသေသင့်ဘဲ သေခဲ့ရတယ်၊ နင်





ဟာသိပ်ယုတ်မာတဲ့ မိန်းမတစ်ယောက်ပဲ”

ဟုပြောလေရာ မတင်နွယ်က မောင်သာဒွန်း၏ နောက်ကျောကို နားမလည်ဟန်ဖြင့် ကြည့်၍

“ရှင်ဘာတွေပြောနေတာလဲ၊ ကျွန်မအကြောင်းကို ဘာကြောင့် သိနေတာလဲ”

ဟုမေးမြန်းလေ၏။

မောင်သာဒွန်းက မတင်နွယ်ကို ရွံရှာလွန်းသဖြင့် အံကိုကြိတ်၍

“နင်ဟာ တိရစ္ဆာန်ထက်မိုက်တဲ့ ကောင်မ၊ စည်းစိမ်ဥစ္စာတွေကို မြင်တော့ လင်ငယ်ကို သစ္စာဖောက်ပြီး နောက်လင်နောက်ကို လိုက်ဖို့ကြံစည်နေပြန်ပြီ”

ဟုပြောလိုက်ရာ မတင်နွယ်သည် မောင်သာဒွန်းကို စိတ်မထိန်းနိုင်တော့ဘဲ

“ရှင် ကျွန်မကို စည်းစိမ်ဥစ္စာတွေပေးပြီး ဓော်ကားနေ



www.burmeseclassic.com

www.burmeseclassic.com



တာလား၊ မတင်နွယ်ကို ဒီလိုစော်ကားလို့မရဘူးရှင့်”

ဟုအော်ဟစ်ပြောဆိုလေ၏။ ထိုအခါ မောင်သာဒွန်းက ကျောခိုင်းထားလျက်နှင့်

“နင့်ကိုငါစော်ကားနေတာ မဟုတ်ဘူး၊ နင်ကို အပြစ်ဒဏ်ခတ်ဖို့ရောက်လာတာ၊ ငါဘယ်သူလဲဆိုတာ ကြည့်လိုက်စမ်း”

ဟုဆိုကာ မတင်နွယ်ဘက်သို့ လှည့်လိုက်လေ၏။ မတင်နွယ်က ကုလားအဘိုးကြီးအဖြစ်မှ သူ၏ယောကျ်ားပေါင်းအဖြစ်သို့ ပြောင်းလဲသွားသော မောင်သာဒွန်းကို ကြည့်၍

“ဟင်...ရှင်...ရှင်...ဘယ်လိုလုပ်ပြီး ကိုသာဒွန်းဖြစ်သွားရတာလဲ”

ဟုဆိုလိုက်ရာ မောင်သာဒွန်းက

“နင့်တို့နှစ်ယောက်ကို အပြစ်ဒဏ်ခတ်ဖို့အတွက်





ငါ့ရဲ့ရုပ်ကိုပြောင်းလဲလိုက်တာပဲ၊ နင့်ရဲ့လင်ငယ်ကောင် ပျောက်နေတာ နင်သိတယ်မဟုတ်လား၊ လှတိုးကို ကန်တော်ကြီးထဲမှာ ရေနှစ်သတ်လိုက်ပြီ၊ အခုနင့်အလှည့်ပဲကျန်တော့တယ်”

ဟုဆိုလိုက်ရာ မတင်နွယ်သည် ထိတ်လန့်တုန်လှုပ်လွန်းသဖြင့်

“အမလေး မလုပ်နဲ့ ကိုသာဒွန်းရယ်၊ ကျွန်မမှားမိပါတယ်၊ ကျေးဇူးရှင်ကို ပစ်မှားမိပါတယ်၊ ကျွန်မကို ခွင့်လွှတ်ပါနော်၊ ဒီနေ့ကစပြီး ရှင့်ကို ပြန်ပြီးကျေးဇူးဆပ်ပါမယ်”

ဟုတောင်းပန်လေရာ မောင်သာဒွန်းက ခေါင်းခါယမ်း၍

“နင်ဟာငါ့အပေါ်မှာ ရက်စက်ခဲ့တယ်၊ ငါ့ကလေးအပေါ်မှာလည်း မိခင်မေတ္တာမဲ့ခဲ့တယ်၊ ငါ့ခွေးလေးကိုလည်း နင့်လင်ငယ် ရက်ရက်စက်စက် လှံနဲ့ထိုးသတ်ခဲ့တယ်၊ နင့်လို ကောင်မမျိုးဟာ လူလောကမှာ ဆက်ပြီးနေထိုင်ဖို့ မသင့်တော့ဘူး၊ နင့်ဘဝကူးကောင်း အောင်ကို ဆုတောင်းပေတော့”



www.burmeseclassic.com

www.burmeseclassic.com



ဟုဆိုလိုက်ပြီး အသင့်ယူဆောင်လာသော ဂေါ်ရခါးဓား ကောက်ကြီးကို အိတ်ထဲမှ ထုတ်လိုက်၏။

မတင်နွယ်သည်မီးရောင်ဖြင့် တလက်လက် တောက်နေသော ဓားကြီးကို အထိတ်တလန့်ကြည့်၍ မောင်သာဒွန်းကို အကြိမ်ကြိမ် ရှိခိုး၍ တောင်းပန်လေ၏။ မောင်သာဒွန်းသည် မတင်နွယ်ကို ရွံ့ရှာစွာကြည့်၍ အံကို တင်းတင်းကြိတ်ကာ ရင်ဝသို့ ဂေါ်ရခါးဓားကောက်ဖြင့် ဆောင့်ထိုးလိုက်ရာ မတင်နွယ်သည် ငယ်သံပါအောင် အော်ဟစ်ပြီး လဲကျသွားလေ၏။

မောင်သာဒွန်းသည် သွေးအိုင်ထဲတွင် လဲကျမှေးမှောနေသော မတင်နွယ်ကို ကြည့်၍

“မိန်းမယုတ်၊ ငရဲမှာသွားပြီး လင်ငယ်တွေနဲ့ ပျော်ပြန်ပေတော့”

ဟုကြုံးဝါးကာ မျက်ရည်များစီးကျလာလေ၏။ သူ၏ရင်





ထဲတွင်လည်း လွတ်လပ်ပေါ့ပါးသွားသယောင် ခံစားလိုက်ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မတင်နွယ်သေဆုံးမှုနှင့်ပက်သက်၍ အင်းစိန် စီအိုင်ဒီမှ စုံထောက်များက လိုက်လံစုံစမ်းကြလေ၏။

ထို့သို့စုံစမ်းရင်း မတင်နွယ်နေထိုင်သော မြို့ကိုသိရှိသွားလေ၏။ မတင်နွယ်ထံသို့ သံကြိုးရိုက်၍ ရန်ကုန်မြို့သို့ ဆင့်ခေါ်သောမောင်သာဒွန်း၏စာကို ရရှိလေ၏။

ထိုမှတစ်ဆင့် မောင်သာဒွန်း၏ ကန်တော်ကြီးစောင်း





အိမ်ကြီးသို့ လာရောက်စုံစမ်းလေ၏။ စုံထောက်များသည် သဲလွန်စများကို တစ်ခုပြီး တစ်ခုလိုက်လံစုဆောင်းပြီးနောက် လူယုတ်မာလုတိုး ကန်တော်ကြီး၌ ရေနစ်သေဆုံးပုံကို သိရပြန်၏။

ထိုအခါလူသတ်မှုနှစ်ခုစလုံးသည် ကုလားအဘိုးကြီး ဗရာမနှင့် ပက်သက်နေမှန်းရိပ်စားမိသွားလေ၏။ သို့သော် စုံထောက်များသည် ကုလားအဘိုးကြီး၏ သဲလွန်စကို မည်သို့မျှ ရှာမရသဖြင့် အမှုကို ပိတ်သိမ်းသွားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



မောင်သာဒွန်း ရွှေကြုတ်ထဲမှ ဆေးရည်များကို သောက်သုံးပြီး ပျိုရွယ်နုပျိုသော ခန္ဓာကိုယ်ကို ပြန်လည်ရရှိသော တစ်ချိန်တည်းမှာပင် ဟိမဝန္တာတောင်ခြေ၌ တရားကျင့်ကြံနေသောဗရာမဆိုသော ဆာဒူးငယ်လေးသည် ရုတ်တရက်သေဆုံးသွားလေတော့၏။ ထိုအခါ ဗရာမကို ကိုးကွယ်နေသူ အပေါင်းသည် လွန်စွာပူဆွေးသောကရောက်ကြပြီး ဗရာမ၏ အရိုးပြာကို ဂင်္ဂါမြစ်ထဲသို့ မျှောချလိုက်လေတော့၏။

ဇေတာနာတာပေ



မောင်သာဒွန်းသည် ကာလကြာရှည်စွာ ပျောက်ဆုံးနေရာမှ ဇာတိမြို့သို့ ပြန်လည်ရောက်လာသောအခါ တစ်မြို့လုံးက အံ့သြကြလေ၏။

မောင်သာဒွန်းသည် ဝမ်းရောဂါကြောင့် မသေဘဲ မြို့ကို ပြန်လည်ရောက်ရှိလာသည်ဟု သတင်းလွှင့်လိုက်၏။

မောင်သာဒွန်း၏ မိတ်ဆွေများက ဖနိုးနှင့်သားသေဆုံးသွားသော မောင်သာဒွန်းကို ဝမ်းနည်းကြောင်းပြောဆိုကြလေရာ မောင်သာဒွန်း စကားမတုန့်ပြန်ဘဲ ငြိမ်သက်စွာနေခဲ့လေ၏။

မောင်သာဒွန်းသည် မြို့သို့ပြန်ရောက်ပြီး မျှားမကြာမီ မိမိ၏ အိမ်ကြီးနှင့်တကွ ဆီစက်၊ ဆန်စက်များကို ရောင်းချပြီး ပရဟိတလုပ်ငန်းအသီးသီးသို့ လှူဒါန်းခဲ့လေ၏။

မောင်သာဒွန်းကိုယ်တိုင်ကမူ တောရကျောင်းလေး တစ်

ဇေတာနာတာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဆောက်၍သာသနာဘောင်သို့ ဝင်ရောက်သွားလေ၏။ မောင်သာဒွန်းသည် ဝိပဿနာ တရားတော်များကို စိတ်အား ထက်သန်စွာကျင့်ကြံလေရာ မကြာမီ ဝိပဿနာတရားပြ ကောင်းသော ရဟန်းတစ်ပါးအနေဖြင့် နာမည်သတင်း ကျော် ကြားခဲ့လေ၏။

အရာအားလုံးပြီးဆုံးသွားချေပြီ။

(ဘာမှမသိသော)

မင်းမြတ်သူရ

BURMESE CLASSIC .com



www.burmeseclassic.com